# ရှေးဟောင်းမြင့်မြတ်ခန္ဓာမှစတင်၍ (ကျွင်းရှောင်ယောက်)

**မူရင်း စာစဉ်အမည် ; Scoring the Sacred Body of the Ancients from the Get-go**

**မူရင်း စာရေးသူ ; God j**

**ဘာသာပြန် ; နိုင်လင်းအောင်**

အခန်း ( ၄၀၆ ) လုံအိုထျန်း စိမ်းလန်းနေပြန်သည်။

သတင်းကို သိရပြီးနောက် ကျွင်းရှောင်ယောက်သည် မိုးကြိုးမျောက်မျိုးနွယ်မှ ပါရမီရှင်ကို လက်ဝါးတစ်ချက်ဖြင့် တိုက်ရိုက်သတ်ခဲ့သည်။

မင်းသမီးလုံကျိုလည်း ကျွင်းရှောင်ယောက်ကို သဘာဝမကျသော အကြည့်ဖြင့် ကြည့်လေသည်။

ကျွင်းရှောင်ယောက်ဟာ သူမ၏ ရန်သူဖြစ်သော်လည်း ဝန်ခံရန် လိုသည်။

ကျွင်းရှောင်ယောက်မရှိလျှင် သူမ၏ ဤနောက်ကွယ်မှာ ဘယ်သူရှိမှန်း မသိနိုင်ရုံတင်မကဘဲ အသက်ပါ ဆုံးရှုံးသွားနိုင်သည်။

သို့သော်လည်း မင်းသမီးလုံကျိုဟာ ကျွင်းရှောင်ယောက်ကို ဒေါသထွက်နေဆဲပင်။ ကျွင်းရှောင်ယောက်က သူမကို အလွန်အရှက်ခွဲပြီး သူမခန္ဓာကိုပင် မြင်ခဲ့သည်။

“နောက်ကွယ်မှာ ဘယ်သူလဲဆိုတာ အခု မင်းသိပြီဆိုတော့ မင်းဒဏ်ရာတွေကို အရင်ကုသင့်တယ်၊ ပြီးရင် လက်စားချေဖို့

သွားရမယ်။ မင်းနဲ့ငါကြားက မကျေနပ်မှုတွေကိုတော့ အားလုံးပြီးမှ မင်းကို စိန်ခေါ်ဖို့ အခွင့်အရေးပေးမယ်"

ကျွင်းရှောင်ယောက်က တည်ငြိမ်သော လေသံဖြင့် ဆိုသည်။

ကျွင်းရှောင်ယောက်၏ စကားကိုကြားသော် မင်းသမီးလုံကျိ တိတ်ဆိတ်သွားခဲ့သည်။

ကျွင်းရှောင်ယောက်ကို ဘယ်လိုလူမှန်း သူမ မမြင်နိုင်တော့ပေ။

သူဟာ လူကောင်းမဟုတ်ဘဲ တကယ်ကို ဆိုးရွားလွန်းသူ ဖြစ်သည်။

သို့သော်လည်း ယခုတစ်ကြိမ်တွင် ကျွင်းရှောင်ယောက်က သူမကို ကယ်တင်ရုံသာမကဘဲ

ကြိုးကိုင်သူကိုလည်း ရှာဖွေပေးနေပြန်သည်။

ရန်သူနှင့် ပြိုင်ဘက်အနေဖြင့် ကျွင်းရှောင်ယောက်ဟာ သူမသေဆုံးသည်ကို ထိုင်ကြည့်နေရုံဖြစ်ပြီး ဘာမျှလုပ်ရန် မလိုပေ။

"မင်းရဲ့ ဒဏ်ရာတွေကို မင်းကိုယ်တိုင်ပဲ သွားကုလိုက်၊ ငါက မင်းရဲ့ဒဏ်ရာတွေကို ကုပေးမှာ မဟုတ်ဘူး"

ကျွင်းရှောင်ယောက် လှည့်ထွက်သွားခဲ့သည်။

ကျွင်းရှောင်ယောက် ပြန်ထွက်သွားသည်ကိုကြည့်ကာ မင်းသမီးလုံကျိုလည်း  အနည်းငယ် ဝေခွဲမရ ဖြစ်သွား၏။

အချိန်အတော်ကြာပြီးနောက် လေးလေးနက်နက်

သက်ပြင်းချကာ ပြောလိုက်လေသည်။

"ကျွင်းရှောင်ယောက်၊ နင် ဘယ်လိုလူစားမျိုးလဲ"

သက်ပြင်းချရင်း၊ မင်းသမီးလုံကျိလည်း
ချိုင့်ဝှမ်းထဲသို့ ပြန်ဝင်လာကာ
လေ့ကျင့်လိုက်လေသည်။

အိုလွှမ်ကိုတော့ သွေးဖြင့် ပေးဆပ်မည်ဟု သူမ
ကျိန်ဆိုခဲ့သည်။

အခြားတစ်ဖက်တွင် လဲ့မင်ယွမ်က
ကျွင်းရှောင်ယောက်ကို ချစ်ကြောက်ရိုသေမှုများဖြင့်
ကြည့်လိုက်သည်။ ယင်းမှာ ပြင်းထန်လွန်း၍
မဖယ်ရှားနိုင်တော့ပေ။

"သခင်လေး၊ ခင်ဗျားက တကယ်ကို

အံ့သြစရာကောင်းတယ်။ ခင်ဗျားအပေါ် ကျုပ်ရဲ့ လေးစားမှုတွေကတော့ တဟုန်ထိုးစီးဆင်းနေတဲ့ ဒီရေအလား ဖြစ်နေခဲ့ပါပြီ"

လဲ့မင်ယွမ်က လေးလေးစားစား ပြောလိုက်သည်။

ကျွင်းရှောင်ယောက်ကမူ ခေါင်းခါယမ်းပြီး ပြုံးရုံပြုံးကာ ပြော၏။

"ဒါက ဘာမှမဟုတ်ပါဘူး။ တစ်ခါတလေမှာ အမျိုးသမီးတွေက ရှုပ်ထွေးပေမဲ့ တစ်ခါတရံလည်း အရမ်းရိုးရှင်းတယ်။ ချက်သိရင် သူတို့ကို ထိန်းချုပ်ဖို့က မခက်ပါဘူး"

"ဘယ်လိုပဲဖြစ်ဖြစ် ဒါကို သခင်လေးနတ်ဘုရားသားတော်ပဲ အလွယ်တကူ လုပ်နိုင်မှာကို ကြောက်ရတယ်"

လဲ့မင်ယွမ်က ပြောလိုက်သည်။

ကျွင်းရှောင်ယောက်သာ ထိုသို့လုပ်ရည်
စွမ်းရည်ရှိပေသည်။ ဤနေရာတွင်
တခြားယောက်ျားဖြစ်လျှင် မင်းသမီးလုံကျိကို
နောက်တစ်ခေါက် ကြည့်နိုင်တော့မည် မဟုတ်ပေ။

"ဟား၊ မင်းသမီးလုံကျိက ကိရိယာတစ်ယောက်ပါပဲ။
နောက်တော့ လုံအိုထျန်းရဲ့ အခြေအနေကို
ငါကြည့်မယ်။ အံ့သြစရာကောင်းတဲ့ အမွှာနဂါး
တိုက်ပွဲကိုတောင် ငါတို့
ကြည့်ကောင်းကြည့်ရနိုင်တယ်"
ကျွင်းရှောင်ယောက်က ပြုံးပြီး ပြောလိုက်သည်။

တိုက်ရိုက် ရိုက်ထုတ်ခြင်းနှင့်ယှဉ်လျှင် ရန်သူကို
လက်ဝါးထဲထည့်ပြီး ကစားရသည့် ခံစားချက်က
ပိုကောင်းသည်ဟု ထင်ရသည်။

ဤအခိုက်တွင် ကျွင်းရှောင်ယောက်က
အခြေအနေတစ်ခုလုံးကို ထိန်းချုပ်ထားသော
နတ်ဘုရားနှင့်တူသည်။

တစ်ဖက်တွင်၊ လုံအိုထျန်းက ထိုအဖြစ်အပျက်များကို
လုံးဝသတိမထားမိပေ။

ရှန်းကုတာအိုရေကန် ပေါက်ကွဲသောအခါ
အခွင့်အလမ်းများကို ဆုပ်ကိုင်ရန်အတွက်
အကောင်းဆုံး လေ့ကျင့်နေသည်။

အိုလွှမ်နှင့် ပိုင်မေအာအတွက်မူ လုံအိုထျန်းက
မည်သည့်အရာမှ မကန့်သတ်ထားဘဲ ၎င်းတို့၏
အခွင့်အလမ်းများကို ရှာဖွေနိုင်သည်။

ထိုအချိန်တွင် ပိုင်မေအာ၏ အသံက အဝေးမှ ထွက်ပေါ်လာသည်။

"အစ်ကို အိုထျန်း"

လုံအိုထျန်းက မျက်လုံးဖွင့်ပြီး ပိုင်မေအာကိုကြည့်ကာ ပြောလိုက်သည်။

"မေအာ ပြန်လာပြီလား၊ သိပ်မကြာခင် ငါတို့ ရှန်းကုတာအိုရေကန်ကို သွားရတော့မယ်"

သို့သော်လည်း ပိုင်မေအာ၏ အမူအရာက သဘာဝမကျပေ။

ယင်းကို လုံအိုထျန်းလည်း သတိထားမိသွားသည်။

သူက မျက်မှောင်ကြုတ်ကာ မေးသည်။

"မေအာ၊ ဘာဖြစ်လို့လဲ၊ မင်းကို
တစ်ယောက်ယောက်က အနိုင်ကျင့်လိုက်တာလား"

ပိုင်မေအာက သူမခေါင်းကို အနည်းငယ်ခါယမ်းကာ
ပြောလေသည်။

"မဟုတ်ပါဘူး၊ ဒါကလေ... အစ်ကို အိုထျန်း၊ ကျွန်မ
အပြင်မှာ အခွင့်အလမ်းတွေရှာနေတဲ့အချိန်
မမြင်သင့်တဲ့အရာတစ်ခုကို
မတော်တဆတွေ့လိုက်ရလို့ပါ"

"မမြင်င့်ဘူးဆိုတာ မင်းဘာကိုဆိုလိုတာလဲ"
လုံအိုထျန်း ပဟေဠိဖြစ်သွား၏။

"အစ်ကို အိုထျန်း၊ မေအာ ရှင့်ကိုပြောပြရမယ်ဆိုတာ
သိပေမယ့် အရမ်းစိတ်မလှုပ်ရှားဖို့ မျှော်လင့်ပါတယ်"

ပိုင်မေအာက တုံ့ဆိုင်းသွားသည်။

"ဘာဖြစ်လို့လဲ၊ ငါ့ကိုပြောပါ။ အခု
ငါ့ရဲ့စိတ်နေစိတ်ထားက ကောင်းနေတုန်းပဲ"
လုံအိုထျန်းက ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။

အမှန်လည်း သူ့စရိုက်က မဆိုးသလို ခိုင်မာသော
တာအိုနှလုံးသား ရှိသည်။ မဟုတ်ပါက
ကံကောင်းခြင်းတစ်ခုတည်းဖြင့် ဤနေရာကို
ရောက်လာနိုင်မည် မဟုတ်ပေ။

"ဟင်း..."
ပိုင်မေအာက သက်ပြင်းတစ်ချက်ချပြီး
အလင်းနှင့်အရိပ်ကျောက်တုံးကို ထုတ်လိုက်သည်။

"ဒါက ကျွန်မ မတော်တဆတွေ့ခဲ့တာပါ၊ ပြီးတော့ အဲဒါကို တိတ်တဆိတ် မှတ်တမ်းတင်ခဲ့တယ်"

ထို့နောက်တွင် အလင်းနှင့်အရိပ် ကျောက်တုံးက တဖျပ်ဖျပ်ခတ်ကာ မြင်ကွင်းများ တစ်ခုပြီးတစ်ခု ပေါ်လာသည်။

ပထမဆုံးမြင်ရသည့် မြင်ကွင်းမှာ မင်းသမီးလုံကျိကို ပွေ့ဖက်ထားသော ကျွင်းရှောင်ယောက်၏ပုံ ဖြစ်သည်။

မူလက လုံအိုထျန်း၏မျက်နှာတွင် အပြုံးတချို့ ရှိနေဆဲပင်။

သို့သော်လည်း ဤအခိုက်တွင် သူ လုံးဝအေးခဲသွားပြီး မျက်လုံးများ တဖြည်းဖြည်း ကျယ်လာသည်။ သူ့မျက်လုံးမှ သွေးကြောများလည်း တစ်ခုပြီးတစ်ခု

ရုန်းကြွလာတော့သည်။

"ဒါ...ဒါက..."

လုံအိုထျန်း၏ မျက်လုံးများက ပြူးကျယ်ကာ မြင်ကွင်းကို အသေအချာ စိုက်ကြည့်လိုက်သည်။

ကျွင်းရှောင်ယောက်၏ ရင်ခွင်ထဲမှ အလှလေးမှာ မင်းသမီးလုံကျမဟုတ်လျှင် မည်သူနည်း။

ဘိုးဘွားနဂါးသိုက်သည် ယခင်က လုံအိုထျန်းအတွက်ကျွင်းရှောင်ယောက်၏ အားသာချက် အမျိုးမျိုးနှင့်ပုံပန်းသဏ္ဍာန်ကို ဂရုတစိုက် ခွဲခြမ်းစိပ်ဖြာခဲ့သဖြင့် အနီ အဖြူရောင်ဝတ်လူငယ်သည် ကျွင်းရှောင်ယောက်ဖြစ်မှန်း သိခဲ့သည်။

သို့သော်လည်း ထိုသို့သိလေ၊ အလွန်တုန်လှုပ်လေပင်။

"ဒါက ဘယ်လိုဖြစ်နိုင်မှာလဲ"

လုံအိုထျန်း မထိန်းချုပ်နိုင်တော့ပေ။ စိတ်တိုလွန်း၍ သူ့အသံသည်ပင် တုန်သွားသည်။

မင်းသမီးလုံကျိုက ကျွင်းရှောင်ယောက်နှင့် မည်သို့ ရောထွေးသွားသနည်း။

ယင်းက အဓိပ္ပါယ်မရှိပေ။

ပိုင်မေအာဟာ လုံအိုထျန်း၏အခြေအနေကို မြင်ရပြီးနောက် တိတ်တဆိတ် လှောင်ရယ်လိုက်သည်။ သို့သော်လည်း သူမ၏ မျက်နှာမှာတော့ မယုံနိုင်မှုများ ရှိနေလေသည်။

"ဟုတ်တယ်၊ ကျွန်မလည်းမယုံနိုင်ဘူး၊ မင်းသမီးလုံကျိုနဲ့ ကျွင်းရှောင်ယောက်က သေခြင်းရန်သူတွေ မဟုတ်ဘူးလား၊ သူတို့ အချင်းချင်း ဘယ်လို ပေါင်းနိုင်မှာလဲ"

"ဒါပေမယ့် ကျွန်မ အမှောင်ထဲမှာ မတော်တဆ တွေ့ခဲ့တာက မင်းသမီးလုံကျိုဟာ သတ်ဖြတ်ခြင်းဝက်ပါတစ်ခုထဲ ဝင်မိသွားလို့ ဒဏ်ရာအပြင်းအထန် ရခဲ့တယ်။ အဲဒီအချိန်မှာ ကျွင်းရှောင်ယောက်က ကယ်တင်ခဲ့တာပဲ"

ပိုင်မေအာ၏ စကားကိုကြားတော့ လုံအိုထျန်း အသက်ပြင်းပြင်းရှူလိုက်သည်။

သူသည် ရုပ်ပုံများကို သေသေချာချာ ကြည့်လိုက်၏။

၎င်းက လှည့်စားခြင်း သို့မဟုတ် ပုံရိပ်ယောင်များ
မဟုတ်သည်မှာ သေချာသည်။

သို့ရာတွင် လုံအိုထျန်း စိတ်မအေးသေးမီ…

ရှူးလောက်စရာမြင်ကွင်းတစ်ခု ပေါ်လာသည်။
ဤတစ်ခါတော့ သူ၏ အတွင်းအင်္ဂါများ
လောင်ကျွမ်းလုနီးအထိ ဒေါသဖြစ်သွားရချေပြီ။

ထိုမြင်ကွင်းမှာ ကျွင်းရှောင်ယောက်က
မင်းသမီးလုံကျိကို ကုသပေးနေသော မြင်ကွင်းတစ်ခု
ဖြစ်သည်။

မင်းသမီးလုံကျိ၏ သွယ်လျသောခန္ဓာကိုယ်ကို
ကျွင်းရှောင်ယောက်က ကာဆီးထားလေသည်။

သို့သော်လည်း မြင်နေရသော နှင်းဖြူပြခုံးသားများမှ မင်းသမီးလုံကျို၏ ခန္ဓာကိုယ်အပေါ်ပိုင်းတွင် အဝတ်ဗလာဖြစ်သင့်ကြောင်း မြင်နိုင်သည်။

ဤမြင်ကွင်းကို မြင်လိုက်ရတော့ လုံအိုထျန်း၏ မျက်နှာဟာ နီရဲလာပြီး ဒေသဖြစ်လွန်း၍ သွေးများအန်ထွက်လာတော့သည်။

"ချီးပဲကွ"

လုံအိုထျန်း ကောင်းကင်မော့ကာ ဟိန်းဟောက်လိုက်ပြီး အရှိန်အဝါများကလည်း သူ့တစ်ကိုယ်လုံးမှ ပေါက်ကွဲထွက်လာခဲ့သည်။

ယခုအချိန်တွင် မင်းသမီးလုံကျိုကို မုန်းရမလား သို့မဟုတ် ကျွင်းရှောင်ယောက်ကို မုန်းတီးရမလားပင်

မသိတော့ပေ။

လုံအိုထျန်းဟာ သူ့ဦးခေါင်းထိပ်တွင် စိမ်းလန်းစိုပြေသည့် မြက်ခင်းပြင်ကြီးဖြစ်နေပြီဟု ခံစားလိုက်ရသည်။

မင်းသမီးလုံကျိုသည် သူနှင့် ခိုင်လုံသော ဆက်ဆံရေး မရှိသော်လည်း...

လုံအိုထျန်း၏ နှလုံးသားတွင် မင်းသမီးလုံကျိုက သူ၏ အစိကကြင်ယာ ဖြစ်နေပြီ ဖြစ်သည်။

သူ့မိန်းမကို အခြားယောက်ျားတစ်ဦး ပွေ့ဖက်နေခြင်းအား မြင်ရခြင်းမှာ လုံအိုထျန်းအတွက် ခံရခက်လှသည်။

အရေးကြီးဆုံးက ဤလူမှာ သေခြင်းရှင်ခြင်းရန်သူ ဖြစ်နေခဲ့ခြင်းပင်။

"မုန်းစရာကောင်းလိုက်တဲ့ ခွေးမ မင်းသမီးလုံကျို၊ ငါ့တုန်းက အရမ်းအေးစက်ပြီး တည်ငြိမ်လွန်းပေမယ့် အခုတော့ ကျွင်းရှောင်ယောက်နဲ့ အတူရှိနေပြီ"

လုံအိုထျန်း မုန်းတီးမှုဖြင့် ရှုံ့သွပ်သွားကာ စွမ်းအင်များ တဟုန်ထိုး တက်လာ၍ ပတ်ဝန်းကျင် ဟင်းလင်းပြင်သည်ပင် တုန်ခါသွားခဲ့ရသည်။

သူ မတရား မုန်းသွားသည်။

မင်းသမီးလုံကျိုသည် သူ့ရှေ့တွင် အေးစက်စက်ဟန်ဆောင်ပြီး လက်ချောင်းများကိုပင် မထိရဲခဲ့ပေ။

ရလဒ်အနေဖြင့် သူရည်ရွယ်ထားသော ဂေါ်ဖီထုပ်ကို ကျွင်းရှောင်ယောက်မှ ဦးစွာရိတ်သိမ်းသွားခဲ့ပြီ ဖြစ်သည်။

ဟာရမ်ဘုရင်ဖြစ်ရန် စိတ်ပိုင်းဖြတ်ထားသည့် လုံအိုထျန်းကဲ့သို့ လူတစ်ယောက်အတွက် ဤအခြေအနေမှာ လုံးဝ လက်ခံနိုင်ဖွယ်မရှိပေ။

လုံအိုထျန်း၏ မုန်းတီးမှုအပြည့်ဖြင့် အသွင်အပြင်ကို မြင်ရသောအခါ ပိုင်မေအာ၏ မျက်လုံးများက လျှောင်ပြောင်မှုများ ပြည့်နှက်သွားခဲ့သည်။

'ဟုတ်တာပေါ့၊ ဒီလုံအိုထျန်းက ကျွင်းသခင်လေးနဲ့ လုံးဝ မယှဉ်နိုင်ဘူး။ သူက ဦးနှောက်မရှိတဲ့ မိုက်မဲသူတစ်ယောက်ပဲ'

ပိုင်မေအာက နှလုံးသားထဲမှ ပြောလိုက်သည်။

ယခင်က သူမ စိတ်လွတ်သွားသကဲ့သို့ ပိုပိုပြီး ခံစားလာခဲ့ရလေသည်။ ဤမျှ မိုက်မဲသောသူကို သူ ဘယ်လိုလုပ်ပြီး ကြိုက်ခဲ့မိတာလဲ။

ဆန့်ကျင်ဘက်အားဖြင့် ကျွင်းရှောင်ယောက်က သူ့ပတ်ဝန်းကျင်တွင် မရေမတွက်နိုင်သော အလှလေးများ ရှိနေသော်လည်း ၎င်းတို့ကို ဘယ်သောအခါမှ မလွမ်းဆွတ်ခဲ့ပေ။

ကျွင်းရှောင်ယောက်ဟာ ပိုင်မေအာ၏ နှလုံးသားထဲတွင် မီးနှင့်မကာစားသည့် အဖြူရောင်လနှင့် တူသည်။

--------

အခန်း ( ၄၀၇ ) မင်း ငါ့ကို သည်းမခံနိုင်ပေမဲ့ ငါ့ကို မသတ်နိုင်တဲ့နည်းကို ငါကြိုက်တယ်။

ဒေါသဖြစ်လွန်း၍ လုံအိုထျန်း၏ အတွင်းကလီစာများ နာကျင်သွားသည်။

ဤကိစ္စ၏ စစ်မှန်မှုကို သူ သံသယမဝင်ပါ။

ပထမအချက်က ပိုင်မေအာကို သူယုံသည်။ ပိုင်မေအာသည် သူ့ကို ရူးခါနေအောင်ချစ်၍ ဘယ်တော့မှ လိမ်မည်မဟုတ်ပေ။

ဒုတိယက လုံအိုထျန်းဟာ အလင်းနှင့်အရိပ်ကျောက်တုံးကို ဂရုတစိုက်

စစ်ဆေးခဲ့ပြီး လုံးဝ အတုမဟုတ်ပါချေ။

အရာအားလုံးက အမှန်ပင် ဖြစ်သည်။

"ဒါက ဘယ်လိုဖြစ်ရတာလဲ။ မင်းသမီးလုံကျိက
တခြားယောက်ျားတွေနဲ့ ချစ်မိသွားတယ်ဆိုရင်တောင်
ကျွင်းရှောင်ယောက်ကိုတော့ ချစ်မိမှာ မဟုတ်ဘူး"
လုံအိုထျန်းက သုန်မှုန်နေသောမျက်နှာဖြင့်
ပြောလိုက်သည်။

ယင်းက သူ နားမလည်နိုင်ဆုံး အရာ ဖြစ်သည်။

မင်းသမီးလုံကျိနှင့် ကျွင်းရှောင်ယောက်တို့၏
မကျေနပ်မှုများကို သူကောင်းကောင်းသိသည်။

မင်းသမီးလုံကျိုသာ လုံး၀ လမ်းမရှိတော့လျှင် ကျွင်းရှောင်ယောက်နှင့် ပေါင်းသင်းရန် မဖြစ်နိုင်ပါချေ။

"ဒါကို ကျွန်မလည်း မယုံပါဘူး။ ဒါပေမယ့် မြင်ရမှတော့ မယုံလို့မရဘူးလေ၊ နောက်ပြီး ကျွန်မ အစ်ကိုအိုထျန်းကို လှည့်စားနေတာ မဟုတ်ပါဘူး" ပိုင်မေအာက ခေါင်းလေးငုံ့ကာ ပြောလိုက်သည်။

"ဟုတ်ပါတယ်မေအာ၊ ငါ မင်းကို ယုံတယ်" လုံအိုထျန်းက မင်းသမီးလုံကျိုကို ချစ်မြတ်နိုးသော မျက်လုံးများဖြင့် ကြည့်လိုက်သည်။

သူဟာ မင်းသမီးလုံကျိုကို အလွန်ဒေါသထွက်သွားသော်လည်း ကံကောင်းထောက်မစွာဖြင့် အနားတွင်

ပိုင်မေအာရှိသည်။

သို့ရာတွင် လုံအိုထျန်းက အနာဂတ်မှာ အမှန်တရားကို သိပြီး ပိုင်မေအာလည်း ကျွင်းရှောင်ယောက်၏ လူတစ်ယောက်ဆိုတာ သိသွားခဲ့လျှင် သူ မည်သို့တုံ့ပြန်မလဲ။

လုံအိုထျန်း၏ မျက်နှာပေါ်ရှိ ချစ်ခင်ကြင်နာမှုကို မြင်လျှင် ယခင်က ပိုင်မေအာဖြစ်ပါက အလွန်ပျော်ရွှင်နေမိမည် ဖြစ်သည်။

ယခုမူ သူမ နှလုံးသားထဲတွင် ပျို့အန်ချင်စိတ်မှလွဲ၍ ဘာမှ မခံစားရတော့ပေ။

ကျွင်းရှောင်ယောက်၏ တာဝန်ကို ပြီးမြောက်အောင်လုပ်ရန်သာ မဟုတ်ပါက

လုံအိုထျန်း၏ အနားမှာ ခဏာပင်နေမည် မဟုတ်ပေ။

"ဘာပဲဖြစ်ဖြစ် ဒီခွေးမကို ငါရှင်းပစ်ရမယ်၊ နောက်ပြီးတော့ ကျွင်းရှောင်ယောက်၊ ငါသူ့ကိုလည်း သတ်ရမယ်"

လုံအိုထျန်း၏ မျက်လုံးများက သတ်ဖြတ်ချင်စိတ်များ ပြည့်နှက်သွားသည်။

လုံအိုထျန်းက သူ့ကို သဘောကျသော်လည်း အကန့်အသတ်ရှိသည်။

ကျွင်းရှောင်ယောက်ထိထားသော အမျိုးသမီးကို သူထပ်လိုချင်ပါက သူဟာ လက်ခံကောင်ဖြစ်လာမည် မဟုတ်ပါလား။

သို့သော်လည်း ဒေါသပြေစေရန် ဖိအားပေး၍

အမျိုးသမီးကျွန်အဖြစ် အသုံးပြုပါက ဖြစ်နိုင်ဆဲ ဖြစ်သည်။

ကျွင်းရှောင်ယောက်ကတော့ သူ့မျက်လုံးထဲမှာ သေချာပေါက် သေရပေလိမ့်မည်။

လုံအိုထျန်းက ဒေါသတကြီးဖြင့် ပိုင်မေအောကို ကျွင်းရှောင်ယောက်ထံသို့ ခေါ်သွားစေတော့မည်တွင်...

အိုလွမ် ပေါ်လာသည်။

"သခင်လေး လုံ"

"မိန်းကလေး အိုလွမ်၊ မင်းလည်း ပြန်လာပြီ"

အိုလွမ် ပြန်လာသည်အား မြင်ရသောအခါ လုံအိုထျန်း

အနည်းငယ် ငြိမ်သက်သွားသည်။

သူသည် မင်းသမီးလုံကျိကို ဆုံးရှုံးလိုက်ရသော်လည်း ဤမိန်းကလေးများမှာ မဆိုးလှပေ။

အိုလွမ်ဆိုလျှင်လည်း မင်းသမီးလုံကျိလောက် မထူးချွန်လျှင်ပင် လှပနေဆဲ ဖြစ်သည်။

ထို့ပြင်၊ သူမက အလွန်အစွမ်းထက်ပြီး ရှန်းကုကမ္ဘာ၌ သူ့အတွက် ကြီးမားသောအကူအညီ ဖြစ်နိုင်သည်။

"သခင်လေး လုံ၊ ဘာဖြစ်လို့လဲ..."

အိုလွမ်က အဖြေကို တွေးမိသော်လည်း မေးလိုက်ဆဲပင်။

"ငါတစ်ယောက်ယောက်ကို သွားသတ်မလို့"
လုံအိုထျန်းက သတ်ဖြတ်ချင်စိတ်များဖြင့်
ပြောလိုက်သည်။

အိုလွမ်လည်း ရှေ့သို့တိုးကာ ပြောလိုက်သည်။
"လုံသခင်လေး၊ ရှန်းကုတာအိုရေကန်
ပေါက်ကွဲတော့မယ်။ ဒီအချိန်မှာ ရှင်ထွက်သွားရင်
အခွင့်အရေးကို လက်လွတ်ဖို့ သွားနိုင်တယ်။ ရှင်
ဒဏ်ရာရရင်တော့ အခွင့်အရေးကို လက်လွှတ်ဖို့
ပိုလွယ်လိမ့်မယ်"

အိုလွမ်၏ စကားကြောင့် လုံအိုထျန်း အနည်းငယ်
ငြိမ်သက်သွားခဲ့သည်။

နောက်ဆုံးတွင် သူ၏ ယခင်အစီအစဉ်က
ရှန်းကုတာအိုရေကန်သို့သွားကာ အခွင့်အလမ်းများ

ရယူပြီးမှ ကျွင်းရှောင်ယောက်ကို သတ်ဖြတ်ရန်
ဖြစ်သည်။

အကယ်၍ အခုသွားမည်ဆိုလျှင် လုံအိုထျန်းအနေဖြင့်
ကျွင်းရှောင်ယောက်ကိုသတ်နိုင်ရန် မသေချာပေ။

"လုံသခင်လေး ဆန္ဒမစောပါနဲ့၊
ရှန်းကုတာအိုရေကန်မှာ ကျွန်မတို့ရဲ့ နဂါးမျိုးနွယ်
စွမ်းအားတွေ ရှိနေတုန်းပဲ"

"တကယ်လို့ အခွင့်အလမ်းကို ရယူပြီးမှ
လက်စားချေချင်ရင် နဂါးမျိုးနွယ်ကလည်း
ကူညီပေးနိုင်ပါတယ်"

အိုလွမ်က ရိုးရိုးသားသား ပြောလိုက်သည်။

အိုလွမ်က သူ့ကို လွန်စွာဂရုစိုက်ကြောင်း

မြင်ရသောအခါ အိုလွမ်၏နှလုံးသားထဲမှ
ဒေါသများက ခဏတာ ငြိမ်သက်သွားသည်။

"စိုးရိမ်ပေးတာ ကျေးဇူးတင်ပါတယ်
မိန်းကလေးအိုလွမ်"
လုံအိုထျန်းက ပြောလိုက်သည်။

"လုံသခင်လေးက ယဉ်ကျေးလွန်းပါပြီ။
လုံသခင်လေးရဲ့ အသက်ကယ်ခဲ့တဲ့ ကျေးဇူးနဲ့ယှဉ်ရင်
ဒီဆုလာဘ်က ဘာမှမဟုတ်ပါဘူး"
အိုလွမ်လည်း အနည်းငယ်ရှက်ကာ ခေါင်းငုံ့သွားသည်။

"ကောင်းပြီလေ၊ ရှန်းကုတာအိုရေကန် ပြီးရင် သူတို့နဲ့
အကြွေးရှင်းရမယ်"
လုံအိုထျန်းက အေးစက်စက်ဖြင့် ပြောလိုက်သည်။

သူ စိတ်ပိုင်းဖြတ်ပြီးပြီ။

မင်းသမီးလုံကျိုကို ပြင်းပြင်းထန်ထန် ဖိနှိပ်ပြီး ကျွန်မိန်းကလေးအဖြစ်သို့ ပြောင်းလဲရမည် ဖြစ်သည်။

ကျွင်းရှောင်ယောက်ကတော့ သူ့ကို သတ်ပစ်ရမှ သူ့ဒေါသများ ပြေနိုင်ပေလိမ့်မည်။

ဘေးမှကြည့်နေသော ပိုင်မေအာကတော့ သူမစိတ်ထဲမှ လှောင်ရယ်နေသည်။

လုံအိုထျန်းက ကျွင်းရှောင်ယောက်၏ လက်ထဲတွင် လူပြက်တစ်ဦးနှင့် မခြားပေ။

ထို့နောက် ပွဲလာကြည့်မည့်အချိန်ကို စောင့်ရုံသာ ရှိသည်။

.........

မျက်စိတစ်မှိတ်အတွင်းမှာ နောက်ထပ် ခုနစ်ရက်၊ ရှစ်ရက်ခန့် ကြာသွားခဲ့လေသည်။

မင်းသမီးလုံကျို၏ ဒဏ်ရာများလည်း နောက်ဆုံးတွင် ပြန်လည်ကောင်းမွန်လုနီး ဖြစ်နေပြီ ဖြစ်သည်။

မင်းသမီးလုံကျိုက အမြန်ပြန်ကောင်းလာရသည့် အကြောင်းရင်းမှာ
သူမကနဂါးမျိုးနွယ်မှဖြစ်သည့်အပြင်
ရှေးဟောင်းနဂါးပြာကေရာဇ်၏
သွေးတစ်စက်ကိုလည်း သန့်စင်ထား၍

ပြန်လည်ကောင်းမွန်နိုင်စွမ်းမှာ
အလွန်ပြင်းထန်၍ဖြစ်သည်။

ထို့ပြင် ရှေးဟောင်းလူထူးဆန်းတစ်ယောက်အနေဖြင့်
သူဟာ ရှားပါးသော ဆေးပင်များကို အသုံးပြုနိုင်စွမ်း
ရှိထားခဲ့ပေသည်။ သူဟာ သူ့ကိုယ်သူ
ပြန်လည်ကောင်းမွန်လာစေရန်
အင်မော်တယ်ဆေးကိုပင် အသုံးပြုခဲ့သည်။

ဒုတိယအချက်မှာ ယခင်က သူမ
သတိလစ်မေ့မျောနေချိန် ကျွင်းရှောင်ယောက်မှ
ကုသပေးခဲ့သောကြောင့်ဖြစ်သည်။
ထိုအတွက်ကြောင့်လည်း သူမ၏
ပြန်လည်ကောင်းမွန်မှုက ပို၍ မြန်ဆန်ခဲ့ပေသည်။

မင်းသမီးလုံကျိ ချိုင့်ဝှမ်းအတွင်းမှ

ထွက်လာသောအခါ ချောက်ကမ်းပါးပေါ်တွင် အင်မော်တယ်တစ်ပါးကဲ့သို့ တည်ငြိမ်စွာ တင်ပျဉ်ခွေထိုင်နေသော ကျွင်းရှောင်ယောက်ကို တွေ့လိုက်ရသည်။

ကျွင်းရှောင်ယောက်က လက်ဖက်ရည်ကို အေးအေးဆေးဆေး သောက်နေသည်။

လက်ဖက်ရွက်ကမူ လှဲ့မင်ယွမ် ခက်ခက်ခဲခဲ ခူးယူရသည့် အဖိုးတန် လက်ဖက်ရွက် ဖြစ်သည်။

ကျွင်းရှောင်ယောက်၏ တည်ငြိမ်သော အမူအရာကို မြင်လိုက်ရသော် မင်းသမီးလုံကျိ တိတ်တဆိတ် အံ့ကြိတ်လိုက်သည်။

အကြောင်းတစ်ခုခုကြောင့် မင်းသမီးလုံကျိဟာ

ချောမောလှသော ထိုမျက်နှာကို
လက်သီးနှင့်ထိုးချင်စိတ် ဖြစ်နေမိသည်။

ယခင်က အရက်တရားများကို တွေးမိသောအခါ
မင်းသမီးလုံကျိထံမှ အရှိန်အဝါများ မပေါက်ကွဲဘဲ
မနေနိုင်တော့ပေ။

အစစ်အမှန်နတ်ဘုရားနယ်ပယ် သေးငယ်သော
ပြီးပြည့်စုံမှု ကျင့်ကြံခြင်းအခြေခံက ရှန်းကုကမ္ဘာရှိ
ပါရမီရှင်အားလုံးကြားတွင် ထိပ်တန်းစာရင်းဝင်ရန်
လုံလောက်သည်။

သို့ရာတွင် ကံမကောင်းစွာဖြင့် သူမဟာ
ကျွင်းရှောင်ယောက်ကို ရင်ဆိုင်ခဲ့ရသည်။

မင်းသမီးလုံကျိထံမှ ထွက်ပေါ်လာသော အရှိန်အဝါကို

ခံစားရသောအခါ ကျွင်းရှောင်ယောက်က လက်ဖက်ရည်ခွက်ကို ဖြည်းညှင်းစွာချပြီး တည်ငြိမ်စွာဖြင့် ပြောလိုက်သည်။

"မိုးရွာပြီးရင် ကောင်းကင်က ကြည်လင်မယ်။ မင်း ထပ်လုပ်နိုင်မယ် ထင်တာလား"

ကျွင်းရှောင်ယောက်၏ မထီမဲ့မြင်ပြုသော စကားကြားတော့ မင်းသမီးလုံကျိဟာ ပို၍ပင် ဒေါသထွက်လာသည်။ ယခုအခါ သူမ၏ မြင့်မြတ်ပြီး ကျက်သရေရှိသော အနေအထားလည်း မရှိတော့ပေ။

သူဟာ လှုပ်ရှားမှုတစ်ခု ပြုချင်သော်လည်း မျိုးနွယ်ကြီးလေးခု၏ ပါရမီရှင်များကို ကျွင်းရှောင်ယောက်မှ ချက်ခြင်းသတ်ခဲ့သည့် မြင်ကွင်းကို တွေးလိုက်သောအခါ ပြန်လည် ငြိမ်သက်သွားခဲ့သည်။

မိုးချုပ်ပြီး ကောင်းကင်က ကြည်လင်နေတယ်။ မင်းထပ်လုပ်နိုင်မယ်ထင်လား"

သူ၏ ဒဏ်ရာမှ ပြန်လည်သက်သာလာသော်လည်း ကျွင်းရှောင်ယောက်၏ ကျင့်ကြံခြင်းအခြေခံမှာ လုံးဝ နားလည်၍မရပေ။

'သူက အစစ်အမှန်နတ်ဘုရားနယ်ပယ် ကြီးမားသော ပြီးပြည့်စုံခြင်းကို တကယ်ကြီး ရောက်နေခဲ့ပြီလား'

မင်းသမီးလုံကျို၏ အကြည့်များက လှုပ်ခတ်သွားခဲ့သည်။

ကျွင်းရှောင်ယောက်၏ အရှိန်အဝါများက အောက်ခြေမရှိသော ချောက်နက်ကြီးတစ်ခုကဲ့သို့ပင်။

ထို့ကြောင့် သူ၏ ကျင့်ကြံခြင်းအခြေခံမှာ သူမထက်
မြင့်မားရန်သာ ရှိနေသည်။

'ဒီ ကျွင်းရှောင်ယောက် ဘယ်လိုတွေ
လေ့ကျင့်နေပါလိမ့်နော်၊ ရှေးဟောင်းလူထူးဆန်းရဲ့
ကျင့်ကြံမှုအရှိန်နဲ့တောင် သူ့ကို မယှဉ်နိုင်ဘူး'
မင်းသမီးလုံကျို တိတ်တဆိတ် စိတ်ဆိုးနေမိသည်။

ယင်းကိုမြင်သောအခါ ကျွင်းရှောင်ယောက်က
ပြုံးပြီးပြောလိုက်သည်။
"မဆိုးဘူး၊ အနည်းဆုံးတော့ မင်းမှာ
ဦးနှောက်နည်းနည်းရှိတယ်။ တကယ်လို့ မင်းသာ
တကယ်လုပ်ခဲ့ရင် မင်းရဲ့ နောက်ဘဝကျမှပဲ
လက်စားချေရတော့မှာ ငါကြောက်တယ်"

"ကျွင်းရှောင်ယောက်၊ နင် သိပ်ကျေနပ်မနေပါနဲ့။ ငါက အိုလွှမ်ကို လက်စားချေချင်သေးလို့၊ မဟုတ်ရင် ငါနင့်ကို အရင်ကတည်းက ဖိနှိပ်လိုက်ပြီ"

မင်းသမီးလုံကျိုက မကျေမချမ်းဖြင့် ပြောလိုက်သည်။

"ရပါတယ်၊ မင်းစိတ်ကူးယဉ်နိုင်တယ်၊ မင်းငါ့ကို သည်းမခံနိုင်ပေမဲ့ ငါ့ကိုမသတ်နိုင်တဲ့ နည်းလမ်းကို ငါကြိုက်တယ်"

ကျွင်းရှောင်ယောက်က လက်ဖက်ရည်ကို ခပ်ဖြေးဖြေးသောက်ရင်း ပြုံးလိုက်သည်။

"ကျွင်း... ရှောင်... ယောက်"

မင်းသမီးလုံကျို အင်မတန်စိတ်ဆိုးကာ ဆံပင်များပင် တလူလူဖြစ်လာသည်။

စိတ်အနှောက်အယှက်ဖြစ်စေလွန်းသော

ကျွင်းရှောင်ယောက်ကို မင်းသမီးလုံကျိ
မနေနိုင်တော့ဘဲ ကျိန်ဆဲတော့မည့်အချိန်...

ကျွင်းရှောင်ယောက်က သူ့လက်ဖက်ရည်ခွက်ကို
ရုတ်တရက်ချလိုက်ပြီး အဝေးသို့
လှမ်းကြည့်လိုက်သည်။

ကောင်းကင်နှင့်မြေပြင်ကြားရှိ
ဝိညာဉ်စွမ်းအင်များသည် တစ်နေရာဆီသို့
စီးဆင်းနေသွား၏။ ၎င်းက တစ်နေရာတွင်
ပေါင်းစပ်သွားပုံရသည်ဟု ဝေဝါးဝါး
သူခံစားရလေသည်။

"ဒါက... ရှန်းကုတာအိုရေကန် ဖြစ်နိုင်မလား"
ကျွင်းရှောင်ယောက်၏ မျက်လုံးများက
အရောင်လက်သွားသည်။

--------

အခန်း ( ၄၀၈ ) ရှန်းကုတာအိုရေကန်၊ အသန့်မာဆုံး မျိုးနွယ်စုလေးခု၊ ဖြတ်သန်းခတွေပေးရမှာလား။

ဤရေိယာရှိ အကြီးမားဆုံးအခွင့်အရေးမှာ သဘာဝအတိုင်း ရှန်းကုတာအိုရေကန် ဖြစ်သည်။

ကျွင်းရှောင်ယောက်လည်း ရှန်းကုတာအိုရေကန်ကို အလွန်စိတ်ဝင်စားပြီး မည်သည့်အခွင့်အလမ်းများ ရှိလာမည်အား သိလိုမိပေသည်။

ကျွင်းရှောင်ယောက်က ရှန်းကုတာအိုရေကန်ကို စူးစမ်းရှာဖွေရင်း ရှန်းကု တာအိုရေကန်၏ လက်ရှိအခြေအနေကို နားလည်ရန်

ဤအခွင့်အရေးအား အသုံးပြုလိုခဲ့သည်။

ကျွင်းရှောင်ယောက်လည်း အခြေအနေကို နားလည်ရန် လဲ့မင်ယွမ်အား မေးကြည့်လိုက်သည်။။

"နတ်ဘုရားသားတော်လည်း ဒါကို အာရုံခံမိပြီထင်တယ်၊ ရှန်းကုတာအိုရေကန်က ပေါက်ကွဲခါနီးနေခဲ့ပါပြီ။ နောက်ပြီးတော့ ရှန်းကုတာအိုရေကန်ရဲ့ တည်နေရာကို ကျုပ်သိတယ်။ နတ်ဘုရားသားတော်အတွက် လမ်းပြပေးနိုင်ပါတယ်"

လဲ့မင်ယွမ်က အစေခံရင်း လမ်းပြအဖြစ်ပါ နေရာယူထားသည်။

"ကောင်းပြီ အခုသွားရအောင်"

ကျွင်းရှောင်ယောက်လည်း ခေါင်းညိတ်လိုက်လေသည်။

ထို့နောက် သူဟာ မင်းသမီးလုံကျိုကိုကြည့်ပြီး တည်ငြိမ်စွာဖြင့် ပြောလိုက်သည်။

"မတော်တဆမှု မရှိရင် နဂါးလူသားမျိုးနွယ်လည်း ရှန်းကုတာအိုရေကန်မှာ ရှိသင့်တယ်။ မင်း လက်စားချေချင်ရင် အဲဒီကို သွားလို့ရတယ်"

ပြောဆိုပြီးနောက် ကျွင်းရှောင်ယောက်က ထွက်ခွာရန် ပြင်လိုက်သည်။

ထွက်သွားတော့မည့် ကျွင်းရှောင်ယောက်ကိုကြည့်ကာ မင်းသမီးလုံကျို၏ မျက်လုံးများ အရောင်လက်သွားသည်။ ထို့နောက်မှာတော့ အံကြိတ်ကာ လိုက်ပါသွားတော့သည်။

ကျွင်းရှောင်ယောက်က ခေတ္တရပ်ပြီး

မင်းသမီးလုံကျိကို တစ်ဖန်ပြန်ကြည့်ကာ
ပြောလိုက်သည်။

"သခင်နောက်ကို လိုက်ချင်တာလား"

မင်းသမီးလုံကျိ ငွေရောင်သွားများ ပေါ်သည်အထိပင်
အံကိုကြိတ်လိုက်သည်။ သို့သော်လည်း
ဒေါသကိုထိန်းကာ ပြောလိုက်လေသည်။

"ငါ လမ်းမသိဘူး၊ ဒါက အဆင်မပြေဘူးလား"

ကျွင်းရှောင်ယောက်က ခေါင်းကို
အနည်းငယ်ခါယမ်းပြီး ပြောလိုက်သည်။

"နဂါးမျိုးနွယ်ဝင်တွေက မင်းကို ဖမ်းဖို့
နည်းလမ်းတစ်ခုခုသုံးမှာ ကြောက်တဲ့အတွက်
ငါ့နောက်ကို လိုက်ခဲ့တာဖြစ်နေမှာပဲ ကြောက်ရတာ"

သူမ၏ ရည်ရွယ်ချက်ကို ထုတ်ဖော်ခံရသောအထိ

မင်းသမီးလုံကျို၏ အမူအရာက သဘာဝမကျသကဲ့သို့ ဖြစ်သွားသည်။

အမှန်လည်း သူမက သန်မာသည့်တိုင် ယခင်ကကဲ့သို့ အစီအစဉ်ဆွဲပြီး ချုပ်ခံရလျှင် ဘာမျှတတ်နိုင်မည် မဟုတ်ပေ။

ထို့အပြင်၊ နဂါးလူမျိုးနွယ်က ဒေသခံမြွေများ ဖြစ်နေကြဆဲ ဖြစ်သောကြောင့် မင်းသမီးလုကျိုအတွက် သူတို့ကိုကိုင်တွယ်ရန် မလွယ်ကူပါချေ။

ထို့ကြောင့် ကျွင်းရှောင်ယောက်နောက်သို့ လိုက်ပါခြင်းဖြင့်သာ ပို၍ လုံခြုံနိုင်သည်။

'မေ့လိုက်ပါ၊ ဒီသခင်က စီးတော်အပေါ်မှာ

သည်းခံနိုင်တယ်'

ကျွင်းရှောင်ယောက်က ဂရုမစိုက်ဘဲ သူ့နှလုံးသားထဲမှ လျှောင်ရယ်လိုက်သည်။

မင်းသမီးလုံကျိုက ထောင်ချောက်သို့တိုးဝင်ရန် အစပြုလာမှတော့ ကျွင်းရှောင်ယောက်အတွက် ကြင်နာစွာ လက်ခံရန်မှတပါး ရွေးချယ်စရာမရှိပေ။

မင်းသမီးလုံကျိုလည်း ဘာမျှမပြောတော့ဘဲ ကျွင်းရှောင်ယောက်၏နောက်မှ ကောက်ကောက်ပါအောင် လိုက်သွားခဲ့သည်။

သူတို့သုံးယောက်က ရှန်းကုတာအိုရေကန်ဆီ လျှောက်သွားခဲ့၏။

တစ်ဖက်တွင် လုံအိုထျန်း၊ အိုလွမ်နှင့်

ပိုင်မေအာတို့ကလည်း စတင် ထွက်ခွာလာတော့သည်။

.........

ရှန်းကုတာအိုရေကန်သည် တာအိုရေကန်ဟု
ခေါ်ကြသော်လည်း တကယ်တမ်းတွင်
ရေကန်တစ်ခုသာမကဘဲ အလွန်ကျယ်ပြန့်သော
ဧရိယာကြီးတစ်ခု ဖြစ်သည်။

ဤဧရိယာတွင် ရေကန် အကြီး၊အသေး
မျိုးစုံရှိလေသည်။

ဤရေကန်များက တိကျသောအချိန်တစ်ခုတွင်
ပေါက်ကွဲပြီး အခွင့်အလမ်းများစွာကိုပါ တစ်ချိန်တည်း
ထုတ်ပေးလာခဲ့မည် ဖြစ်သည်။

ရှန်းကုတာအိုရေကန် တစ်ခုလုံးကို အပြင်ဧရိယာ၊
အလယ်ဧရိယာ၊ အတွင်းဧရိယာနှင့်
အမြုတေဧရိယာဟူ၍ ပိုင်းခြားထားသည်။

အပြင်ဘက်မှာတော့ သာမန်ရေကန်လေးများသာ ရှိပြီး
ထွက်ပေါ်လာမည့် ရတနာများကလည်း သာမန်ပင်။

အလယ်ပိုင်းဧရိယာမှာတော့ မီတာရာချီသော
တာပိုရေကန်ကြီးများကို စတင် တွေ့မြင်နိုင်သည်။

ဤဧရိယာမှ အခွင့်အလမ်းများက ပို၍ အဖိုးတန်ကာ
အချို့သော ပါရမီရှင်များ၏ မျက်လုံးများကိုပင်
ဖမ်းစားနိုင်သည်။

အတွင်းပိုင်းမှာတော့ မီတာထောင်ချီရှိသော

ရေကန်များ ရှိ၏။

ထွက်ပေါ်လာမည့် ရတနာများကလည်း
အလယ်ပိုင်းဒေသထက် အဆများစွာ
အဖိုးတန်လိမ့်မည်။

ယေဘူယျအားဖြင့်ပြောရလျှင်
အင်မော်တယ်အင်အားစုကြီးများ၏
ပါရမီရှင်အတော်များများပင် ဤနယ်ပယ်တွင်
အခွင့်အလမ်းများကို ရှာဖွေနိုင်ဖွယ်ရှိသည်။

အဓိက ဧရိယာကတော့ မီတာသောင်းချီသော
တာအိုရေကန်များ ရှိသည်။

ဤရေကန်က အရှားပါးဆုံးနှင့် အဖိုးတန်ဆုံးဖြစ်ကာ
ယေဘုယျအားဖြင့် အင်အားကြီးမားသော

ရှန်းကုမျိုးနွယ်များမှ သိမ်းပိုက်ထားခဲ့သည်။

အလွန်အစွမ်းထက်သော သို့မဟုတ် ရှန်းကုမျိုးနွယ်နှင့် ကောင်းမွန်သောဆက်ဆံရေးရှိသည့် ပါရမီရှင် အနည်းစုကသာ ထိုအခွင့်အရေးများကို ဆုပ်ကိုင်ကြရန် အရည်အချင်းပြည့်မီပေလိမ့်မည်။

ရက်အနည်းငယ်အကြာတွင် ကျွင်းရှောင်ယောက်က လဲ့မင်ယွမ်၏ လမ်းညွှန်မှုဖြင့် ရှန်းကုတာအိုရေကန်သို့ ရောက်လာခဲ့သည်။

ကျွင်းရှောင်ယောက်က ပတ်ဝန်းကျင်ကို ကြည့်လိုက်သည်။ ရှန်းကုတာအိုရေကန်သည် အကာန့်အသတ်မဲ့ပြီး အလွန်ကျယ်ဝန်း၏။ ဤသည်ကား ဝိညာဉ်စွမ်းအင်များ ပြည့်ဝနေသည့် ရတနာနယ်မြေတစ်ခုပင်။

ပတ်ဝန်းကျင်ရှိ ဝိညာဉ်စွမ်းအင်များကလည်း ဤဧရိယာတွင် စုစည်းလာကြသည်။

ရှန်းကုတာအိုရေကန်၏ ပေါက်ကွဲမှုက မဝေးတော့ကြောင်း သိသာထင်ရှားလှပေသည်။

"သခင်လေး နတ်ဘုရားသားတော်၊ ရှန်းကုတာအိုရေကန်ကိုလည်း ဒေသတွေ ခွဲထားပါတယ်၊ ကျွန်တော် ရှင်းပြမယ်၊..."

လဲ့မင်ယွမ်က ပြောလိုက်သည်။

အချို့သော ရှင်းလင်းချက်ပြီးနောက် ကျွင်းရှောင်ယောက်သည်လည်း ရှန်းကုတာအိုရေကန်၏ အခြေအနေများကို ယေဘူယျ နားလည်သွားခဲ့သည်။

"ဒါဆိုရင်လည်း ဘာပြောစရာရှိသေးလဲ၊ အလယ်ဗဟိုကို တိုက်ရိုက်သွားကြမယ်"

ကျွင်းရှောင်ယောက်က ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။

အဓိကဧရိယာရှိ ရှန်းကုတာအိုရေကန်က အဖိုးတန်ဆုံးဖြစ်လျှင်... အခြား ဘာမျှလုပ်နေရန် မလိုပေ။

"ဒါက... သခင်လေး နတ်ဘုရားသားတော်၊ ခင်ဗျား ဒီလောက် တိုက်ရိုက်ဆန်တာလား။ အဓိက ဧရိယာကို သန်မာတဲ့ ရှန်းကုမျိုးနွယ်တချို့က သိမ်းပိုက်ထားတာနော်။ နဂါးမျိုးနွယ်အပြင် ရှန်းကုမှော်မျိုးနွယ်နဲ့ မျက်လုံးသုံးလုံး သူတော်စင်မျိုးနွယ်တွေလည်း ရှိတယ်"

လှဲ့မင်ယွမ် တုံ့ဆိုင်းသွားခဲ့သည်။

ကျွင်းရှောင်ယောက်က အလွန်သန်မာသည်။

သို့ရာတွင် အဝေးမှနဂါးက ဒေသခံမြွေကို မလွှမ်းမိုးနိုင်သကဲ့သို့ အချို့ ရှန်းကုမျိုးနွယ်များဟာ အလွန်အားကောင်းနေဆဲ ဖြစ်သည်။

ဤရှန်းကုမျိုးနွယ်များကြားတွင် အသန်မာဆုံး မျိုးနွယ်လေးခု ရှိသည်။

၎င်းမှာ နဂါးမျိုးနွယ်၊ ရှေးဟောင်းမျော်မျိုးနွယ်၊ မျက်လုံးသုံးလုံး သူတော်စင်မျိုးနွယ်နှင့် ဗျူတီမျိုးနွယ်တို့ ဖြစ်သည်။

ဤအဓိကမျိုးနွယ်ကြီး လေးခုက ရှန်းကုကမ္ဘာတွင် အလျားလိုက် လျှောက်လှမ်းသွားရန် လုံလောက်သည်။

အင်မော်တယ်အင်အားစုတချို့၏ မျိုးဆက်များပင် ဤရှေးဟောင်းမျိုးနွယ်များနှင့် ရင်ဆိုင်ရသောအခါ အလွန်အကျွံမစော်ကားဝံ့ဘဲ အကန့်အသတ်များ ထားရမည် ဖြစ်သည်။

ယခုမူ ကျွင်းရှောင်ယောက်၏ သဘောထားက အနည်းငယ် အားကောင်းနေပုံရသည်။

"အဲဒီတော့ ဘာဖြစ်လဲ။ နတ်ဘုရားသားတော်ရဲ့ အခွင့်အလမ်းတွေကို မရအောင် တားရရင် ရှေးဟောင်းမျိုးနွယ်ကြီးလေးခုက ဆိုရင်တောင် သေရလိမ့်မယ်"

ကျွင်းရှောင်ယောက်က ဘာမှမထူးခြားသည့် လေသံဖြင့် ပြောလိုက်သည်။

သူ့နောက်မှာတော့ မင်းသမီးလုံကျိသည် စူးရှသော မျက်လုံးများဖြင့် စိုက်ကြည့်လိုက်၏။

'ဒီ ကျွင်းရှောင်ယောက်က အရင်အတိုင်း ကြီးစိုးနေတုန်းပဲ'

မင်းသမီးလုံကျိ တစ်ယောက်တည်း တွေးနေမိသည်။

လဲ့မင်ယွမ်လည်း ခေါင်းညိတ်ကာ ဘာမှ မပြောတော့ပေ။

ကျွင်းရှောင်ယောက်ကို စိတ်နှလုံးအကြွင်းမဲ့ လိုက်နာပါက ကံမကောင်းလျှင်ပင်

အသားနည်းနည်းစားနိုင်သည်။

လှံမင်ယွမ်၏ မျက်လုံးများမှ
ဆုံးဖြတ်ချက်ကိုကြည့်ကာ ကျွင်းရှောင်ယောက်လည်း
တိတ်တဆိတ် ခေါင်းညိတ်လိုက်မိသည်။

သူ ဤအတိုင်း ကောင်းမွန်နေလျှင် သဘာဝအတိုင်း
အနာဂတ်တွင် မိုးကြိုးကေရာဇ်၏
မဟာနတ်ဘုရားစွမ်းရည်ကို လွှဲပြောင်းပေးရန်
အဆင်ပြေသည်။

ကျွင်းရှောင်ယောက်နှင့် အခြားသူများက
ရှန်းကုတာအိုရေကန် ဧရိယာထဲသို့ ဝင်ခါနီးတွင်...

အရှေ့နားမှ စကားအချေအတင် ပြောဆိုနေသံများ
ထွက်ပေါ်လာသည်။

၎င်းက ရှန်းကုမျိုးနွယ်ဝင်များနှင့် အပြင်လူ ပါရမီရှင်များ ငြင်းခုံနေကြခြင်း ဖြစ်ချေသည်။

"နင်တို့တွေ အရမ်းလွန်သွားပြီ၊ ငါတို့က နတ်အရင်းအမြစ်တွေကို လွှဲပေးပြီးပြီပဲလေ။ ငါတို့ကို ဘာဖြစ်လို့ ဝင်ခွင့်မပေးသေးတာလဲ"

မိန်းကလေးတစ်ဦး၏ မျက်နှာမှာ ဒေါသများဖြင့် နီမြန်းနေသည်။

၎င်းတို့သည် အပြင်ဘက်တွင် ပထမတန်းစား အင်အားစုများမှ တပည့်များဖြစ်၍ အထူးပါရမီရှင်များ မဟုတ်သည့်တိုင် ခွန်အားအချို့ ရှိနေပါသေးသည်။

သို့သော်လည်း ယခုအချိန်တွင် ၎င်းတို့ကို

ရှန်းကုမျိုးနွယ် အုပ်စုတစ်စုက ပိတ်ဆို့ထား၍ ဖြတ်သန်းခများ ပေးဆောင်ခဲ့ရသည်။

ထို့ထက် သူတို့ စိတ်အနှောက်အယှက် အဖြစ်ရဆုံးအရာမှာ နတ်အရင်းအမြစ်များကို လွှဲပေးထားပြီးဖြစ်သော်လည်း ထိုသတ္တဝါများက ဝင်ခွင့်မပေးသေးခြင်း ဖြစ်သည်။

"မင်းတို့ဆီမှာ အများကြီးရှိတာပဲ၊ ဒါပေမဲ့ အခုပေးလာတာကတော့ တန်ဖိုးနည်းလွန်းတယ်။ မင်းတို့မှာ ရတနာတွေ မရှိဘူးလား။ ဖြတ်သန်းခအဖြစ် အဲဒါတွေကို ပေးနိုင်တယ်"

လျှပ်စီးများ ရစ်ပတ်နေသော သတ္တဝါက လှောင်ပြောင်ပြောဆိုလိုက်သည်။

တိုက်တိုက်ဆိုင်ဆိုင် ဤသတ္တဝါက

မိုးကြိုးမျောက်မျိုးနွယ်မှ ဖြစ်ပေသည်။

သူ့အပြင် ဖြတ်သန်းခ ကောက်ခံနေသူများတွင် ကင်းကောင်မျိုးနွယ်၊ လေဝိညာဉ်မျိုးနွယ်နှင့် ကျောက်တုံးနတ်ဆိုး မျိုးနွယ်တို့မှ သတ္တဝါများလည်း ရှိသည်။

ဤမတိုင်မီက ကျွင်းရှောင်ယောက်ဟာ မျိုးနွယ်စုလေးခုမှ အသန်မာဆုံး ပါရမီရှင်များကို သတ်ခဲ့သည်။

သို့သော်လည်း ၎င်းတို့တွင် အခြား မျိုးဆက်သစ်လူငယ် အများအပြား ရှိကြပါသေးသည်။

"မင်းတို့ တရားလွန်သွားပြီ"

လူငယ်တစ်ယောက်က အံကြိတ်လိုက်ကာ
အစွမ်းထက် အရှိန်အဝါများလည်း ထွက်လာသည်။

"မင်းတို့ တိုက်ခိုက်ချင်ရင် စမ်းကြည့်လို့ရတယ်။
ဒါပေမဲ့ ဒီရှန်းကုကမ္ဘာမှာ မင်းအသက်မရှင်နိုင်ဘူးလို့
ငါအာမခံတယ်၊ မင်းအပြင် အားလုံးသေလိမ့်မယ်"

မိုးကြိုးမျောက်မျိုးနွယ်မှ သတ္တဝါက
အေးစက်စက်ဖြင့် ခြိမ်းခြောက်လိုက်သည်။

"ထားလိုက်ပါ"

မိန်းကလေးက အံကိုတင်းတင်း ကြိတ်လိုက်လေသည်။
ဒေါသကို အတင်းဖိနှိပ်ထားရ၍ သွယ်လျသောခန္ဓာက
တုန်ယင်သွားခဲ့သည်။

သို့သော်လည်း ဤအခိုက်တွင်
မိုးကြိုးမျောက်ပါရမီရှင်၏ မျက်လုံးထောင့်မှ

ရှန်းကုတာအို ရေကန်ထဲသို့ဝင်ရန် ဟန်ပြင်နေသော ပုံရိပ်များကို ရုတ်တရက်တွေ့လိုက်ရသည်။

"ဟေး၊ မင်းတို့ ရပ်လိုက်ကြစမ်း။ မင်းတို့ ဝင်ချင်ရင် အရင်ဆုံး ဝင်ကြေးပေးရမယ်"

မိုးကြိုးမျောက်က အော်လိုက်သည်။

ဤအခြေအနေကြောင့် မိန်းကလေးနှင့် အခြားလူများလည်း မသိစိတ်မှ လိုက်ပါ ကြည့်လိုက်ကြ၏။

အဖြူရောင်ဝတ်စုံ ဝတ်ထားသော လူငယ်လေးကို မြင်လိုက်ရသည့် အခါမှာတော့ သူမမျက်နှာမှာ မှုင်တက်သွားတော့သည်။

"မင်းငါ့ကို ပြောနေတာလား"

ကျွင်းရှောင်ယောက်က အနည်းငယ် ခေါင်းငဲ့ကြည့်ကာ ပြုံးလိုက်၏။

ထိုအပြုံးက အန္တရာယ်ရှိသည်။

--------

အခန်း ( ၄၀၉ ) ကျွင်းမိသားစုမှ စီကွမ်နှစ်ဦး၏ အခက်အခဲ၊ ရှေးဟောင်း တော်ဝင်မိသားစုသုံးခုမှ ပါရမီရှင်များ။

"ဟုတ်တယ်၊ ငါမင်းကို ပြောနေတာ။ ရှန်းကုတာအိုရေကန်က ငါတို့ ရှန်းကုကမ္ဘာရဲ့ အခွင့်အလမ်းတစ်ခုပဲ။ မင်းတို့ အပြင်လူတွေ

ဝင်ချင်ရင် ဝင်ကြေးပေးရမယ်"
မိုးကြိုးမျောက်မျိုးနွယ်မှ သတ္တဝါက
မာနထောင်လွှားစွာဖြင့် ပြောလိုက်သည်။

ယခုအချိန်တွင် ကျွင်းရှောင်ယောက်က
သူ၏အရှိန်အဝါများကို ဖုံးကွယ်ထားရာ
ရှန်းကုသတ္တဝါများက သူ့အား သိပ်ဂရုမစိုက်ပေ။

သို့ရာတွင် ထိုမိန်းကလေး၏ မျက်နှာကမူ
မယုံနိုင်စရာအကောင်းဆုံး မြင်ကွင်းတစ်ခုကို
မြင်လိုက်ရသည့်နှယ် ချက်ချင်း အေးခဲသွားသည်။

သူသည် ကျွင်းရှောင်ယောက်ကို မြင်ဖူးသဖြင့်
ပုံပန်းသဏ္ဍာန်ကို သဘာဝအတိုင်း သိ၏။

"အဲဒါ... ကျွင်းမိသားစုရဲ့

နတ်ဘုရားသားတော်ပဲလား"

ကျန်သည့် ပြင်ပကမ္ဘာမှ ပါရမီရှင်များလည်း မျက်လုံးများ ပြူးကျယ်သွားကြသည်။

သို့သော်လည်း ၎င်းတို့ကို ပို၍ပင် မယုံနိုင်စရာ ဖြစ်စေခဲ့သည်မှာ ကျွင်းရှောင်ယောက်၏ နောက်သို့ လိုက်ပါနေသော အံ့မခန်း လှပသည့် မိန်းကလေးကြောင့်ပင်။

"အဲဒါ ဘိုးဘွားနဂါးသိုက်က မင်းသမီးလုံကျိပဲ။ ဘာတွေဖြစ်နေတာတုံး၊ နတ်ဘုရားသားတော်က သူ့ကို အနိုင်ယူခဲ့ပြီလား"

အပြင်လူများ အံ့ဩသွားကြသည်။

အခြားတစ်ဖက်တွင် မာနထောင်လွှားနေသော ရှန်းကုသတ္တဝါများကို ကျွင်းရှောင်ယောက်က

အပြုံးဖြင့်သာ လှမ်းကြည့်နေဆဲပင်။

သူက နောက်လှည့်ကြည့်ပြီး တည်ငြိမ်စွာပြောသည်။
"မင်းသမီးလုံကျို၊ ဒီကောင်လေးတွေကို
ငါကိုယ်တိုင်လုပ်ဖို့ မလိုအပ်ဘူး မဟုတ်လား"

မင်းသမီးလုံကျို၏ အမူအရာက အေးခဲသွားသည်။

ကျွင်းရှောင်ယောက်က သူမကို စီးတော် အစေခံအဖြစ်
အမှန်တကယ် ဆက်ဆံနေသလော။

သို့သော်လည်း ကိုယ့်သဘောဖြင့် လိုက်ပါနေမှန်း
တွေးမိသောအခါ မင်းသမီးလုံကျိုလည်း
ဘာမှပြန်မပြောနိုင်တော့ပေ။

သူဟာ လှပသော မျက်လုံးများဖြင့်
ရှန်းကုသတ္တဝါအုပ်စုကို လှည့်ကြည့်လိုက်သည်။

ထို့ပြင် ထိုသတ္တဝါများက သူမကိုဝိုင်းရံခဲ့ဖူးသည့်
အစိကမျိုးနွယ်လေးခုဖြစ်ကြောင်း တွေ့ရှိသောအခါ
မင်းသမီးလုံကျို၏ မျက်လုံးများ၌
သတ်ဖြတ်လိုစိတ်များ
ပေါက်ကွဲထွက်ပေါ်လာတော့သည်။

သူ၏ ဒေါသများနှင့် ကျွင်းရှောင်ယောက်အပေါ်
မုန်းတီးမှုများကို ဤသတ္တဝါများပေါ်တွင်
ထုတ်ဖော်ရမည်။

"နင်တို့ မျက်ကန်းတစ္ဆေမကြောက်တွေ... သေတော့"
မင်းသမီးလုံကျိုထံမှ အစစ်အမှန်နတ်ဘုရားနယ်ပယ်
အရှိန်အဝါများ ပေါက်ကွဲထွက်ပေါ်လာပြီး

သူမလက်ဝါးကို ဆန့်ထုတ်လိုက်သည်။

အပြာရောင် နဂါးခြေသည်းများက ဟင်းလင်းပြင်ကိုဆုပ်ဖြဲကာ ရှန်းကုသတ္တဝါများထံသို့ တိုးဝင်သွားခဲ့သည်။

"အစစ်အမှန် နတ်ဘုရားနယ်ပယ် သေးငယ်သော ပြီးပြည့်စုံခြင်း"

ရှန်းကုသတ္တဝါများလည်း မျက်နှာအမူအရာများ ရုတ်တရက် ပြောင်းလဲသွား၏။

သူတို့၏ ကျင့်ကြံခြင်းအခြေခံများက အပြင်လူများထက် အနည်းငယ် အားကောင်းသော်လည်း အစစ်အမှန်နတ်ဘုရားနယ်ပယ် အစောပိုင်းအဆင့်၏ အလယ်အလတ်အဆင့်တွင်သာ ရှိသည်။ ထိုအတွက်

မင်းသမီးလုံကျို၏ တိုက်ခိုက်မှုကို ရှိပြီး တားဆီးရန် မဖြစ်နိုင်ပေ။

ထို့ပြင် မင်းသမီးလုံကျိုက ဒေါသဖြစ်နေ၍ လုံးဝ ချုပ်တည်းမထားဘဲ တိုက်ခိုက်လိုက်ခြင်း ဖြစ်ရာ တားဆီးပိတ်ပင်ရန် ပို၍ပင် မဖြစ်နိုင်ပါချေ။

"ဝုန်း ဝုန်း ဝုန်း..."

နဂါးလက်သည်းများ၏ ဖိနှိပ်မှုအောက်တွင် ဤရှုန်းကုသတ္တဝါများက ဖရဲသီးများကဲ့သို့ပေါက်ကွဲသွားပြီး အသွေးအသားများ တိုက်ရိုက် ပြန့်ကျဲသွားခဲ့သည်။

မင်းသမီးလုံကျို၏ လှုပ်ရှားမှုတစ်ခုတွင် ရှုန်းကုသတ္တဝါအားလုံး ချက်ချင်းသေဆုံးသွားခဲ့ပြီ။

သူမ၏ ခွန်အားက အလွန်ပင်
အားကောင်းနေသေးသည်ဟု ဆိုနိုင်သည်။

မြေပြင်တပြင်လုံးရှိ အရိုးများကိုကြည့်ရင်း
မင်းသမီးလုံကျိ အသက်ပြင်းပြင်းရှူထုတ်လိုက်သည်။
သူမ၏ ဒေါသများလည်း ပြေလျော့သွားလေသည်။

သူဟာ စကားတစ်ခွန်းမှ မပြောဘဲ လက်ပိုက်၍
ကျွင်းရှောင်ယောက်ကို အေးတိအေးစက်
ကြည့်လိုက်သည်။

ကျွင်းရှောင်ယောက်က သူ့သဘောကိုသိသော်လည်း
ပြုံးပြီး ဘာမှ မပြောပေ။

ထိုအချိန်တွင် အပြင်လူအုပ်စုအားလုံးက
ကျွင်းရှောင်ယောက်ကို လေးစားစွာဖြင့်

ကြည့်လိုက်ကြသည်။

မိန်းကလေးက သတ္တိမွေးပြီး ရှေ့သို့လှမ်းကာ ကျွင်းရှောင်ယောက်ကို ဦးညွှတ်ရင်း ပြောသည်။

"သခင်လေး နတ်ဘုရားသားတော်၊ ရှင့်ရဲ့ အကူအညီအတွက် ကျေးဇူးတင်ပါတယ်"

"မင်းငါ့ကိုသိတာလား"

ကျွင်းရှောင်ယောက် ပေါ့ပေါ့ပါးပါး ပြောတယ်။

"ကျွန်မ ကံကောင်းလို့ နန်ထျန်းမြို့မှာ သခင်လေးနတ်ဘုရားသားတော်ကို အဝေးကနေ မြင်ခဲ့ဖူးပါတယ်"

ကျွင်းရှောင်ယောက်၏အကြည့်ကို မြင်ရသောအခါ လှပသောမိန်းကလေး၏မျက်နှာက နီမြန်းလာပြီး

နှလုံးခုန်မြန်လာသည်။

'အရင်က အဝေးကနေပဲ သူ့ကို မြင်ဖူးတာ၊ အခု အနီးကပ်မြင်ရတော့ ပိုတောင် ချောသေးတာပဲ'

မိန်းကလေးက တစ်ယောက်တည်း တွေးလိုက်လေသည်။

"အင်း၊ အခုအဆင်ပြေပါပြီ၊ မင်းတို့လည်း ရှန်းကုတာအိုရေကန်ကို ဝင်လို့ရပြီ"

ကျွင်းရှောင်ယောက်က ထူးခြားမှု မရှိဟန်ဖြင့် ပြောလိုက်သည်။

"သခင်လေး နတ်ဘုရားသားတော်သာ ဖြောင့်မတ်ခြင်းတရားနဲ့ မပြုခဲ့ရင် ဒီနေ့ ကျွန်မတို့ အကြီးအကျယ် ဒုက္ခ ရောက်လိမ့်မယ်"

မိန်းကလေးက ကျေးဇူးတင်စွာဖြင့်

ထပ်မံပြောလေသည်။

မင်းသမီးလုံကျိုလည်း မျက်ခုံးပင့်တင်လိုက်မိသည်။

ဤသတ္တဝါအုပ်စုကို သတ်ခဲ့သူက သူမ ဖြစ်ကြောင်း ထင်ရှားသည်။ သို့ရာတွင် အမှတ်အားလုံးက ကျွင်းရှောင်ယောက်ထံသို့ အဘယ်ကြောင့် ရောက်သွားပါသနည်း။

ကျွင်းရှောင်ယောက်က လက်ချောင်းတစ်ချောင်းပင် လှုပ်ရှားခဲ့လို့လား။

"အဲဒါက သူတို့ကိုယ်တိုင် သေချင်နေပြီး လှံကိုလာတိုးတာပဲလေ။ ဒီသတ္တဝါတွေက ကြောက်နေစရာ ဘာမှမရှိဘူး"

ကျွင်းရှောင်ယောက် အေးဆေးတည်ငြိမ်စွာ

ပြောလိုက်သည်။

ဤရှန်းကုသတ္တဝါများသာ သူ့ကို မတားခဲ့ကါက
ကျွင်းရှောင်ယောက်အနေဖြင့် ထိုသို့သော
ကိစ္စများတွင် ဝင်ရောက်စွက်ဖက်ရန် စိတ်မဝင်စားပေ။

ဤသတ္တဝါများတွင် မျက်လုံးမရှိဟုသာ
ပြောနိုင်သည်။

ကျွင်းရှောင်ယောက်နှင့် အခြားသူများ
ထွက်ခွာသွားသောအခါ....

ကျန်အပြင်လူပါရမီရှင်များက
ကြောက်ရွံ့ထိတ်လန့်မှုများဖြင့် ရှေ့သို့ တိုးလာသည်။

"ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်က မျှော်လင့်ထားသလိုပဲ၊ သူက ရှုန်းကုကမ္ဘာမှာတောင် ကြီးစိုးနေတုန်းပဲ"

"ဟုတ်တယ်၊ ဘိုးဘွားနဂါးသိုက်က မင်းသမီးလုံကျိတောင် သခင်လေး နတ်ဘုရားသားတော်ရဲ့ နောက်ကလိုက်နေတဲ့ အစေခံတစ်ယောက်လို ဖြစ်နေရတယ်"

"ဟို... အဟဲ၊ အရင်တုန်းကတော့ သခင်လေး နတ်ဘုရားသားတော်ကို ငါမကြိုက်ခဲ့ဘူး၊ အခုတော့ စိတ်ပြောင်းသွားပါပြီ"

"မင်းသမီးလုံကျိကို ငါ တကယ် မနာလိုမိတယ်၊ ငါလည်း နတ်ဘုရားသားတော်နောက်ကို လိုက်နိုင်ရင် ကောင်းမှာပဲ"

မိန်းကလေးကလည်း တောင့်တမှုများဖြင့် ပြောလိုက်သည်။

"ကောင်းပြီလေ၊ အခု ရှန်းကုတာအိုရေကန်ကို ဝင်ကြည့်ရအောင်။ သခင်လေး နတ်ဘုရားသားတော် လှူပ်ရှားပြီးရင် ဒီသတ္တဝါတွေက မာနကြီးဝံ့ဦးမှာလား" ပြင်ပကမ္ဘာမှ ဤပါရမီရှင်အုပ်စုလည်း စိတ်ဓာတ်တက်ကြွလာပြီး ရှန်းကုတာအိုရေကန်ထဲသို့ ဆက်ဝင်သွားကြသည်။

ရှန်းကုတာအိုရေကန် အပြင်ဧရိယာသို့ လုံးဝ ဝင်ရောက်လာသော်လည်း ကျွင်းရှောင်ယောက်က မရပ်သေးပါ။

ကျွင်းရှောင်ယောက်က အပြင်ဘက်ရှိ ဤရေကန်ငယ်များကို လုံးဝဂရုမစိုက်ပါချေ။

အလယ်ပိုင်းဧရိယာရှိ တာအိုရေကန်သည်လည်း
ကျွင်းရှောင်ယောက်၏ မျက်လုံးများနှင့်
ကင်းကွာနေဆဲ ဖြစ်သည်။

အတွင်းပိုင်းရှိ တာအိုရေကန်ကတော့
ကျွင်းရှောင်ယောက်၏ ကြည့်ခြင်း ခံရသည်။
သို့သော်လည်း ထိုမျှလောက်သာ ဖြစ်ချေသည်။

အဓိကဧရိယာရှိ တာအိုရေကန်သာ
ကျွင်းရှောင်ယောက်က စိတ်ဝင်စားဆုံး ဖြစ်သည်။

တစ်ချိန်တည်းမှာပင် ရှန်းကုတာအိုရေကန်၏
အတွင်းပိုင်းဧရိယာ၌...

လေထဲတွင် စွမ်းအင်လှိုင်းများ ပြည့်နှက်နေသည်။

မိန်းကလေးနှစ်ယောက်ဟာ ရေကန်ဘေးတွင် ရှန်းကုသတ္တဝါအုပ်စုကြီးများနှင့် ရင်ဆိုင်နေရ၏။

မိန်းကလေးနှစ်ယောက်တွင် တစ်ဦးက အပြာနုရောင် ပြောက်ကျားဝတ်စုံကို ဝတ်ဆင်ထားပြီး သူမ၏ ဆံပင်ကိုလည်း ရေခဲပြာ ဖီးနစ်ဆံညှပ်ဖြင့် ချည်နှောင်ထားသည်။

သူမ၏ပုံစံက အေးစက်ပြီး အပြစ်အနာအဆာကင်းကာ ရေခဲနှင့် နှင်းထုမှ ထွင်းထုထားသည့် ပန်းပုရုပ်တစ်ခုကဲ့သို့ပင်။

သူသည်ကား ရေခဲဝိညာဉ်ခန္ဓာကိုယ်ကို ပိုင်ဆိုင်ထားသော ကျွင်းမိသားစု၏ သတ္တစီကွမ်

ကျွင်းရှယ်ဟွမ် ဖြစ်သည်။

သူမနှင့် ဘေးချင်းကပ်ရပ်နေသော မိန်းကလေးကမူ ချစ်စရာကောင်းပြီး ကျက်သရေရှိသော အသွင်အပြင်ဖြင့် အနီရောင်ဝတ်စုံကို ဝတ်ဆင်ထားသည်။

ထိုမိန်းကလေးကမူ သဘာဝအတိုင်း ချစ်စရာကောင်းသော ကျွင်းမိသားစု၏ အဌမစီကွမ်၊ ကျွင်းရှီယုပင် ဖြစ်ချေသည်။

ဤအခိုက်အတန့်တွင် မိန်းကလေးနှစ်ယောက်၏ သိမ်မွေ့သော မျက်နှာများသည် အေးစက်အေးစက် ခံစားချက်များဖြင့် ပြည့်နှက်နေသည်။

သူတို့နှစ်ဦးဟာ မကျေမနပ်မျက်လုံးများဖြင့်

တစ်ဖက်ခြမ်းရှိ သတ္တဝါအုပ်စုကြီးကို
ကြည့်လိုက်သည်။

"ဒီရေကန်ကို ကျွင်းမိသားစုက သိမ်းပိုက်ထားပြီးပြီ၊
အခု နင်တို့ ထွက်မသွားသေးဘူးလား"
ကျွင်းရှယ်ဟွမ်က အေးစက်စက်ဖြင့် ပြောလိုက်သည်။

"ဟားဟားဟား၊ ငါတို့ကို ထွက်သွားစေချင်တာလား၊
မင်းတို့ ကျွင်းမိသားစုမှာ ဟန့်တားနိုင်စွမ်း
ရှိနေတုန်းလို့ ထင်လို့လား"
နွားချိုနှင့် တကိုယ်လုံးတွင်
အနက်ရောင်အမွှေးများရှိသော ထွားကျိုင်းသည့်
အမျိုးသားတစ်ဦးက
လှောင်ပြောင်ပြောဆိုလိုက်သည်။

သူသည်ကား ရှေးဟောင်းတော်ဝင်မိသားစုနီးနီး

သန်မာကြံ့ခိုင်သော နတ်ဆိုးနွားတောင်မှ
ထိပ်တန်းပါရမီရှင် နျိုတ့လီ ဖြစ်သည်။

နတ်ဆိုးနွားတောင်ဟာ ဘိုးဘွားနဂါးသိုက်၏
လက်အောက်ခံ အင်အားစုများထဲမှ တစ်ခုလည်း
ဖြစ်ချေသည်။

"အမှန်ပဲ၊ ကျွင်းမိသားစုကလူတွေ ရှန်းကုကမ္ဘာမှာ
အဆင်ပြေမနေဘူးလို့ ကြားတယ်။ ကျွင်းမိသားစုရဲ့
နတ်ဘုရားသားတော်ကလည်း ရှန်းကုကမ္ဘာမှာ မရှိဘူး၊
အခု နင်တို့ ဘယ်သူ့ကို အားကိုးနိုင်ဦးမှာလဲ"
ခရမ်းရောင်နှုတ်ခမ်းနှင့် ဆွဲဆောင်မှုရှိသော
မိန်းကလေးတစ်ယောက်က ထူးဆန်းသောလေသံဖြင့်
ပြောလိုက်သည်။

သူမက ရှေးတော်ဝင်မိသားစု ပန်စီဂူမှ

ဆင်းသက်လာသူ ဖြစ်သော ပင့်ကူမိန်းမလှ ဖြစ်သည်။
သူဟာ ထူးကဲသော ခွန်အားရှိသည့်
ထိပ်တန်းပါရမီရှင်တစ်ဦးလည်း ဖြစ်ပေသည်။

သူ့စကားကြားတော့ နှစ်ယောက်စလုံး၏
မျက်လုံးများတွင် ဒေါသများ ပေါ်လာသည်။

ရှန်းကုကမ္ဘာသို့ ဝင်ရောက်ပြီးနောက်တွင်
ကျွင်းသားစု၏ စီကွမ်ဆယ်ဦးအတွက် မကြုံစဖူးသော
ပစ်မှတ်ထားခြင်းများကို ကြုံတွေ့ခဲ့ရသည်။

ထိပ်တန်းစီကွမ်ဆယ်ဦးတွင် သုံးဦးလည်း
ကျဆုံးသွားခဲ့၏။

စင်စစ်တွင် ကျွင်းလုံခန်း၊ ကျွင်းဝူရှန့်နှင့်
အခြားသူများက

ရှေးဟောင်းတော်ဝင်မိသားစုတစ်စုနှင့်
ကြွေလွင့်နတ်ဘုရားနန်းတော်မှ ပါရမီရှင်များကိုလည်း
အစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့ကြသည်။

သို့တိုင် သူတို့ ပစ်မှတ်ထားခံရသည်ဆိုသည့်
အချက်ကိုမူ ဖုံးကွယ်၍မရသေးပေ။

'အပင်မြင့်လေ၊ လေတိုက်လေ'ဆိုသည့်
ဆိုရိုးအတိုင်းပင် ဖြစ်သည်။

"မင်းတို့ မိန်းမလှလေးတွေ အဖြစ်မှန်ကို
လက်ခံလိုက်သင့်တယ်။ မင်းတို့ လိမ်မာမယ်ဆိုရင်
ငါတို့ မင်းကို သတ်မှာ မဟုတ်ဘူး"

မြွေမျက်လုံးကဲ့သို့ မျက်လုံးရှိသော
လူငယ်တစ်ယောက်က ပြောလိုက်သည်။

သူသည် ရွှံ့ရှာဖွယ်ကောင်းကာ ညစ်ညမ်းသော ဆန္ဒဖြင့် မိန်းကလေးနှစ်ယောက်ကို ကြည့်လိုက်၏။

သူသည်ကား ရှေးတော်ဝင်မိသားစု၊ မြေကြောရာဇ်ချိုင့်ဝှမ်း၏ ပါရမီရှင် ကျိုးမူ ဖြစ်သည်။

သူ၏ခွန်အားက နတ်ဆိုးနွားတောင်မှ ချိုတဲ့လီနှင့် ပန်စီဂူမှ ပင့်ကူမိန်းမလှထက် ပို၍ အင်အားကြီးပေသည်။ သူဟာ ရွှေတောင်ပံဘုရင် ရှောင်ပန်နှင့်ပင် နှိုင်းယှဉ်လုနီးပါး ဖြစ်သည်။

ရှေးဟောင်းတော်ဝင်မိသားစုသုံးခု၏ ရန်လိုမှုကို ခံစားရသောအခါ ကျွင်းရွယ်ဟွမ်နှင့် ကျွင်းရှီယုတို့ မျက်လုံးများ အေးစက်သွားခဲ့သည်။

ရှေးဟောင်းတော်ဝင်မိသားစုများမှ

ထိပ်တန်းသုံးဦးတည်းသာ ဖြစ်ခဲ့မည်ဆိုလျှင် ၎င်းတို့အတွက် တိုက်ပွဲဝင်ရန် အခွင့်အလမ်း ရှိသေးသည်။

သို့ရာတွင် ယခုအခါ ပြဿနာကတော့ စောင့်ကြည့်နေသော ရှန်းကုသတ္တဝါများလည်း ရှိသေးခြင်း ဖြစ်သည်။

--------

အခန်း ( ၄၁၀ ) ကျွင်းရှောင်ယောက် ရောက်ရှိလာခြင်း၊ ရှည်လျားသောညဉ့်၏အဆုံးတွင် အာရုဏ်ဦးအလင်းရောင် ထွက်ပေါ်လာမည်။

မိန်းကလေးနှစ်ယောက်က နောက်ဆုတ်ရန် ရည်ရွယ်ချက် ရှိပုံမရကြောင်း မြင်ရသောအခါ...

ရှန်းကုမျိုးနွယ်ထဲမှ သတ္တဝါတစ်ကောင်က ရှေ့သို့ထွက်လာသည်။

သူ့တစ်ကိုယ်လုံးကို အနက်ရောင်အကြေးခွံများဖြင့် ဖုံးလွှမ်းထား၏။ ထိုသူကား ကြေးခွံနက်ရှန်းကုမျိုးနွယ်မှ ဆင်းသက်လာသူ ဖြစ်သည်။

"မင်းတို့မိသားစုက ပြင်ပကမ္ဘာမှာ လေနဲ့မိုးကို ခေါ်နိုင်ပေမယ့် ဒါက ရှန်းကုကမ္ဘာပဲ။ ဒီနေရာမှာ စကားပြောနိုင်စွမ်းက ငါတို့ရဲ့ ရှန်းကုမျိုးနွယ်မှာပဲ ရှိတယ်။ အခု ထွက်သွား"

ကြေးခွံနက်မျိုးနွယ်မှ ပါရမီရှင်က အေးစက်စက်ဖြင့် ပြောလိုက်သည်။

ရှေးဟောင်းမင်းမျိုးနွယ် ကျွင်းမိသားစုဆိုလျှင်ပင် ဘာဖြစ်သေးသနည်း။

မည်သို့ပင်ဆိုစေကာမူ ၎င်းတို့က ရှန်းကုကမ္ဘာကို မကျူးကျော်နိုင်ပေ။

ထိုအတွက် ကျွင်းမိသားစု၏ ပါရမီရှင်များက ဘယ်လောက်ပဲ အစွမ်းထက်နေပါစေ၊ ရှန်းကုမျိုးနွယ်များကို စော်ကားဝံ့မည်လော။

အခြား ရှန်းကုမျိုးနွယ်စုမှ သတ္တဝါများကလည်း လှောင်ပြောင်လိုက်ကြသည်။

ဤရှန်းကုတာအိုရေကန်မှာ အတွင်းရေိယာရှိ အကောင်းဆုံး တာအိုရေကန် ဖြစ်သည်။

ထိုအတွက် ပြင်ပကမ္ဘာမှ ပါရမီရှင်များ ချုပ်ကိုင်ထားရန်မှာ သဘာဝအတိုင်း မဖြစ်နိုင်ပေ။

အခြား ရှေးဟောင်းတော်ဝင်မိသားစု သုံးခုမှ ပါရမီရှင်များကမူ မသိမ်းပိုက်လိုပါ။ သို့ရာတွင် ကျွင်းမိသားစုမှ သိမ်းပိုက်သွားမှာကိုလည်း လက်မခံချင်ပေ။

"နင်..."

ကျွင်းရွှယ်ဟွမ်နှင့် ကျွင်းရှီယုတို့၏ လှပသော မျက်နှာများက နီမြန်းလာသည်။

ကျွင်းမိသားစုမှ စီကွမ်များ အနေဖြင့် သူတို့ဟာ ဘယ်အချိန်က ဤမျှ အရှက်ရဖူးလို့လဲ။

"နင်တို့ အမမူလန် လက်စားချေမှာကို မကြောက်ဘူးလား"

ကျွင်းရှီယုက အေးစက်စက်ဖြင့် ပြောလိုက်သည်။

ယင်းကိုကြားတော့ ကျိုးမူ၊ ပင့်ကူမိန်းမလှနှင့် ချိုတ့လီတို တော်ဝင်မိသားစုမှ ပါရမီရှင်သုံးဦး အနည်းငယ် တွန့်သွားကြ၏။

ကျွင်းမူလန်က ရှန်းကုတာအိုရေကန်တွင် ရောက်ရှိနေကြောင်း သူတို့လည်း သိသည်။ သို့ရာတွင် သူမက အဓိကဇရိယာတွင် ဖြစ်ချေသည်။

ကျွင်းမိသားစု၏ တတိယစီကွမ်အနေဖြင့် ကျွင်းမူလန်၏အင်အားက ကျွင်းရွယ်ဟွမ်နှင့် ကျွင်းရှီယုထက် များစွာပို၍အားကောင်းသည်။

ကျွင်းမိသားစု၏ ထိပ်တန်းစီကွမ်သုံးဦးဖြစ်သည့် ကျွင်းလုံခန်း၊ ကျွင်းဝူရှန့်နှင့် ကျွင်းမူလန်က ပါရမီရှင်များကြားတွင် ထိပ်တန်းအဆင့်၌ ရှိကြသည်။

ထိုစကားကိုကြားပြီးနောက် မြေ့ကေရာဇ်ချိုင့်ဝှမ်းမှ ကျိုးမူ၏ မျက်နှာအမူအရာမှာ အနည်းငယ်ပြောင်းလဲသွားသော်လည်း ပြန်လည် တည်ငြိမ်လာပြီး ပြောလိုက်သည်။

"ကျွင်းမူလန်နဲ့ ငါတို့ကိုခြောက်ဖို့ မစဉ်းစားနဲ့။ သူလည်း မကြာခင် အဓိကဧရိယာကနေ ထွက်လာရလိမ့်မယ်"

"ဘာ"

ကျွင်းရှီယုနှင့် ကျွင်းရွယ်ဟွမ်လည်း အံ့ကြိတ်လိုက်၏။

တကယ်လည်း ကျွင်းမူလန်က သန်မာသည့်တိုင် တစ်ယောက်တည်း ဖြစ်သည်။

ထိုအတွက် ဗဟိုဧရိယာမှ နေရာတစ်ခုကို သိမ်းပိုက်ထားရန် အနည်းငယ်ခက်ခဲနေဦးမည်။

ထို့အပြင် ကျွင်းမိသားစုက ပစ်မှတ်ထားခံနေရသည်။

ကျွင်းမိသားစုဟူသော သစ်ပင်ကြီးက မြင့်မားလွန်း၍ လေတိုက်သည်ဟုပင် ဆိုရပေလိမ့်မည်။ သူတို့က ရန်သူများလွန်းသည်ဟု ဆိုနိုင်သည်။

ကျွင်းလုံခန်းကဲ့သို့ ထိပ်သီးစီကွမ်အားလုံးက ရှန်းကုကမ္ဘာ၏ အခြားဒေသများတွင် ပြန့်ကျဲနေသည်။ သူတို့အားလုံး ရှန်းကုတာအိုရေကန်တွင် လာစုစည်းရန် မဖြစ်နိုင်ပေ။

နောက်ဆုံးတွင် ရှန်းကုကမ္ဘာ၏ အခွင့်အလမ်းက ရှန်းကုတာအိုရေကန်တစ်ခုတည်းတွင် မဟုတ်ပါချေ။

သို့သော်လည်း မိန်းကလေးနှစ်ယောက်က အနည်းငယ်မျှ နောက်ဆုတ်မသွားပါ။

ကျွင်းမိသားစု၏ စီကွမ်များအနေဖြင့် နောက်ပြန်ဆုတ်ခြင်းမှာ အရှက်ရစရာ ဖြစ်သည်။

မိန်းကလေးနှစ်ယောက်၏ မျက်လုံးများမှ ပြတ်သားသောအကြည့်ကို မြင်လိုက်ရသော ချိုတာ့လီက ခေါင်းခါယမ်းလိုက်သည်။

"ခေါင်းတလားကို မမြင်သရွေ့ မျက်ရည်မကျဘူးပဲ။ ဒီနေ့တော့ ကျွင်းမိသားစုရဲ့ နောက်ထပ် စီကွမ်နှစ်ဦး ဆုံးရှုံးရတော့မယ်"

ပြောပြီးသည်နှင့် နျိုတ့လီ၊ ပင့်ကူမိန်းမလှနှင့်
ကျိုးမူတို့သုံးယောက်က တစ်ပြိုင်နက်တည်း
တိုက်ခိုက်ခဲ့ကြသည်။

နျိုတ့လီက ပုဆိန်ကြီးတစ်လက်ကို လက်ထဲတွင်
ကိုင်ထားသည်။ သူသည် ကျယ်ပြောလှသော
ကမ္ဘာမြေကြီးကို ခွဲထုတ်နိုင်သကဲ့သို့
ပုဆိန်ခုတ်ချက်ကို ထုတ်ဖော်လိုက်၏။

ပင့်ကူမိန်းမလှကလည်း သူမ၏လက်ဆယ်ချောင်းကို
လှုပ်ရှားလိုက်ရာ ကြောက်မက်ဖွယ်ကောင်း
အဆိပ်အတောက်များကို သယ်ဆောင်သည့် ငွေရောင်
ပင့်ကူပိုးများ ပစ်လွှတ်လာတော့သည်။

ကျိုးမူသည်ကား တော်ဝင်မိသားစုမှ

ပါရမီရှင်သုံးဦးတွင် အသန်မာဆုံး ဖြစ်သည်။
သူ့ခန္ဓာကိုယ်က ခေါင်းကိုးလုံးကောင်းကင်မြွေဖြစ်ပြီး
ရှေးဟောင်းသားရဲ ကျိုးရင်၏
သွေးအရိပ်အမြွက်ရှိသည်ဟုပင် ကောလဟာလများ
ထွက်ပေါ်ခဲ့လေသည်။

တော်ဝင်မိသားစုမှ ပါရမီရှင်သုံးဦး လှုပ်ရှားသောအခါ
ကျွင်းရွှယ်ဟွမ်နှင့် ကျွင်းရှီယုလည်း
တစ်ယောက်ကိုတစ်ယောက်ကြည့်ပြီး
လှုပ်ရှားလိုက်ကြသည်။

"မိုးမြေရေခဲတံဆိပ်ခတ်ခြင်း"

ကျွင်းရွှယ်ဟွမ်က ရေခဲဝိညာဉ်ခန္ဓာအား
အသက်သွင်းကာ ရေခဲနတ်ဘုရားစွမ်းရည်ကို
ထုတ်ဖော်လိုက်သည်။

ကျွင်းရွယ်ဟွမ်၏ ခွန်အားက
အစစ်အမှန်နတ်ဘုရားနယ်ပယ် အစောပိုင်းအဆင့်တွင်
ဖြစ်ချေသည်။

ဤအဆင့်က အပြင်လူများကြားတွင်
ထိပ်တန်းတည်ရှိမှုဟု ဆိုနိုင်သည်။

ကျွင်းရှီယု၏ ကျင့်ကြံခြင်းကလည်း
အစောပိုင်းအဆင့်တွင်ရှိကာ
ကိုယ်ပိုင်နည်းလမ်းများကို အသုံးပြုလိုက်သည်။

ကျွင်းမိသားစု၏ စီကွမ်များသည် အလွန်ခိုင်မာပြီး
အပြင်လောက၌ တစ်ယောက်တည်း
ရပ်တည်နိုင်သူများဟု ဆိုရမည်။

တော်ဝင်မိသားစုသုံးခု၏ ပါရမီရှင်များကို

ရင်ဆိုင်ရသော်လည်း ပြဿနာမရှိပေ။

၎င်းတို့တွင် ရွှေတောင်ပံဘုရင် ရှောင်ပန်နှင့် နှိုင်းယှဉ်နိုင်သော ကျိုးမူရှိလျှင်ပင် သူတို့ကို လုံးလုံးလျားလျား ဖိနှိပ်နိုင်မည်မဟုတ်ပေ။

"နဝမမျက်လုံး နတ်ဆိုးအလင်း"

ကျိုးမူ၏ အင်္ဂါကြယ်သီးများက ပြုတ်ထွက်သွားကာ သူ့ရင်ဘတ်ပေါ်တွင် ရှည်လျားကျဉ်းမြောင်းသော မျက်လုံးကိုးလုံး ပေါ်လာသည်။ ထိုမြင်ကွင်းသည် အလွန် ကြောက်မက်ဖွယ်ကောင်းသည့်ပုံ ရသည်။ ကြောက်မက်ဖွယ်ကောင်းသော နဝမမျက်လုံး နတ်ဆိုးအလင်းများက ထိုမျက်စိကိုးလုံးမှ ထွက်ပေါ်လာတော့သည်။

ယင်းက ကျိုးမူ၏ သဘာဝစွမ်းရည်ဖြစ်ကာ အလွန်

အစွမ်းထက်သည်။

ယင်းကိုမြင်တော့ ကျွင်းရှယ်ဟွမ်နှင့် ကျွင်းရှီယုလည်း ခံစစ်နည်းလမ်းများကို အဆောတလျင် အသုံးပြုလိုက်၏။

သို့သော်လည်း ထိုအချိန်တွင် ကြေးခွံနက်မျိုးနွယ်နှင့် အခြား ရှန်းသတ္တဝါအားလုံးက မျက်လုံးအရောင်လက်သွားကာ ဝင်ရောက်တိုက်ခိုက်ကြတော့သည်။

"ရှန်းကုတာအိုရေကန်က မကြာခင် ပေါက်ကွဲတော့မှာ၊ အချိန်မဆွဲကြနဲ့။ အတူတူတိုက်ခိုက်ပြီး သူတို့ကိုသတ်ကြ"

ရှန်းကုသတ္တဝါများက အော်ဟစ်လိုက်ကြသည်။

အခွင့်အလမ်းများအတွက် ရင်ဆိုင်ရာတွင်
တရားမျှတမှုခြင်း၊ မမျှတခြင်း အရေးမပါတော့ပေ။

အနိုင်ရသူက အောင်နိုင်သူ ဖြစ်သည်။

"ရွှယ်ဟွမ်၊ ငါတို့ ပြန်ဆုတ်ကြမလား"
ကျွင်းရှီယုက နှုတ်ခမ်းကို ကိုက်ပြီး ပြောလိုက်သည်။

ဤအခြေအနေမှာ ကျွင်းမိသားစု၏
'စီကွမ်'ဂုဏ်သိက္ခာကို အနည်းငယ်
ထိခိုက်စေသော်လည်း ဤအခိုက်တွင်
နည်းလမ်းမရှိပေ။

ကျွင်းရွှယ်ဟွမ်၏ မျက်လုံးများလည်း အရောင်
ပြောင်းသွားသည်။

သူမ စိတ်ထဲတွင် အဖြူရောင်ဝတ်စုံဖြင့် အတုမဲ့သော ပုံရိပ်ကို မြင်ယောင်လာခဲ့၏။

ထိုသူဘဝတွင် ဘယ်သောအခါမှ ခြေတစ်လှမ်းပင် မဆုတ်ပေ။

အခြေအနေက မည်မျှ ခက်ခဲနေပါစေ၊ သူ့မျက်နှာမှာ တည်ငြိမ်ပြီး အေးဆေးသည်။

'ငါတို့ ပြန်ဆုတ်ရတယ်ဆိုတာကို သသခင်လေးသိသွားရင် အအထင်သေးမှာလား'

ကျွင်းရှယ်ဟွမ်က နှလုံးသားထဲမှ ရေရွတ်လိုက်သည်။

ကျိုးမူ ထုတ်ဖော်လိုက်သော

နဝမမျက်လုံးနတ်ဆိုးအလင်းနှင့်
ရှန်းကုမျိုးနွယ်ဝင်များ ထုတ်ဖော်လိုက်သော
စွမ်းအင်လှိုင်းများက စုစည်းသွားကာ
သူတို့နှစ်ဦးဆီသို့ လွင့်ပျံလာခဲ့၏။

ဤတိုက်ခိုက်မှုက ပြင်းထန်လွန်းရာ ခုခံနိုင်လျှင်ပင်
နှစ်ယောက်စလုံး ဒဏ်ရာအပြင်းအထန်
ရရှိသွားနိုင်သည်။

ရှန်းကုသတ္တဝါများတွင်လည်း
အစစ်အမှန်နတ်ဘုရားနယ်ပယ် သတ္တဝါများစွာ ရှိ၏။

ကျွင်းရွှယ်ဟွမ်က နောက်ပြန်ဆုတ်ရန်
ရည်ရွယ်ချက်မရှိကြောင်း မြင်ရသောအခါ
ကျွင်းရှီယုလည်း နှုတ်ခမ်းကို ကိုက်လိုက်သည့်တိုင်
နောက်မဆုတ်တော့ပေ။

မိန်းမနှစ်ယောက်က စွမ်းအင်များစုစည်း၍
ပြင်းပြင်းထန်ထန် ခုခံတော့မည့်အချိန်တွင်...

လေပြင်းများ ရုတ်တရက် တိုက်ခတ်လာသည်။

အဖြူရောင်ပုံရိပ်တစ်ခုက
မိနမိန်းကလေးနှစ်ဦးရှေ့တွင် ပေါ်လာခဲ့၏။

ထို့နောက်မှာတော့ သူ့ လက်ဝါးကို
ဆန့်ထုတ်လိုက်တော့သည်။

တခဏအတွင်းမှာပင် ကမ္ဘာကြီးတစ်ခုလုံးက
သုသာန်တစပြင်ကဲ့သို့ တိတ်ဆိတ်သွားကာ
အေးခဲသွားခဲ့ပုံ ရသည်။

တဟုန်းဟုန်းတောက်နေသော
စွမ်းအင်ဒီရေလှိုင်းသည်လည်း ဤလက်ဝါးရှေ့တွင်
ရုတ်ချည်း ပျောက်သွားကြ၏။

တော်ဝင်မိသားစုသုံးစုမှ ပါရမီရှင်များနှင့်
ရှန့်ကုသတ္တဝါများလည်း
ဤမြင်ကွင်းကိုမြင်ရသောအခါ အလွန်
တုန်လှုပ်သွားတော့သည်။

အစစ်အမှန်နတ်ဘုရားနယ်ပယ် နှောင်းပိုင်းအဆင့်မှ
ပါရမီရှင်များသည်ပင် သူတို့၏
ကြောက်မက်ဖွယ်ကောင်းသော ဤတိုက်ခိုက်မှု
ရေစီးကြောင်းကို ပေါ့ပေါ့တန်တန် မခုခံဝံ့ပေ။

သို့ရာတွင် ဤလက်ဝါးရှေ့မှာတော့ ဘောင်မခတ်နိုင်ဘဲ

ဘယ်တုန်းကမျှ မရှိခဲ့သလို ပျောက်ကွယ်သွားခဲ့သည်။

"သူ ဘယ်လိုလုပ်ပြီး ဒီနေရာမှာ ပေါ်လာရတာလဲ"

ကျိုးမူ၊ ချိုတဲ့လီနှင့် ပင့်ကူမိန်းမလှတို့အားလုံး
အဖြူရောင်ဝတ်လူငယ်ကို မြင်ရသောအခါ
အလွန်ထိတ်လန့်သွားကြသည်။

ရှန်းကုသတ္တဝါများကမူ ရုတ်တရက်ပေါ်လာသော
ဤလူငယ်က မည်သူဖြစ်မှန်း မသိနိုင်ပေ။

သို့ရာတွင် သာမန်မဟုတ်မှန်းတော့ သူတို့ သိသည်။

"သခင်လေး"

ကျွင်းရွှယ်ဟွမ်၏ မျက်လုံးအိမ်များ
လှုပ်ခတ်သွားခဲ့သည်။ သူမ

လှည့်ကြည့်လိုက်သောအခါ ချောမောပြီး
အပြစ်ကင်းစင်သော လူငယ်ကို တွေ့လိုက်ရလေသည်။

သူဟာ လက်တစ်ဖက်ကို ဆန့်ထုတ်ပြီး
စွမ်းအင်ခုခံကာကွယ်ခြင်းအား အသက်သွင်းခဲ့သည်။
ထိုအတွက်ကြောင့်ပင် စွမ်းအင်အမျိုးမျိုးဖြင့်
တိုက်ခိုက်မှုအားလုံး အချည်းနှီး
ပျောက်ကွယ်သွားရလေတော့သည်။

"သခင်လေး နတ်ဘုရားသားတော်"
ကျွင်းရှီယုလည်း မျက်လုံးများ လှုပ်ရှားသွားပြီး
စိတ်လှုပ်ရှားမှုများကို လှစ်ဟလာခဲ့သည်။

ဤအခိုက်အတန့်တွင် မိန်းကလေးနှစ်ယောက်၏
နှလုံးသားထဲမှ ပျော်ရွှင်မှုကို စကားလုံးများဖြင့်
ဖော်ပြရန်ပင် မလွယ်ပေ။

ဤခံစားချက်က ရှည်လျားသော ညဏ်အဆုံးတွင်
အာရုဏ်ဦး အလင်းရောင်ခြည်ကို
မြင်လိုက်ရသကဲ့သို့ပင် ဖြစ်သည်။

လက်ရှိအခြေအနေတွင် ကျွင်းရှောင်ယောက်က
ကျွင်းမိသားစု၏ မဏ္ဍိုင်တစ်ခုနှင့် မခြားနားပါချေ။

“ဒါ…”

တော်ဝင်မိသားစုသုံးစုမှ ပါရမီရှင်အားလုံး၏
နှလုံးသားထဲတွင် အေးခဲသွားကြသည်။

အများကြီး စမ်းသပ်နေရန် မလိုတော့ပေ၊
ကျွင်းရှောင်ယောက်၏ ကျပန်း လှုပ်ရှားမှုတစ်ခုက
သူတို့ကို ထိတ်လန့်တုန်လှုပ်စေရန် လုံလောက်ပြီ
ဖြစ်သည်။

"အခု သူ့ရဲ့ ကျင့်ကြံခြင်းအခြေခံက ဘာလဲ"

သုံးယောက်ထဲတွင် အသန်မာဆုံးဖြစ်သည့် ကျိုးမူလည်း သူ့နှလုံးသားက ရေခဲလိုဏ်ဂူထဲသို့ ကျသွားသကဲ့သို့ ခံစားလိုက်ရကာ တစ်ကိုယ်လုံး အေးစက် တုန်ယင်သွားခဲ့သည်။

--------

အခန်း ( ၄၁၁ ) မင်းတို့တွေက မာနကြီးလွန်းနေတာလား၊ ဒါမှမဟုတ် ကျွင်းမိသားစုကပဲ ဓါးကိုဆွဲထုတ်ဖို့ အားနည်းနေတာလား။

ကျွင်းရှောင်ယောက်၏ ထွက်ပေါ်လာခြင်းမှာ လူတိုင်း၏ မျှော်လင့်ချက်ထက် ကျော်လွန်ခဲ့သည်။

ကျွင်းရှယ်ဟွမ်နှင့် ကျွင်းရှီယုလည်း လွန်စွာ စိတ်လှုပ်ရှားသွားကြ၏။

ယင်းက မိုးပြိုကာနီး ကောင်းကင်ထောက်တိုင်ကြီးကို မြင်လိုက်ရသလိုပင်။

"မင်းတို့ မနိုင်ရင် ဘယ်လိုပြေးရမလဲမသိဘူးလား" ကျွင်းရှောင်ယောက် ပြောလိုက်သည်။

"ရှယ်ဟွမ်က ကျွင်းမိသားစုရဲ့ ဂုဏ်သိက္ခာကို မဆုံးရှုံးစေချင်လို့ပါ။ နောက်ပြီး... သခင်လေးကို အရှက်မရစေချင်ဘူး"

ကျွင်းရှယ်ဟွမ်က အမှားတစ်ခုခု လုပ်ထားမိသော ကလေးတစ်ယောက်နှယ် ခေါင်းကိုငုံ့ပြီး

ညည်းညူလိုက်သည်။

သူနှင့် ကျွင်းကျန်းကျန့်၊ ကျွင်းဝမ်ကျဲတို့ဟာ ကျွင်းရှောင်ယောက်၏နောက်သို့ ပထမဆုံး လိုက်ပါကြသူများ ဖြစ်သည်။

ထိုအတွက် သူနှင့် ကျွင်းရှောင်ယောက်ကြားမှ ဆက်ဆံရေးကလည်း အခြားစီကွမ်များနှင့် သဘာဝအတိုင်း မတူပေ။

"မိုက်မဲတဲ့ကောင်မလေး၊ နောက်တစ်ခါ ဒီလိုမလုပ်နဲ့။ မင်းတစ်ခုခုဖြစ်သွားရင် ငါပျော်နိုင်မှာ မဟုတ်ဘူး"

ကျွင်းရှောင်ယောက်လည်း အကူအညီမဲ့ဟန်ဖြင့် ခေါင်းကို ခါယမ်းလိုက်မိသည်။

ပြောင်လျှောင်ပုံရသော်လည်း ကြင်နာမှုများပါသည့်

စကားများကိုကြားတော့ ကျွင်းရွယ်ဟွမ်
ရှက်ရွံ့သွားကာ ခေါင်းညိတ်လိုက်လေသည်။

တစ်ဖက်တွင်မူ ကျွင်းရှီယုက မနာလိုသည့်
အရိပ်အယောင်များကို လှစ်ဟလာခဲ့သည်။

ကံမကောင်းစွာဖြင့် ကျွင်းရှီယုဟာ
ယလင်အချိန်များက ကျွင်းရှောင်ယောက်ကို သိပ်ပြီး
အထင်မကြီးခဲ့ပေ၊ နောက်ပိုင်းမှသာ
စိတ်ပြောင်းသွားလာခဲ့သူ ဖြစ်သည်။

"ဒါပေါ့၊ ရှီယု... မင်းလည်း အတူတူပဲ၊
ဘယ်စီကွမ်ပဲဖြစ်ဖြစ် တစ်ခုခုဖြစ်မှာကို
ငါမလိုချင်ဘူး"
ကျွင်းရှောင်ယောက်က ပြောလိုက်သည်။

ထို့အပြင်၊ သူက ကျောင်းမိသားစု၏
စီကွမ်သုညလည်းဖြစ်၍ မိသားစုမှစီကွမ်များကို
ကူညီရိုင်းပင်းရန် တာဝန်ရှိသည်။

ယင်းက သူ့တာဝန်ပင် ဖြစ်ချေသည်။

မဟုတ်လျှင် ကျောင်းလုံခန်းက
ရှေးဟောင်းတော်ဝင်မိသားစုကို လက်စားချေနေမှာ
မဟုတ်ပေ။ အကြောင်းမှာ သူက ပထမစီကွမ်ဖြစ်၍
ဤတာဝန်ကို သူယူထားသင့်သည်။

ကျောင်းရှီယုလည်း နာခံစွာဖြင့်
ခေါင်းညိတ်လိုက်လေသည်။

ကျောင်းရှောင်ယောက်၏ မျက်လုံးများကို ကြည့်ရင်း
ကြည်နူးမှုများ ဖြစ်ပေါ်လာခဲ့သည်။

ကျွင်းရှောင်ယောက်ဟာ သူမ၏ ယခင်
လုပ်ရပ်များကြောင့် မုန်းတီးခြင်း မရှိခဲ့ဘဲ
အလွန်ရက်ရောသည်ဟု ဆိုနိုင်သည်။

သို့သော်လည်း ကျွင်းရှောင်ယောက်၏ သည်းခံမှုက
သူ့မိသားစုအတွက်သာ အကန့်အသတ် ရှိသည်။

အပြင်လူများနှင့် ပတ်သက်လျှင်တော့…

ကျွင်းရှောင်ယောက်၏ မျက်လုံးများက
တော်ဝင်မိသားစုသုံးခုမှ ပါရမီရှင်များနှင့်
ရှန်းကုသတ္တဝါတစ်စုထံ လှည့်သွားသည်။

သူ၏ မျက်လုံးများမှာတော့ လျစ်လျူရှုခြင်းများ
ပြည့်နှက်နေကာ ပုရွက်ဆိတ်တစ်စုကို ငုံ့ကြည့်နေသည့်

နတ်ဘုရားတစ်ပါးနှင့် ဆင်သည်။

ဟုတ်ပေသည်၊ အစစ်အမှန်နတ်ဘုရားနယ်ပယ် ပါရမီရှင် ဖြစ်နေလျှင်ပင် ကျွင်းရှောင်ယောက်၏ အမြင်မှာတော့ ပုရွက်ဆိတ်တစ်ကောင် ဖြစ်နေပြီ ဖြစ်သည်။

"မင်း ဘယ်သူလဲ၊ ငါတို့ ရှန်းကုမျိုးနွယ်စုရဲ့ ကိစ္စတွေမှာ ဝင်စွက်ဖက်ဝံ့လား"

ကြေးခွံနက်မျိုးနွယ်မှ ပါရမီရှင်က အေးစက်စက်ဖြင့် ပြောလာသည်။

ကျွင်းရှောင်ယောက်က အပိုစကားမပြောဘဲ မိုးကြိုးကေရာဇ်၏ မဟာနတ်ဘုရားစွမ်းရည်ကို အသုံးပြုကာ လက်ညိုးတစ်ချက်ညွှန်ပြလိုက်သည်။

နေရာတိုင်းတွင် မိုးကြိုးထစ်ချုန်းသံနှင့် လျှပ်စီးများက ပြိုးပြိုးပြက်ပြက် လက်သွား၏။ ထို့နောက်မှာတော့ ရောမမိုးကြိုးလက်ချောင်းအဖြစ်သို့ ပေါင်းစပ်သွားတော့သည်။

ယင်းမှာ မိုးကြိုးဧကရာဇ်က ထာဝရအချိန်နှင့် ဟင်းလင်းပြင်ကို ဖြတ်ကာ လက်ချောင်းတစ်ချောင်းကို ဆန့်ထုတ်လိုက်သကဲ့သို့ပင် ဖြစ်သည်။

ဤလက်ချောင်းအောက်တွင် အစစ်အမှန်နတ်ဘုရားနယ်ပယ် ပါရမီရှင်အဖွဲ့ အော်ပင် မအော်နိုင်ဘဲ ပြာမှုန်များအဖြစ်သို့ ပြောင်းလဲသွားတော့သည်။

ဤမြင်ကွင်းကြောင့် ရောက်ရှိလာသူအားလုံး

ကြောက်ရွံ့ထိတ်လန့်ကာ ၎င်းတို့၏ ဝိညာဉ်များပင် တုန်လှုပ်သွားရသည်။

လက်တစ်ချောင်းတည်းဖြင့် အစစ်အမှန်နတ်ဘုရားနယ်ပယ် ပါရမီရှင်ကို သတ်ဖြတ်ခြင်း။

ကိုယ်တိုင် မျက်စိဖြင့်မမြင်ရလျှင် မည်သူက ယုံကြည်နိုင်မှာလဲ။

"မင်း...မင်း ဘယ်သူလဲ"

ရှန်းကုသတ္တဝါတစ်စု ထိတ်လန့်တုန်လှုပ်သွားကြသည်။

အားနည်းသူကို အနိုင်ကျင့်ခြင်း...

အားနည်းသူကို အနိုင်ကျင့်ခြင်းနှင့် အင်အားကြီးသူကို ကြောက်ရွံ့ခြင်းသည် ၎င်းတို့အတွက် အမှန်ကန်ဆုံး သရုပ်ဖော်မှု ဖြစ်သည်။

ရှန်းကုမျိုးနွယ်၏ နောက်ခံအပြင် ၎င်းတို့၏ နယ်ပယ်ကလည်း ပြင်ပလူများထက် မြင့်မားသည် ဆိုသည့်အချက်များကြောင့် ၎င်းတို့သည် မည်သည့် အပြင်လူကိုမျှ မျက်စိထဲသို့ မထည့်ခဲ့ပေ။

ယခုမူ ကျွင်းရှောင်ယောက်၏ရှေ့တွင် တကိုယ်လုံး ထုံကျဉ်ပြီး အလွန်လန့်လာပြီ ဖြစ်သည်။

"ဒါက ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်ပဲ"

"ဘုရားရေ၊ သူလည်း ရှန်းကုကမ္ဘာကို ရောက်လာခဲ့ပြီလား"

"တကယ်ပဲ သူဟာ၊ ဒါပေမဲ့ သူ့ခွန်အားက ဘယ်အဆင့်ထိ ရောက်လာခဲ့တာလဲ"

ရှန်းကုတာအိုရေကန် အနီးတစ်ဝိုက်တွင် အခြား ပါရမီရှင်များလည်း ရှိခဲ့သည်။ ၎င်းတို့က ကျွင်းရှောင်ယောက်ကို မြင်သောအခါ အလန့်တကြား အော်လိုက်ကြ၏။

ကျွင်းရှောင်ယောက်ဟာ ရှန်းကုကမ္ဘာတွင် အနည်းငယ် လှုပ်ရှားပြီးပြီ ဖြစ်သော်လည်း သတင်းကတော့ ဤမျှ မပြန့်ခဲ့သေးပေ။

ထို့ကြောင့် ရှန်းကုကမ္ဘာသို့ ကျွင်းရှောင်ယောက် ရောက်လာခြင်းကို သိရှိထားသူ နည်းပါးသည်။

"သူက ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်လား"
ကျန်ရှုန်းကုသတ္တဝါများလည်း အံ့သြသွားကြသည်။

အပြင်ကမ္ဘာသား ပါရမီရှင်များထံမှ
ကျွင်းရှောင်ယောက်၏ ဂုဏ်သတင်းကို ရံဖန်ရံခါ
ကြားသိရပေသည်။

သူဟာ ပျက်ဆီးခြင်းကောင်းကင်
အင်မော်တယ်နယ်မြေကြီးမှ လူငယ်မျိုးဆက်များတွင်
နံပါတ်တစ်အဖြစ် လူသိများသည်။

ဤခေါင်းစဉ်က မည်သူမဆို ခံနိုင်ရည်ရှိသော
အရာမဟုတ်ပေ။

မူလက ဤရှုန်းကုသတ္တဝါများဟာ
နံပါတ်တစ်ဟူသောဘွဲ့ကို အလွန်အမင်း

မထီမဲ့မြင်ပြုခဲ့သည်။

ရှန်းကုသတ္တဝါများအနေဖြင့် ပုံမှန်ဆိုလျှင် ၎င်းတို့၏ ခွန်အားကလည်း အပြင်လူများထက် သန်မာကြပေသည်။

ယခုမူကား သူတို့အားလုံး လုံးလုံးလျားလျား အသံမထွက်တော့ပေ။

ကျော်ကြားမှုနှင့် ကောလာဟလများက အကြောင်းမဲ့ ထွက်ပေါ်လာခြင်း မဟုတ်ပါချေ။

"ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်..." ကျိုးမှုနှင့် အခြားနှစ်ယောက်လည်း ထိတ်လန့်စပြုလာသည်။

ဘိုးဘွားနဂါးသိုက်နှင့် တခြားတော်ဝင်မိသားစုများက မျိုးဆက်သစ်များကို ကျွင်းမိသားစု၏ စီကွမ်များအား သုတ်သင်ပစ်ရန် အမိန့်ပေးခဲ့သည်။

သို့ရာတွင် ရက်စက်ကြမ်းကြုတ်သော ဤတားမြစ်တည်ရှိမှုထံသို့ တည့်တည့် ပြေးမိမည်ဟု ထင်မထားခဲ့ပေ။

အံ့သြ ထိတ်လန့် ကြောက်ရွံ့နေသော အကြည့်များအောက်တွင် ကျွင်းရှောင်ယောက်၏ မျက်နှာက ဘာမှမထူးခြားပါချေ။

သူက ဖြည်းညှင်းစွာ ပြောလိုက်သည်။

"မင်းတို့တွေက မာနကြီးလွန်းနေတာလား၊ ဒါမှမဟုတ် ကျွင်းမိသားစုကပဲ ခါးကိုဆွဲထုတ်ဖို့

အားနည်းနေတာလား"

"ကျွင်းရှောင်ယောက်၊ မင်းလည်း ရှန်းကုကမ္ဘာထဲကို ဝင်လာနိုင်မယ်လို့ ငါမမျှော်လင့်ထားတာတော့ မှန်တယ်၊ ဒါပေမယ့် ဒီလိုဆိုရင်တောင် ဘာဖြစ်လဲ။ ရှန်းကုကမ္ဘာမှာ မင်းဘာမှလုပ်လို့မရဘူး။ ကောင်းကင်ကြီးကို လက်တစ်ဖက်တည်းနဲ့ ဖုံးအုပ်လို့ မရဘူး"

ကျိုးမူက ကြောက်စိတ်ကိုထိန်းကာ ပြောလိုက်သည်။

"အမှန်ပဲ၊ မင်းဘာသာ ကျားဖြစ်ဖြစ် နဂါးဖြစ်ဖြစ်... ရှန်းကုကမ္ဘာမှာ ဝပ်ဆင်းနေရမယ်"

ရှန်းကုသတ္တဝါတစ်စုကလည်း ဟိန်းဟောက်လိုက်ကြသည်။

ပြင်ပကမ္ဘာမှ ပါရမီရှင်ရှင်တစ်ဦးက

သူတို့၏ခေါင်းပေါ်သို့ ရောက်နေခြင်းကို စီးကျနေသည်ကို လက်မခံနိုင်ပေ။

"အိုး"

ကျွင်းရှောင်ယောက်က ခေါင်းကို အနည်းငယ်ညိမ့်လိုက်သည်။

"အခုထွက်သွားပြီး ဒီရေကန်ကို ငါတို့ဆီ ပြန်ပေးလိုက်ပါ။ မဟုတ်ရင် နဂါးလူသားမျိုးနွယ်၊ ရှေးဟောင်းမှော်မျိုးနွယ်၊ မျက်လုံးသုံးလုံး သူတော်စင်မျိုးနွယ်နဲ့ အဓိကဧရိယာမှာရှိတဲ့ တခြားအင်အားစုတွေကို သတင်းပို့လိုက်မယ်"

ရှန်းကုသတ္တဝါများက ခြိမ်းခြောက်လိုက်၏။

ကျွင်းရှောင်ယောက်က သူတို့ကို မကြောက်လျှင် ရှန်းကမ္ဘာမှ အဓိက အင်အားစုကြီး လေးခုကိုတော့

ကြောက်ရွံ့သင့်သည် မဟုတ်လား။

အစိက မျိုးနွယ်ကြီးလေးခု၏ ပါရမီရှင်အားလုံးမှာ ထိပ်တန်းများ ဖြစ်သည်။ ၎င်းတို့အထဲတွင်၊ ကောင်းကင်နတ်ဘုရားနယ်ပယ်သို့ ရောက်ရှိသွားသော ကြောက်မက်ဖွယ်ကောင်းသည့် တည်ရှိမှုများပင် ရှိ၏။

ထိုပါရမီရှင်များက တကယ့်ဘီလူးကြီးများ ဖြစ်ကြသည်။

ရှန်းကုကမ္ဘာတွင် အိပ်စက်နေသော ရှေးဟောင်းလူထူးဆန်းများမှလွဲ၍ ၎င်းတို့အတွက် ပြိုင်ဘက်မရှိသလောက်ပင်။

"ဟားဟားဟား…”

ကျွင်းရှောင်ယောက် ရယ်မောလိုက်သည်။

ကျွင်းရှောင်ယောက်နှင့် ရင်းနှီးတဲ့သူများကတော့ ကောင်းစွာ သိ၏။

သူ၏ ရယ်မောခြင်းကို အခြေအနေနှစ်ခုဖြင့် ဖော်ပြနိုင်သည်။

ပထမက သူပျော်သည်။

ဒုတိယအချက်ကတော့ သူ သတ်ချင်နေ၏။

လက်ရှိ ကျွင်းရှောင်ယောက်က ဒုတိယအမျိုးအစားတွင် ပါဝင်နေကြောင်း ထင်ရှားသည်။

"ကောင်းကင်ကို ဆန့်ကျင်သူတွေအတွက်
ခြွင်းချက်ရှိတယ်။ ငါ့ကို ဆန့်ကျင်ရင်တော့
အသက်ရှင်ဖို့ အခွင့်အလမ်းမရှိဘူး"

"အခု မင်းတို့ရှေ့မှာ လမ်းတစ်ခုပဲ ရှိတယ်..."

ကျွင်းရှောင်ယောက်က ခဏရပ်လိုက်သည်။ ထို့နောက်
သူ့လက်ကို ဖြည်းညှင်းစွာ မြှောက်ကာ ကောင်းကင်ကို
ညွှန်ပြလိုက်၏။

“ဘာလဲ...”

ရှန်းကု သတ္တဝါအုပ်စုလည်း စိတ်မသက်မသာ
ခံစားလိုက်ရသည်။

"ငရဲလမျး"

ကျွင်းရှောင်ယောက်က စကားဆုံးသည်နှင့် အမှောင်စွမ်းအားများဟာ ကောင်းကင်သို့ ထိုးတက်သွားတော့သည်။

မှောင်မိုက်ပြီး ကြောက်စရာကောင်းသည့် ငရဲတံခါးကြီး ထွက်ပေါ်လာပြီး ဟင်းလင်းပြင်က ပုံပျက်သွားခဲ့သည်။

ငရဲတံခါးသည် ဟင်းလင်းပြင်ထဲတွင် ဖြည်းညှင်းစွာဖွင့်လိုက်၏။

ထို့နောက်မှာတော့ မရေမတွက်နိုင်သော နတ်ဆိုးများနှင့် အသူရာတို့က ဝိုင်းအုံထွက်လာကြတော့သည်။

"ဟာ... ဒါဘာတွေလဲဟ"

"ပြေး"

ရှန်းကုသတ္တဝါများ ထိတ်လန့်သွားကြသည်။
နောက်ဆုံးတွင် သူတို့၏ မာနကြီးသော
သဘောထားများ ပျောက်ဆုံးသွားကြပြီ။

သို့သော်လည်း များစွာ နောက်ကျသွားခဲ့ပြီ ဖြစ်သည်။

အဆုံးမရှိသော အသူရာနှင့် နတ်ဆိုးများက သူတို့ကို
ဝိုင်းရံထားလိုက်သည်။

သူတို့၏ တစ်ဦးချင်းတိုက်ခိုက်နိုင်စွမ်းက
မပြင်းထန်သော်လည်း ပုရွက်ဆိတ်အုံက
ဆင်တစ်ကောင်ကို သတ်နိုင်ကြပေသည်။

"ပြေးကြ"

ကျိုးမူ၊ ချိုတဲ့လီနှင့် ပင့်ကူမိန်းမလှတို့လည်း ထိတ်လန့်တကြားဖြစ်ကာ လှည့်ထွက်ပြေးလိုက်သည်။

"မင်းတို့ ထွက်သွားနိုင်မယ် ထင်တာလား"

ကျွင်းရှောင်ယောက်က သူ့လက်ကို ဆန့်ထုတ်လိုက်သည်။ ကြီးမားသော စွမ်းအင်လက်ဝါးကြီးတစ်ခု ကောင်းကင်တွင် ပေါ်လာခဲ့၏။ ၎င်းက ကောင်းကင်ထောင့်တစ်ခု ပြိုကျသွားသကဲ့သို့ပင် ဖြစ်သည်။

"ပိုးပိုက်ကွန်တစ်ထောင်"

ပင့်ကူမိန်းမလှက အော်ဟစ်ပြီး သူမ၏ အကြွင်းမဲ့စွမ်းရည်ကို ထုတ်ဖော်လိုက်သည်။ ပိုက်ကွန်က ဖြန့်ထွက်လာကာ စွမ်းအင်လက်ဝါးကြီးကို

ဖုံးလွှမ်းသွား၏။

သူက တိုက်ခိုက်မှုကို တားဆီးချင်သည်။

သို့သော်...

"ဝုန်း"
သည်းထိတ်ရင်ဖိုစရာမရှိဘဲ ပင့်ကူမိန်းမလှဟာ
တိုက်ရိုက် ရိုက်သတ်ခံလိုက်ရတော့သည်။

ထို့နောက် ကျွင်းရှောင်ယောက်က လေထဲတွင်
လက်ဝါးကိုဖြန့်၍ ဆုပ်ကိုင်လိုက်သည်။
နတ်ဘုရားစွမ်းအားများက လေထဲတွင် စုစည်းကာ
လျှပ်စီးများ လက်လာခဲ့၏။

ကောင်းကင်နတ်ဘုရားလုံ့နှင့် ကပ်ဘေးကိုးခု
မိစ္ဆာသုတ်သင်မိုးကြိုးတို့က ပေါင်းစည်းသွားကာ
ချိုတာ့လီသို့ တိုးဝင်သွားတော့သည်။

"တောင်တန်းခွဲခြမ်းခြင်း"

ချိုတာ့လီဟာ သူ့လက်ထဲမှ တောင်ခွဲပုဆိန်ကို
ပင့်မြှောက်လိုက်သည်။ သူ့ခန္ဓာကိုယ်ပေါ်မှ
ကြွက်သားများက ဖောင်းကားလာကာ အရပ်ကလည်း
ကိုးမီတာအထိ မြင့်မားလာခဲ့၏။ သူက ပုဆိန်ဖြင့်
ခုတ်ပိုင်းလိုက်ရာ မြေပြင် တုန်ခါပြီး
အက်ကွဲသွားတော့သည်။

သို့သော်လည်း အသုံးမဝင်သေးပါ။

အခြားအရာအားလုံးကို ဘေးဖယ်ထားလျှင်ပင်
ကျင့်ကြံခြင်းအခြေခံတွင် ကျွင်းရှောင်ယောက်က

လုံးလုံးလျားလျား ချေမှုန်းပစ်နိုင်သည်။

ထို့ပြင် နျိုတာ့လီ၏ ခန္ဓာကိုယ်ကြံ့ခိုင်မှုက
သန်မာနေသော်လည်း
ကျွင်းရှောင်ယောက်နှင့်ယှဉ်လျှင် ရယ်စရာ ဖြစ်နေဆဲ
ဖြစ်သည်။

"ဝုန်း"
မိုးကြိုးများ ရစ်ပတ်ထားသော ကောင်းကင်နတ်ဘုရား
လှံက နျိုတာ့လီကို တိုက်ရိုက်ထိမှန်ကာ
အပိုင်းပိုင်းခွဲပစ်လိုက်၏။

ခဏချင်းမှာပင် တော်ဝင်မိသားစုသုံးခုအနက်
မြွေကေရာင်ဇ်ချိုင့်ဝှမ်းမှ ကျိုးမူတစ်ဦးသာ
ကျန်တော့သည်။

---------

အခန်း ( ၄၁၂ ) ကျွင်းရှောင်ယောက်၏
သတ်ဖြတ်ချင်သော စိတ်ဆန္ဒ။

ကျွင်းရှောင်ယောက်က တော်ဝင်မိသားစု၏
ပါရမီရှင်နှစ်ဦးကို အလွယ်တကူ သတ်လိုက်သည်အား
မြင်ရသောအခါ ကျိုးမူ နှလုံးခုန်မြန်လာသည်။

"မကောင်းဆိုးရွား၊ ဒီကျွင်းရှောင်ယောက်က
လူမဟုတ်တော့ဘူး"
ကျိုးမူ တုန်တုန်ယင်ယင် ဖြစ်သွားသည်။

ကျွင်းရှောင်ယောက် မည်သို့
လေ့ကျင့်နေသလဲဆိုတာကို သူ အမှန်တကယ်

နားမလည်နိုင်တော့ပေ။

ယေဘုယျ အကြောင်းပြချက်များအရ သူဟာ ရှန်းကုကမ္ဘာထဲသို့ နောက်ကျမှ ဝင်ရောက်ခဲ့၍ သူ၏ ကျင့်ကြံခြင်းအခြေခံက ၎င်းတို့ထက် အဆပေါင်းများစွာ နိမ့်ကျနေသင့်သည်။

သို့ရာတွင် ကျွင်းရှောင်ယောက်၏နယ်ပယ်က အဘယ်ကြောင့် ရှေးဟောင်းတော်ဝင်မိသားစုမှ ပါရမီရှင်များထက်ပင် မြင့်မားနေသနည်း။

ယင်းက စိတ်တိုစရာကောင်းလှသည်။

ယခုအခါ သူက ရှန်းကုမျိုးနွယ်များမှ ပါရမီရှင်များထက်ပင် အားကောင်းနေပုံ ရပေသည်။

ကျိုးမှုက မတုံးပေ။ သူ၏ခွန်အားက
အားမနည်းသော်လည်း ကျွင်းရှောင်ယောက်၏
ပြိုင်ဘက်မဖြစ်နိုင်မှန်း ကောင်းစွာ သိသည်။

ထို့ကြောင့် မဆိုင်းမတွ နောက်သို့လှည့်ကာ
ထွက်ပြေးလေတော့သည်။

"ကျွင်းမိသားစုကို ရန်စပြီးကတည်းက
မင်းသေသွားခဲ့ပြီ"

ကျွင်းရှောင်ယောက်က ဘာမှမထူးခြားဘဲ
ပြောလိုက်သည်။

ဤအခိုက်အတန့်တွင် သူက အသက်များကို
ရိတ်သိမ်းသွားမည့် သေခြင်းနတ်ဘုရားတစ်ပါးကဲ့သို့
ပြောင်းလဲသွားခဲ့ပုံရသည်။

ကျွင်းရှောင်ယောက်က သူ့လက်ကိုမြှောက်ပြီး ဓားကဲ့သို့ ချိန်ရွယ်လိုက်ရာ လက်နှစ်ချောင်းတွင် စွမ်းအင်များ စုစည်းလာသည်။

ထို့နောက်တွင် အင်မော်တယ်သတ်ဓားသိုင်းဖြင့် တောက်ပသော ဓားအလင်းတစ်ခု ထွက်ပေါ်လာခဲ့၏။

ဓားအလင်းက ရှည်လျားသောမြစ်ကြီးကဲ့သို့ ကြီးမားကာ အင်မော်တယ်များ ကျဆုံးသွားသည့် မြင်ကွင်းများကို ပြသနေခဲ့သည်။ ပတ်ဝန်းကျင်ရှိ ဓားစိတ်ဆန္ဒများကြောင့်လည်း ရှန်းကုတာအိုရေကန်မှ ရေများ ဆူပွက်လာခဲ့၏။

ကျွင်းရှောင်ယောက်၏ လက်ရှိစွမ်းအားဖြင့် ထုတ်ဖော်လိုက်သော အင်မော်တယ်သတ်ဓားသိုင်း၏

စွမ်းအားမှာ မေးခွန်းထုတ်ရန် မလိုပေ။ ယင်းက ကောင်းကင်ပေါ်မှ ကြယ်များကိုပင် ဖြုတ်တောက်ပစ်နိုင်သည်။

"မျက်လုံးကိုးလုံး နတ်ဆိုးအလင်း"

ကျိုးမူက သူ၏ မွေးရာပါစွမ်းရည်ကို ထပ်မံအသုံးပြုခဲ့သည်။ သူ့ရင်ဘတ်ပေါ်ရှိ မျက်လုံးကိုးလုံးက အနက်ရောင်နတ်ဆိုး အလင်းများကို တစ်ပြိုင်နက်တည်း ပစ်ခတ်လိုက်၏။ ယင်းက ဓားအလင်းနှင့် တိုက်မိသွားသော အနက်ရောင် အလင်းတိုင်တစ်ခုအဖြစ်သို့ ကူးပြောင်းသွားတော့သည်။

"ဝုန်း"

ပြင်းထန်သော စွမ်းအားလှိုင်းများက နေရာအနှံ့ ပျံ့နှံ့သွားခဲ့သည်။

ကျိုးမူ အနောက်သို့ လွင့်စဉ်သွားပြီး သွေးများ အန်ထွက်လာသည်။ သို့ရာတွင် အသက်မသေသွားခဲ့ပေ။

"အိုး"

ကျွင်းရှောင်ယောက်လည်း အနည်းငယ် အံ့သြသွားသည်။

"မင်း ကြည့်ရတာ သူတို့နှစ်ယောက်ထက် နည်းနည်း ပိုသန်မာပုံရတယ်"

ကျွင်းရှောင်ယောက် မှတ်ချက်ချလိုက်၏။

ကျိုးမူ၏ ခွန်အားက ရွှေတောင်ပံဘုရင် ရှောင်ပန်ထက် များစွာ အားမနည်းသင့်ပေ။

"ကျွင်းရှောင်ယောက်၊ မင်း တကယ်
သတ်ချင်တာလား"

ကျိုးမူက ကြမ်းတမ်းသောမျက်နှာဖြင့် နှုတ်ခမ်းမှ
စီးကျနေသောသွေးများကို သုတ်ဖယ်လိုက်သည်။

"ဒီလို မေးခွန်းမျိုးကို မေးလာကတည်းက မင်း
ဘယ်လောက်ထိ မိုက်မဲတယ်ဆိုတာ သိသာနေခဲ့ပြီ"

ကျွင်းရှောင်ယောက်က ထပ်မံ လှုပ်ရှားလိုက်သည်။

သူ၏ မျက်ခုံးနှစ်ခုကြားမှ
ရွှေရောင်အလင်းတန်းတစ်ခု လင်းလက်လာကာ
မူလတာအိုအုပ်ချုပ်သူဓား ထွက်ပေါ်လာခဲ့သည်။

နတ်အမိန့်ချိန်းသည် ရွှေရောင်ဓားတိုအဖြစ်သို့
ပြောင်းလဲသွား၏။ ဓားက တိုတောင်းသော်လည်း

ကောင်းကင်ကိုဖြတ်တောက်နိုင်သည့်
ကြီးကျယ်ခမ်းနားသော အရှိန်အဝါများ ရှိသည်။

မဟာနတ်ဘုရားသိုင်းငါးခုထဲမှ တစ်ခုအနေဖြင့်
မူလတာအိုအုပ်ချုပ်သူစားသည်
အင်မော်တယ်သတ်စားသိုင်းထက် အားမနည်းပါချေ။

"ငါ မင်းနဲ့ တိုက်ခိုက်မယ်"
ကျိုးမူ ဟိန်းဟောက်လိုက်သည်။

လွတ်လမ်းမရှိမှတော့ တိုက်ခိုက်ရန်သာ ရှိတော့သည်။

သူသည် မီတာတစ်ထောင်ရှည်လျားသော
အနက်ရောင်မြွေတစ်ကောင်ဖြစ်သော မူလရုပ်သွင်သို့
ပြောင်းလဲသွား၏။ သူ၏ မြွေဦးခေါင်းပေါ်တွင်ကား
မြွေမျက်လုံးကိုးလုံး ပါရှိနေကာ

ကြောက်မက်ဖွယ်ကောင်းလှသည်။

"ငါ့ဓားကို တားနိုင်ခဲ့တာ အံ့သြစရာ မဟုတ်တော့ပါဘူး။ မင်းရဲ့ ခန္ဓာကိုယ်က မျက်လုံးကိုးလုံး မြွေတစ်ကောင်ပဲ"
ကျွင်းရှောင်ယောက်က တည်ငြိမ်စွာဖြင့် ပြောလိုက်သည်။

မျက်လုံး ကိုးလုံး ကောင်းကင်မြွေက ရှေးဟောင်းသားရဲ သွေးမျိုးဆက်ကို ပိုင်ဆိုင်ထားသူ ဖြစ်ချေသည်။

ကျိုးမူက မြွေကေရာဇ်ချိုင့်ဝှမ်း၏ အဓိက ပါရမီရှင်တစ်ဦး ဖြစ်လာရသည့် အကြောင်းရင်းမှာလည်း ၎င်း၏ အစွမ်းထက်သော သွေးမျိုးဆက်ကြောင့်ပင် ဖြစ်သည်။

ကံမကောင်းစွာဖြင့် သူ့ပြိုင်ဘက်မှာ ကျွင်းရှောင်ယောက် ဖြစ်နေခဲ့ရသည်။

"တကယ်လို့ မင်းသာ သန့်စင်တဲ့ ကျိုးရင်သွေးရှိတဲ့ မျိုးဆက်ဖြစ်ရင် ပိုပြီး အာရုံစိုက်မိမှာ၊ ဒါပေမဲ့ မင်းက..."

ကျွင်းရှောင်ယောက် သက်ပြင်းချလိုက်သည်။

သူ့လက်ကို မြှောက်လိုက်သည်နှင့် သူ့လက်ချောင်းများကြားတွင် လျှပ်စီးလက်လာသည်။ လျှပ်စီးအလင်းကြယ်များသည် တစ်ခုပြီးတစ်ခု ထွက်ပေါ်လာပြီး မျက်လုံး ကိုးလုံး ကောင်းကင်မြွေထံ တိုးဝင်သွား၏။

မျက်လုံး ကိုးလုံး ကောင်းကင်မြွေလည်း မြည်တွန်ကာ

မျက်လုံးကိုးလုံး နတ်ဆိုးအလင်းများကို
ထုတ်လွှတ်လာတော့သည်။

ထိုအချိန် ကျွင်းရှောင်ယောက်က
မူလတာအိုအုပ်ချုပ်သူများကို ထိန်းချုပ်ရန်
ဝိညာဉ်စွမ်းအားကို အသုံးပြုပြီး ခုတ်ချလိုက်သည်။
ရွှေရောင်ဓားအလင်းက မိုးနှင့်မြေကို ပိုင်းခြားကာ
ဟင်းလင်းပြင်ကို တုန်လှုပ်စေခဲ့၏။

"ဝုန်း"
ကျိုးမူ၏ ဦးခေါင်း
တိုက်ရိုက်ပြုတ်တောက်သွားတော့သည်။

ကောင်းကင်တွင် သွေးများဖြင့် ရွှဲသွားသည်။

ဤမြင်ကွင်းက ရှန်းကုတာအို ရေကန်တဝိုက်မှ

ပါရမီရှင်များစွာကို တုန်လှုပ်စေခဲ့သည်။

ကျန်ရှန်းကုသတ္တဝါများလည်း
ဤသေမင်းနတ်ဘုရားကို ကြောက်ရွံ့လာကာ
အဝေးသို့ ပြေးကုန်ကြ၏။

"သခင်လေး... လုံအိုထျန်းက မင်းကို... အလွတ်
မပေးဘူး..."

ပြတ်ကျသွားသော ကျိုးမူ၏ မြွေဦးခေါင်းက
လူသားဘာသာစကားဖြင့် ပြတ်တောင်းပြတ်တောင်း
ပြောခဲ့သည်။

"လုံအိုထျန်း..."

ကျွင်းရှောင်ယောက် အနည်းငယ် ပြုံးလိုက်၏။

လုံအိုထျန်းက ယခုဆိုလျှင် သူ့လက်ဝါးထဲ၌ ကစားခံနေခဲ့ရပြီ ဖြစ်သည်။ သို့တိုင် ကျိုးမူက သူ့အား လက်စားချေရန် လုံအိုထျန်းကို အားကိုးနေဆဲပင်။

ယင်းက ရယ်စရာကောင်းသည်။

ကျွင်းရှောင်ယောက်က ခေါင်းခါယမ်းပြီး လက်ကို ဝှေ့ယမ်းလိုက်သည်။ ထိုရှိရှေးဧကရာဇ်မီးလျှံက ထွက်ပေါ်လာကာ ကျိုးမူကို ပြာဖြစ်သည်အထိ လောင်ကျွမ်းသွား၏။

တော်ဝင်မိသားစုသုံးခုမှ ထိပ်တန်း ပါရမီရှင်သုံးဦး ကျဆုံးခဲ့ပေပြီ။

တစ်ဖက်တွင်လည်း မသိနားမလည်သော ရှန်းကုသတ္တဝါအုပ်စုကို ငရဲတံခါးတွင်းမှ

နတ်ဆိုးများက သတ်ဖြတ်ခဲ့ကြသည်။

ထို့နောက် ငရဲတံခါးကို ပြန်ပိတ်လိုက်လေသည်။

ရှန်းကုတာအိုရေကန်တစ်ခုလုံး ပြန်လည်
ငြိမ်သက်သွားခဲ့သည်။

သို့ရာတွင် ဘေးပတ်ဝန်းကျင်မှ လူများကမူ
ငြိမ်မနေနိုင်ကြတော့ပါ။

ကျွင်းရှောင်ယောက်၏ လှုပ်ရှားမှုအရ
ယခင်ကတည်းက ရှန်းကုကမ္ဘာကို
ရောက်နေသလားဟုပင် သူတို့အား
သံသယဝင်စေခဲ့သည်။ မဟုတ်ပါက သူ့ခွန်အားဟာ
ဘယ်လိုလုပ်ပြီး ဤမျှသန်မာနိုင်မည်နည်း။

၎င်းတို့အပြင် ဘေးမှ အခြေအနေကို
အေးစက်စက်ဖြင့် ကြည့်နေခဲ့သော သတ္တဝါများလည်း
ရှိသည်။

ဥပမာအားဖြင့် ရှန်းကုမျိုးနွယ်များ…

'ကျွင်းမိစားစုရဲ့ နတ်ဘုရားသားတော်က
ရှန်းကုမျိုးနွယ် အများကြီးကို ရန်စလိုက်တာပဲ၊ သူ
ဝေးဝေးသွားနိုင်မှာ မဟုတ်ဘူး'

တချို့

ရှန်းကုသတ္တဝါအချို့က စဉ်းစားလိုက်ကြသည်။

ပြင်ပကမ္ဘာမှ ဤပါရမီရှင်များဟာ
ရှန်းကုမျိုးနွယ်များ၏ ပါရမီရှင်များ

မည်မျှအားကောင်းမည်ကို သိမည်မဟုတ်ပေ။

၎င်းတို့အထဲတွင် တန်ခိုးကြီးသော
ကောင်းကင်နတ်ဘုရားများပင် ရှိသည်။

"သခင်လေး"

"သခင်လေး နတ်ဘုရားသားတော်"

ကျွင်းရွယ်ဟွမ်နှင့် ကျွင်းရှီယု၏ လှပသော
မျက်လုံးများလည်း ရွှင်လန်းမှု၊ မြတ်နိုးမှုတို့ဖြင့်
ပြည့်နှက်နေခဲ့သည်။

နတ်ဘုရားသားတော်က
နတ်ဘုရားသားတော်ဖြစ်နေဆဲပင်။ သူဟာ လူများကို
ဘယ်တော့မှ စိတ်ပျက်စေမည် မဟုတ်ပေ။

သူက အခြား၏ အရှေ့တွင်သာ အမြဲရှိနေခဲ့သည်။

ထိုအချိန်တွင် မင်းသမီးလုံကျိနှင့် လဲ့မင်ယွမ်တို့လည်း ရောက်လာသည်။

မင်းသမီးလုံကျိဟာ
ကျွင်းရှောင်ယောက်၏အမိန့်များကို
မလိုလားတော့ဟန်ဖြင့် ခပ်လှမ်းလှမ်းတွင်သာ
ရပ်နေခဲ့၏။

"မင်းသမီးလုံကျိ"
ကျွင်းရှယ်ဟွမ်နှင့် ကျွင်းရှီယုတို့
နှစ်ယောက်စလုံးလည်း လေးနက်ကာ
ရန်လိုလာကြသည်

"အဆင်ပြေပါတယ်။ လောလောဆယ်တော့ သူက
အန္တရာယ်ကင်းတယ်"
ကျွင်းရှောင်ယောက်က သူ့လက်ကို
ဖွေ့ယမ်းလိုက်သည်။

သူ့စကားကြောင့် မိန်းကလေးနှစ်ယောက်ကို
အနည်းငယ် အံ့သြသွား၏။

ဤကား ဘာအဓိပ်ပာယျနညျး။

"ဒါက ဇာတ်လမ်းရှည်ကြီးပဲ။ အဲဒီအကြောင်းကို
မပြောတော့နဲ့။ ဘာပဲဖြစ်ဖြစ်၊ သူက တော်တော်
နာခံပြီး အန္တရာယ်ကင်းပါတယ်။ သူ့ကို စိတ်မဆိုးနဲ့"
ကျွင်းရှောင်ယောက်က ပြောလိုက်သည်။

"ကျွင်းရှောင်ယောက်၊ နင်..."

မင်းသမီးလုံကျို အံကို တင်းတင်းကြိတ်လိုက်၏။

သူမကို အိမ်မွေးတိရစ္ဆာန်တစ်ကောင်အား ဖော်ညွှန်းနေသကဲ့သို့ အဘယ်ကြောင့် အဓိပ္ပာယ်ရှိနေပါသနည်း။

ကျွင်းရွယ်ဟွမ်လည်း ခေါင်းညိတ်လိုက်ပြီးနောက် ကျွင်းရှောင်ယောက်၏ နည်းလမ်းများကို ပို၍ပင် သဘောကျသွားသည်။

သို့သော်လည်း သူမ၏မျက်လုံးများမှာတော့ ရန်လိုမှုအပြည့် ရှိနေပါသေးသည်။

ဤရန်ပြိုးဖွဲ့မှုမျိုးကမူ အမျိုးသမီးများကြားမှ ရန်ပြိုးဖွဲ့ခြင်းမျိုး ဖြစ်သည်။

"အင်း၊ အခု အခြေအနေက ဘယ်လိုလဲ"

ကျွင်းရှောင်ယောက်က မေးလိုက်သည်။

လဲ့မင်ယွမ်ထံမှ အချက်အလက်အချို့ကို သိရသော်လည်း အကန့်အသတ်ရှိ၏။

ကျွင်းရှယ်ဟွမ်တို့ထံ မေးမြန်းခြင်းဖြင့် ပို၍သိရှိနိုင်သင့်သည်။

ထို့နောက် ကျွင်းရှယ်ဟွမ်ဟာ ကျွင်းရှောင်ယောက်ကို အချို့သော အကြောင်းအရာများအား ပြောပြပေးခဲ့သည်။

ဤတွင် စတုတ္ထစီကွမ် ကျွင်းပူချန်၊ ဆဋ္ဌမစီကွမ် ကျွင်းတောက်လင်နှင့် နဝမစီကွမ် ကျွင်းထျန်းမင်တို့၏ သေဆုံးမှုများလည်း ပါဝင်သည်။

ကျွင်းပူချန်က ကြွေလွင့်နတ်ဘုရားနန်းတော်မှ အမှောင်သားတော်၏ လုပ်ကြံသတ်ဖြတ်ခြင်းကို ခံခဲ့ရသည်။

ကျွင်းတောက်လင်ကမူ ရှေးဟောင်းတော်ဝင်မိသားစုမှ သတ်ဖြတ်ခံခဲ့ရ၏။

ကျွင်းထျန်းမင်သည်ကား ရတနာများ ရှာဖွေနေစဉ် ရှန်းကုမျိုးနွယ်ကြီး လေးခုအနက်၊ မျက်လုံးသုံးလုံး မျိုးနွယ်မှ ထိပ်တန်းပါရမီရှင်၏ ရှောင်တခင် သတ်ဖြတ်ခံခဲ့ရသည်။

"ရှောင်တခင် အသတ်ခံရတာ"

ကျွင်းရှောင်ယောက် မျက်ခုံးပင့်ကာ ဤဖော်ပြချက်ကို သတိပြုမိသွားသည်။

ကျွင်းထျန်းမင်က ကျွင်းမိသားစု၏ နဝမစီကွမ်ဖြစ်ရာ အလွယ်တကူ အသတ်မခံရနိုင်ပေ။

"သူ့ကိုသတ်ခဲ့တဲ့သူဟာ မျက်စိသုံးလုံး သူတော်စင်မျိုးနွယ်ရဲ့ ကောင်းကင်သားတော်ပဲ။ သူ့ရဲ့ ကျင့်ကြံခြင်းအခြေခံက...
ကောင်းကင်နတ်ဘုရားနယ်ပယ်မှာ ရှိတယ်"

ကျွင်းရှွယ်ဟွမ်က လေသံတိုးတိုးဖြင့် ပြောလိုက်သည်။

ယုန်၏သေခြင်းက မြေခွေးကို ဝမ်းနည်းသွားစေသည်။

ကျွင်းထျန်းမင်၏ ပေါ့ပေါ့တန်တန် အသတ်ခံရခြင်းမှာ သူတို့ကိုလည်း အလွန် စိတ်မသက်မသာ ခံစားရစေခဲ့သည်။

"ကြွေလွင့်နတ်ဘုရားနန်းတော်၊ ရှေးဟောင်းတော်ဝင်မိသားစု၊ မျက်လုံးသုံးလုံး သူတော်စင်မျိုးနွယ်..."

ကျွင်းရှောင်ယောက်၏ မျက်နှာအမူအရာက အပြောင်းအလဲမရှိဘဲ သတ်ဖြတ်လိုစိတ်များသာ ထွက်လာသည်။

သို့ရာတွင် ပတ်ဝန်းကျင် အပူချိန်မှာ ရေခဲမှတ်သို့ လျင်မြန်စွာ ကျဆင်းသွား၏။

အလွန်ရက်စက်ကြမ်းကြုတ်သည့် သတ်ဖြတ်ချင်သော

စိတ်ဆန္ဒများက ကမ္ဘာကြီးကို
အေးခဲသွားစေခဲ့တော့သည်။

ကျွင်းရှောင်ယောက် ဒေါသထွက်နေပြီ။

--------

အခန်း ( ၄၁၃ ) ကမ္ဘာတစ်ခုလုံးကို ငါသတ်ချင်တယ်၊
ကျွင်းမိသားစုကို မြင်ရသူတိုင်း ဒူးထောက်ကြရမယ်။

သာမန်လူတစ်ယောက် စိတ်ဆိုးလာလျှင်
ပတ်ဝန်းကျင်သို့ သွေးဖြာရဲသွားမည်။

ကေရာဇ်မင်း စိတ်ဆိုးသောအခါ မိုင်ထောင်ချီပြီး
သွေးချောင်းစီးရ၏။

ကျွင်းမိသားစု၏ နတ်ဘုရားသားတော်
စိတ်ဆိုးသည့်အခါ သူဘာလုပ်မည်နည်း။

"ဟင်း၊ ဒီနတ်ဘုရားသားတော်က အရမ်း
ကြင်နာပြနေခဲ့လို့လား"

ကျွင်းရှောင်ယောက်က ကောင်းကင်ကို မော့ကြည့်ပြီး
သက်ပြင်းအနည်းငယ်ချလိုက်သည်။

ကြင်နာမှုလား။

ထိုစကားကိုကြားတော့ ကျွင်းရွယ်ဟွမ်၊ ကျွင်းရှီယုနှင့်
အခြားသူများလည်း နေရာအနှံ့မှ သွေးများနှင့်
လောလောလတ်လတ် အလောင်းများကိုကြည့်ကာ
တိတ်ဆိတ်သွား၏။

ကျွင်းရှောင်ယောက်ကို ကြင်နာသူဟု ခေါ်လျှင်....

ကမ္ဘာပေါ်၌ ရက်စက်သူများ မရှိနိုင်တော့ပေ။

သို့တိုင် ကျွင်းရှောင်ယောက်က
မလုံလောက်သေးဘူးဟု ခံစားနေရသည်။

"ရုတ်တရက် ငါ့မှာ ဆန္ဒတစ်ခု ဖြစ်လာတယ်"
ကျွင်းရှောင်ယောက်က ခဏစဉ်းစားနေပြီးနောက်
ပြောလိုက်သည်။

ကျွင်းရွယ်ဟွမ်၊ ကျွင်းရှီယုနှင့် လဲ့မင်ယွမ်လည်း
လှည့်ကြည့်လိုက်၏။ အေးစက်စက်
မျက်နှာအမူအရာရှိသော မင်းသမီးလုံကျိသည်ပင်

မသိမသာ နားစွင့်လိုက်သည်။

"ငါ ကမ္ဘာကြီးကို သတ်ချင်တယ်၊ ကျွင်းမိသားစုကို မြင်ရသူတိုင်း ဒူးထောက်ကြရမယ်"
ကျွင်းရှောင်ယောက်က ပြောလိုက်သည်။

သူ့စကားများသည် မိုးထစ်ချုန်းသကဲ့သို့ မိုးနှင့်မြေကြားတွင် ပဲ့တင်ထပ်သွားခဲ့၏။

သူက စကားတစ်ခွန်းကို ဘယ်တော့မှ အလွတ်မဲ့ မပြောပေ။

သူပြောလျှင်လည်း ကံကြမ္မာများနှင့် ညီမျှသည်။

ကျွင်းရွယ်ဟွမ်နှင့် အခြားသူများအားလုံး

အသက်ပြင်းပြင်းရှူလိုက်မိကြသည်။

ကျွင်းရှောင်ယောက်က ကမ္ဘာကြီးကို သတ်ဖြတ်ပြီး
ကျွင်းမိသားစုကို မြင်ရသူတိုင်း
ဒူးထောက်နေကြရမည်လော။

မင်းသမီးလုံကျို၏ မျက်လုံးများလည်း
အနည်းငယ်လှုပ်ရှားသည်။

ထာဝရဘုရင်မကဲ့သို့ ကြီးစိုးသော
အကျင့်စရိုက်ရှိသည့် မင်းသမီးလုံကျိုသည်ပင်
ဤစကားများကို ပေါ့ပေါ့တန်တန် မပြောဝံ့ပေ။

ကျွင်းရှောင်ယောက်ကသာ ပြောနိုင်သည်။

ယခုအချိန်တွင် ကျွင်းရှောင်ယောက်၏
မျက်နှာအမူအရာက မပြောင်းလဲဘဲ
သတ်ဖြတ်လိုစိတ်များသာ ရှိနေသည်။

ဤအခိုက်တွင် ယခင်က သူမကို စနောက်ခဲ့သော
ကျွင်းရှောင်ယောက်နှင့် လုံးဝ မတူပေ။

မင်းသမီးလုံကျိုလည်း ကျွင်းရှောင်ယောက်က
မည်သို့သော လူစားမျိုးဆိုတာကို
နားမလည်နိုင်တော့ပါ။

ထို့နောက်တွင် ပတ်ဝန်းကျင်ကမ္ဘာမှ
သတ်ဖြတ်လိုစိတ်များ ပြန်လည်
ပျောက်ကွယ်သွားခဲ့သည်။

ကျွင်းရှောင်ယောက်၏ မျက်နှာက တည်ငြိမ်နေပြီး

သာမန် သခင်လေးတစ်ယောက်
ပြန်ဖြစ်လာပုံရပေသည်။

ကျွင်းရွှယ်ဟွမ်နှင့် ကျွင်းရှီယု၏ မျက်လုံးများက
တောက်ပနေခဲ့သည်။

ကျွင်းရှောင်ယောက်အနီးတွင် ရှိနေခြင်းဖြင့် သူတို့
နှလုံးသားထဲတွင် အထောက်အပံ့များ ရှိနေပုံရသည်။

"ဒါထက် သခင်လေး၊ အမမူလန်လည်း အဓိက
ဧရိယာမှာ ရှိပါတယ်"
ကျွင်းရွှယ်ဟွမ်က ပြောလိုက်၏။

ကျွင်းမူလန်က သန်မာပြီး ကြီးစိုးသော
ကိုယ်ရည်ကိုယ်သွေးရှိသည့် မိန်းကလေးတစ်ယောက်
ဖြစ်သည်။ သူ၏ အစွမ်းသတ္တိကြောင့်လည်း

သဘာဝအတိုင်း အဓိကနေရာကို
ဝင်ရောက်သွားချင်ခဲ့ပေသည်။

ကျွင်းရှယ်ဟွမ်နှင့် ကျွင်းရှီယုကတော့ ၎င်းတို့၏
ကျင့်ကြံခြင်းအခြေခံများက အနည်းငယ်နိမ့်ကျ၍
မီတာတစ်ထောင်ရှိသော တာအိုရေကန်ကို
ဦးစွာသိမ်းပိုက်ကာ ကျွင်းမူလန်အား
ကူညီပေးလိုခဲ့ပေသည်။

"သူကော ရှိတာလား၊ ဒါဆိုရင်လည်း
အတူတူသွားကြရအောင်"
ကျွင်းရှောင်ယောက်က ပြောလိုက်သည်။

"ဒါဆိုရင် ဒီတာအိုရေကန်ကကော..."
ကျွင်းရှယ်ဟွမ်က တုံ့ဆိုင်းသွား၏။

"ငါတို့ ကျောင်းမိသားစုက မတိုက်ခိုက်ဘူး၊
တိုက်ခိုက်ရင်လည်း
အကောင်းဆုံးအခွင့်အရေးအတွက် ခေါင်ကိုပဲ
ဖြိုရမယ်"

ကျောင်းရှောင်ယောက်က အေးဆေးတည်ငြိမ်စွာ
ပြောလိုက်သည်။

မီတာတစ်သောင်း တာအိုရေကန်ကမှ ကျောင်းမိသားစု
သိမ်းပိုက်သင့်သော အခွင့်အရေး ဖြစ်သည်။

သို့ဆိုလျှင် မီတာတစ်ထောင်ရှိသော
ဤတာအိုရေကန်က ဘာလုပ်ရတော့ပါမည်နည်း။

မျက်လုံးထဲပင် မထည့်ပေ။

ဤစကားကိုကြားသောအခါ
မိန်းကလေးနှစ်ယောက်၏ နှလုံးသားများက ပို၍ပင် ခုန်ပေါက်လာခဲ့သည်။

ကျွင်းရှောင်ယောက်သာလျှင် ဤသတ္တိမျိုး ရှိသည်။

"ကောင်းတယ်"

လဲ့မင်ယွမ်ကမူ ဤစကားနှစ်လုံးကိုသာ ပြောနိုင်ခဲ့၏။

အပြင်လူများ၏အမြင်တွင် မီတာတစ်ထောင်ရှိသော တာအိုရေကန်က အလွန်ရှားပါးသော်လည်း ကျွင်းရှောင်ယောက်မူ မျက်လုံးထဲပင် မထည့်ပေ။

"ဒါပေမယ့် သခင်လေး၊ အခိက ရေိယာအများစုကို

အားကောင်းတဲ့ ရှန်းကုမျိုးနွယ်တွေက
နေရာယူထားတယ်..."
ကျွင်းရှီယုက မဝံ့မရဲဖြင့် ပြောလိုက်သည်။

ဤဒေသခံမြွေများက ကိုင်တွယ်ရ လွယ်ကူသည်တော့ မဟုတ်ပေ။

"ရှန်းကုအကျဉ်းသားတွေက သူတို့ကိုယ်ကို
သခင်တွေလို့ တကယ်ထင်နေကြတာလား"
ကျွင်းရှောင်ယောက်က လှောင်ပြောင်လိုက်သည်။

ကျွင်းမိသားစုမှ စာကြည့်တိုက်တွင်
ဤအကြောင်းများကို သူ လေ့လာခဲ့၏။

ဤရှန်းကုမျိုးနွယ်များသည် အစက ဤနေရာတွင်

ရှိကြပုံမပေါ်ပေ။

နောင်မှ ဤနေရာတွင် အကျဉ်းချခံခဲ့ရခြင်း ဖြစ်သည်။

ဟုတ်ပေသည်၊ မှတ်တမ်းများမှာ သိပ်မရေရာ၍ အခြေအနေက ဘယ်လိုလဲဆိုတာ ဘယ်သူမှ မသိနိုင်ပါပေ။

သို့သော်လည်း ဤရှန်းကုမျိုးနွယ်များဟာ ကမ္ဘာက ထင်ထားသကဲ့သို့ မြင့်မားပြီး အင်အားကြီးမားခြင်းမရှိသည်မှာ သေချာသည်။

"ကောင်းပြီလေ၊ အဓိကနေရာကို သွားကြရအောင်" ကျွင်းရှောင်ယောက်က သူ့လက်ကို ဝှေ့ယမ်းလိုက်သည်။

ထိုအခါ မိန်းကလေးနှစ်ယောက်လည်း အနည်းငယ်ခေါင်းညိတ်လိုက်လေသည်။

ကျွင်းရှောင်ယောက်၊ ကျွင်းရှယ်ဟွမ်၊ ကျွင်းရှီယု၊ လဲ့မင်ယွမ်နှင့် မင်းသမီးလုံကျိုတို့လည်း တစ်ဖန်စတင်ထွက်ခွာခဲ့ကြသည်။

မြေပြင်တစ်ခုလုံးတွင် စွန်းကျန်ခဲ့သောသွေးများကိုကြည့်ပြီး ထွက်ခွာသွားသောကျွင်းရှောင်ယောက်နှင့် တခြားသူများကိုတစ်ဖန်ကြည့်ကာ...

လူတိုင်း၏ နှလုံးသားထဲတွင် အစိပ္ပါယ်များစွာရှိလာခဲ့ကြသည်။

ဤတစ်ခါမှာတော့ ရှန်းကုတာအိုရေကန်၏
အဓိကရေယာတွင် ပွဲကောင်းတစ်ပွဲ
ရှိလာပေတော့မည်။

.........

ရှန်းကုတာအိုရေကန်၏ အဓိကရေယာတွင်
မီတာတစ်သောင်း တာအိုရေကန် လေးခု ရှိသည်။

၎င်းတို့ထဲမှ သုံးခုကို နဂါးလူမျိုးနွယ်၊
ရှေးဟောင်းမှော်မျိုးနွယ်နှင့် မျက်လုံးသုံးလုံး
သူတော်စင်မျိုးနွယ်တို့က အသီးသီး
သိမ်းပိုက်ထား၏။

ဗျူတီမျိုးနွယ်စုအတွက်မူ ၎င်းတို့က
ဤဒေသတွင်မရှိသောကြောင့် တာအိုရေကန်

လေးခု၏ နောက်ဆုံးတစ်ခုကို မသိမ်းပိုက်နိုင်ပေ။

ထို့ကြောင့် ဤကျယ်ပြောလှသော တာအိုရေကန်သည် ပြင်ပကမ္ဘာမှ ပါရမီရှင်များ တိုက်ပွဲဝင်ရာနေရာတစ်ခု ဖြစ်လာခဲ့ရသည်။

မီတစ်သောင်းတာအိုရေကန်သည် ကြီးမားသော ဧရိယာရှိပြီး ၎င်း၏တန်ဖိုးမှာလည်း အံ့သြစရာဖြစ်သောကြောင့် ပြင်ပကမ္ဘာမှ မည်သူမျှ လက်ဝါးကြီးအုပ်နိုင်ခြင်း မရှိပေ။

ဤတာအိုရေကန်ကို အပြင်လူများက စုပေါင်းကာ သိမ်းပိုက်ခဲ့ကြသည်။

ဤနည်းအားဖြင့် လုယက်မှုနှင့် တိုက်ပွဲများလည်း ဖြစ်စေခဲ့ပေသည်။

ဟုတ်သည်၊ သတ်မှတ်ခွန်အားမရှိသည့်
ပါရမီရှင်များအတွက်တော့ ဤရေကန်ကြီးအနီးကို
ချဉ်းကပ်ရန်ပင် အရည်အချင်း မရှိပေ။

သို့သော်လည်း ယခုအခိုက်အတန့်တွင်
ဤကျယ်ပြောလှသော ရှန်းကုတာအိုရေကန်တွင်
ကြောက်မက်ဖွယ်ကောင်းသည့် အငွေ့အသက်များ
ထွက်ပေါ်လာပြီး စွမ်းအင်အတက်အကျများလည်း
ပျံ့နှံ့လျက်ရှိသည်။

ဤနေရာတွင် အစွမ်းထက်ပါရမီရှင်များ
တိုက်ခိုက်နေကြောင်း သိသာထင်ရှားလှပေသည်။

တိုက်ပွဲနေရာတွင်...

ပုံရိပ်နှစ်ခုတို့ တိုက်ခိုက်နေသည်။

တစ်ယောက်က သူရဲကောင်းဆန်သောမျက်နှာနှင့် ဖွံ့ဖြိုးကြံ့ခိုင်သော ကိုယ်ဟန်ရှိသည့် မိန်းကလေး ဖြစ်သည်။ သူမ၏ရှည်လျားသော အနီရောင်ဆံပင်ကို အနောက်ဘက်တွင် ကျစ်ဆံမြီးတစ်ခုတည်း သပ်သပ်ရပ်ရပ် ကျစ်ထားသည်။ သူက ယောကျ်ားများကို အရှုံးမပေးသော မိန်းမတစ်ယောက်၏ အနေအထားမျိုး ရှိပေသည်။

သူဟာ တင်းကြပ်သောအဝတ်အစားကို ဝတ်ဆင်ထားပြီး နှင်းဖြူဝမ်းဗိုက်သားကို အနည်းငယ်ပေါ်လွင်စေသည်။ သူမ၏ ကိုယ်ခန္ဓာက အချိုးအစားလည်းကျပေရာ ပူပြင်းပြီး ဆွဲဆောင်မှုတို့ ရှိပေသည်။

သူသည်ကား ကျွင်းမိသားစု၏ တတိယစီကွမ်
ကျွင်းမူလန် ဖြစ်သည်။

သူမက လေးလံသော ဓါးတစ်ချောင်းကို
လက်နှစ်ဖက်ဖြင့် ကိုင်ဆောင်ထားပြီး
အနက်ရောင်ဝတ် ပုံရိပ်ကို ခုတ်ထစ်လိုက်သည်။

သူ၏ပြိုင်ဘက်က ပိန်ပိန်သွယ်သွယ်နှင့် ဖြူဖျော့ဖျော့
အသားအရည်ရှိကာ ခေါင်းပေါ်တွင် ခေါင်းစွပ်ပါသော
လူငယ်တစ်ယောက် ဖြစ်သည်။

အနက်ရောင် မြူခိုးများက သူ့ခန္ဓာကိုယ်တစ်ဝိုက်တွင်
တဝဲလည်လည် ပေါ်လာကာ လေထဲတွင် မကြာခဏ
ပျောက်သွားတတ်၏။ သူ၏ အရှိန်အဝါကလည်း
အရိပ်အယောင် ပေါက်ကြားခြင်းမရှိရာ
အလွန်ထူးဆန်းနေပုံရသည်။

၎င်းသည် ကြေ့လွင့်နတ်ဘုရားနန်းတော်မှ
အမှောင်သားတော်ဖြစ်သည်။ ၎င်းက
ကြေ့လွင့်နတ်ဘုရားသားတော်ထက် အားမနည်းသော
အင်မော်တယ်ဆက်ခံသူ ဖြစ်ချေသည်။

၎င်းက ကျွင်းမိသားစု၏ စတုတ္ထစီကွမ် ကျွင်းဝူချန်ကို
သတ်ရန်ကြံစည်ခဲ့သူလည်း ဖြစ်သည်။

ယခုတော ရန်သူများ တွေ့သောအခါ မုန်းတီးမှုဖြင့်
မျက်လုံးများပင် ပူလောင်လာတောသည်။ ထို့အပြင်
တာအိုရေကန်အတွက်လည်း တိုက်ခိုက်ခဲ့ကြသည်။
၎င်းအတွက် ကျွင်းမူလန်ဟာ သဘာဝအတိုင်း
အမှောင်သားတော်ကို လွှတ်ထားမည်မဟုတ်ပေ။

၎င်းနှစ်ယောက်တွင် တစ်ယောက်က ကျွင်းမိသားစု၏

တတိယစီကွမ်ဖြစ်ကာ နောက်တစ်ယောက်ကတော့
ကြွေလွင့်နတ်ဘုရားမျိုးနွယ်၏
အင်မော်တယ်မျိုးဆက် ဖြစ်သည်။ သူတို့၏
ခွန်အားနှင့် နောက်ခံက ထိပ်တန်းဖြစ်ရာ
ချွန်ထက်သော အပ်နှစ်ချောင်းကဲ့သို့ပင်
ဖြစ်နေတော့သည်။

"အမောင်သားတော်၊ ကျွင်းမိသားစုရဲ့ စတုတ္ထစီကွမ်ကို
နင် ဘယ်လို ကြံစည်ဝံ့တာလဲ။ ငါ နင့်ကို သတ်မယ်"
ကျွင်းမူလန်က ယောက်ျားကြီးကဲ့သို့ ကြီးစိုးသည်။
သူမ ခန္ဓာကိုယ်ရှိ သွေးများက ပွက်ပွက်ဆူလာကာ
ခန္ဓာကိုယ် မျက်နှာပြင်ပေါ်တွင် သွေးစွန်းသော
မီးတောက်များကဲ့သို့ ဖြစ်ပေါ်လာသည်။

သူ့မျက်လုံးထဲတွင်လည်း မီးတောက်နှစ်ခု
တောက်လောင်လာခဲ့၏။

စစ်နတ်ဘုရားအသွေး။

ယင်းက ကျွင်းမူလန်၏ အထူးစွမ်းရည်တစ်ခု ဖြစ်သည်။ ၎င်းက သူမကို တိုက်ခိုက်ရာ၌ ရဲစွမ်းသတ္တိရှိစေပြီး တိုက်ခိုက်နိုင်စွမ်းကိုလည်း အရှိန်အဟုန်ဖြင့် တိုးမြှင့်ပေးနိုင်သည်။

"ဒါက စစ်နတ်ဘုရား သွေးလား၊ ကြောက်စရာပဲ"

ထိုအချိန်၊ တာအိုရေကန်တစ်ဝိုက်တွင် အခြား အင်မော်တယ်မျိုးဆက်အချို့လည်း ရှိနေသည်။ ကျွင်းမူလန်၏ ခွန်အားကို မြင်ရသောအခါ အားလုံး အသက်ပြင်းပြင်း ရှူလိုက်ကြလေသည်။

သူမက ကျွင်းမိသားစု၏ တတိယစီကွမ်

ဖြစ်နေသည်မှာ အံ့သြစရာမဟုတ်တော့ပေ။
သူမ၏ခွန်အားက လွန်စွာ
ကြောက်မက်ဖွယ်ကောင်းသည်။

ကျွင်းမူလန်၏ ကျင့်ကြံခြင်းအခြေခံကလည်း
အစစ်အမှန်နတ်ဘုရားနယ်ပယ် နှောင်းပိုင်းအဆင့်သို့
ရောက်ရှိနေခဲ့ပြီ။ စစ်နတ်ဘုရား သွေးဖြင့်လည်း
သူမ၏ခွန်အားမှာ ပို၍ ကြောက်စရာကောင်းခဲ့သည်။

သို့သော်၊ အမှောင်နတ်ဘုရားသားတော်ကလည်း
ခေသူမဟုတ်ပါ။

သူ့မျက်နှာ အများစုကို
ခေါင်းစွပ်အောက်တွင်ဝှက်ထားပြီး ဖြူဖျော့ဖျော့
သူ့မေးစေ့ပိုင်းကိုသာ မြင်ရသည်။ ထိုအချိန်
သူ့နှုတ်ခမ်းများက တွန့်ကွေးသွားပြီး အေးစက်သော

အပြိုးတစ်ခု ပေါ်လာသည်။

ထူးဆန်းသော အမည်းရောင်ကမွှည်းများက
သူ့ခန္ဓာကိုယ်အနှံ့တွင် ပေါ်လာခဲ့၏။
အနက်ရောင်အလင်းများ တောက်လောင်လာသည်နှင့်
အမျှ သူ၏ အရှိန်အဝါကလည်း
မြင့်တက်လာတော့သည်။

"အမှောင်နတ်ဘုရားသားတော်မှာ
တာအိုခန္ဓာသုံးထောင်က ထိပ်တန်း
နှစ်ရာအတွင်းဝင်တဲ့ ထူးခြားတဲ့
အမှောင်မန္တာန်တာအိုခန္ဓာတစ်ခုရှိတယ်လို့
ကောလဟာလတွေ ထွက်နေတယ်။ အဲဒါက
အင်မတန်ထူးဆန်းတဲ့ ခန္ဓာတစ်ခုပဲ"
တချို့က ပြောသည်။

ဤလူနှစ်ယောက်လုံးဟာ တစ်ဦးကိုတစ်ဦး
အလျှော့မပေးဘဲ လွန်စွာ အစွမ်းထက်ကြသည်။

သို့ရာတွင် ကျွင်းမူလန်၏ အခြေအနေက
သိပ်ပြီးမကောင်းပေ။

အကြောင်းပြချက်က ရိုးရှင်းသည်။
လက်ရှိအခြေအနေက ကျွင်းမူလန်အတွက်
မကောင်းပေ။

"အမှောင်နတ်ဘုရားသားတော် တစ်ယောက်တည်းက
ကျွင်းမူလန်ကို တွန်းလှန်နိုင်တယ်"
ကောင်းကင်အမြင့်တွင် ယောက်ျားတစ်ယောက်နှင့်
မိန်းကလေးတစ်ယောက် ရပ်နေသည်။

၎င်းတို့မှာ ဖီးနစ်ဝိညာဉ်တောင်တန်းမှ ဟွမ်ရွှမ်းရီနှင့်

ဖုန့်ချင်းလင်တို့ ဖြစ်ချေသည်။

၎င်းတို့က ဖီးနစ်စားတော်နှင့် သမီးတော် မဟုတ်သော်လည်း ၎င်းတို့၏ ကျင့်ကြံခြင်းအခြေခံများက အစစ်အမှန်နတ်ဘုရားနယ်ပယ်သို့ ဖြတ်ကျော်သွားကြပြီ ဖြစ်သည်။

တစ်ဖက်တွင် ရွှေရောင်ဆံပင်ရှည်နှင့် ကြောက်စရာကောင်းသော အရှိန်အဝါရှိသည့် လူငယ်တစ်ဦးကလည်း အခြေအနေကို စောင့်ကြည့်နေသည်။

၎င်းက ကျားလောင်တောင်တန်းမှ ရွှေတောင်ပံဘုရင် ရှောင်ပန် ဖြစ်သည်။

ကောင်းကင်တာအိုမျှော်စင်တွင်
ကျွင်းရှောင်ယောက်၏ ပျော့ဖက်အောင်
ရိုက်နှက်ခြင်းကို ခံခဲ့ရပြီးနောက် တာအိုနှလုံးသား
ပြိုကျခဲ့သော်လည်း ယခုအခါ
ပြန်လည်ကောင်းမွန်လာကာ
ကျင့်ကြံခြင်းအခြေခံကလည်း
အစစ်အမှန်နတ်ဘုရားနယ်ပယ်
အလယ်အလတ်အဆင့်သို့ ရောက်ရှိနေခဲ့ပြီဖြစ်သည်။

ထို့အပြင် ဘိုးဘေးနဂါးသိုက်မှ လုံပိကျစ်လည်း ရှိ၏။

သို့ရာတွင် သူမတစ်ယောက်တည်းတော့ မဟုတ်ပါ။

သူ့ဘေးတွင် အနီရောင်နဂါးဦးချိုနှင့်
မျက်ခုံးနှစ်ခုကြား၌ သွေးနီအကြေးခွံများရှိသော
လူငယ်တစ်ယောက် ရှိနေသည်။

သူ၏ ကျင့်ကြံခြင်းအခြေခံကတော့
အစစ်အမှန်နတ်ဘုရားနယ်ပယ် သေးငယ်သော
ပြီးပြည့်စုံမှု ဖြစ်ချေသည်။

--------

အခန်း ( ၄၁၄ ) ကျွင်းမူလန်နှင့် အိုလဲ့ တိုက်ခိုက်ခြင်း၊
ကျွင်းရှောင်ယောက်၏ ကြီးစိုးမှုကို ကြောက်ရသည်။

အစစ်အမှန်နတ်ဘုရားနယ်ပယ် သေးငယ်သော
ပြီးပြည့်စုံခြင်း…

၎င်းကျင့်ကြံခြင်းအခြေခံသည် ရှန်းကုကမ္ဘာ၏
ထိပ်တန်းဖြစ်နေပြီ ဖြစ်သည်။

ပြင်ပကမ္ဘာ၏ ပါရမီရှင်များတွင် တချို့သောက်သာ ဤအဆင့်သို့ ရောက်ရှိနိုင်ခဲ့ကြပေသည်။

မင်းသမီးလုံကျိုက်ခဲ့သို့
ရှေးဟောင်းလူထူးဆန်းတစ်ယောက် မဟုတ်လျှင်…

သို့ရာတွင် နဂါးဦးချိုပါသော ဤလူငယ်က ဘိုးဘေးနဂါးသိုက်မှ ပါရမီရှင်မဟုတ်သည့်အပြင် ပြင်ပကမ္ဘာ၏ ပါရမီရှင်လည်း မဟုတ်သည်မှာ ထင်ရှားသည်။

သူ့နာမည်က အိုလေ့ဖြစ်ပြီး နဂါးလူမျိုးနွယ်မှ ဆင်းသက်လာသူ ဖြစ်ချေသည်။

အိုလွမ်က သူတို့နှစ်ယောက်လုံး၏ သွေးကြောထဲတွင်

နဂါးသွေးများ ရှိနေသောကြောင့် သူ့ကို မက်ဆေ့ချ်ပို့ခဲ့သည်။

လုံပိကျစ်ကတော့ နဂါးလူမျိုးနွယ်နှင့် ဆက်ဆံရေးတည်ဆောက်ရန် ဤအခွင့်အရေးကို အရယူခဲ့ပေသည်။

ဤအခိုက်အတန့်တွင် အိုလေ့က တိုက်ပွဲကို သာလွန်မြင့်မြတ်သည့် ခံစားချက်ဖြင့် ကြည့်နေသည်။

ကျွင်းမူလန်ကို တွေ့လိုက်သောအခါ အံ့အားသင့်မှု အရိပ်အမြွက်များက သူ့မျက်နှာတွင် လှစ်ဟလာခဲ့၏။

ကျွင်းမူလန်ကဲ့သို့ ထူးချွန်သော အမျိုးသမီးက ရှန်းကုကမ္ဘာ၌ပင် ရှားပါးသည်။

သူမ၏ အရှိန်အဝါကလည်း အခြားအမျိုးသမီးများနှင့် မတူဘဲ အလွန်ရဲရင့်၏၊ အတော်လေးလည်း ဆွဲဆောင်မှုရှိသည်။

"ကျွင်းမိသားစုဝင် ဒီကောင်မလေးက တော်တော် အစွမ်းထက်တာပဲ"

အိုလေ့က မှတ်ချက်ချလိုက်သည်။

"ဒါဆိုရင်တောင် ဘာဖြစ်လဲ၊ သူက သခင်လေးအိုလေ့နဲ့ မယှဉ်နိုင်ပါဘူး"

လုံပိကျစ်က ပြုံးပြီး ပြောလိုက်သည်။

နဂါးမျိုးနွယ်၏ ကာကွယ်မှုဖြင့် ဘိုးဘွားနဂါးသိုက်မှ ပါရမီရှင်များဟာ ရှန်းကုကမ္ဘာတွင် စိုးရိမ်စရာမရှိပေ။

'အစ်ကိုအိုထျန်းက အကောင်းဆုံးပဲ။ သူ့အတွက်သာ မဟုတ်ရင် နဂါးလူမျိုးနွယ်က ဘိုးဘွားနဂါးသိုက်က ငါတို့ကို ဒီလောက်ကောင်းကောင်း ဂရုစိုက်မှာ မဟုတ်ဘူး'

လုံပိကျစ်က စိတ်ထဲမှ ရေရွတ်လိုက်လေသည်။

သူဟာ လုံအိုထျန်းကို ပို၍ပင် သဘောကျလာခဲ့ပြီ ဖြစ်သည်။

'ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်က ရှန်းကုကမ္ဘာကို ရောက်မလာတာဆိုးတာပဲ၊ မဟုတ်ရင် အစ်ကိုအိုထျန်းက သူ့ကို အလွယ်တကူ အနိုင်ယူနိုင်လိမ့်မယ်'

လုံပိကျစ်က တွေးတောလိုက်လေသည်။

အားလုံးက တိုက်ပွဲကို အာရုံစိုက်နေခဲ့ကြချိန်...

အမှောင်နတ်ဘုရားသားတော်နှင့် ကျွင်းမူလန်၏ တိုက်ပွဲကလည်း အထွတ်အထိပ်သို့ ရောက်ရှိသွားခဲ့ပြီ။ သူတို့နှစ်ယောက်လုံးဟာ အံ့သြစရာကောင်းသည့် အရည်အချင်းကိုယ်စီ ရှိကြသည်။

နောက်ဆုံး တိုက်ခိုက်မှုကို တိုက်မိပြီးသည့်အခါ နှစ်ယောက်စလုံး တစ်ချိန်တည်းမှာ နောက်ပြန်ဆုတ်သွား၏။

နောက်ဆုံးတွင် သူတို့နှစ်ယောက်က သာတူညီမျှ ရှခဲ့သည်။

"သေစမ်း..."

ကျွင်းမူလန် စိတ်မချမ်းမသာ ဖြစ်သွားသည်။

သူမက အမှန်တကယ် သန်မာသော်လည်း အမှောင်နတ်ဘုရားသားတော်သည် ရှောင်တခင် သတ်ဖြတ်နိုင်သော ခွေးကလေးများ မဟုတ်ပေ။

ထို့အပြင် အမှောင်မန္တာန်ခန္ဓာကလည်း အလွန်ထူးဆန်းသည်။ ကျွင်းမူလန်အနေဖြင့် အမှောင်နတ်ဘုရားသားတော်ကို အချိန်တိုအတွင်း သတ်ဖြတ်ပစ်ရန် မဖြစ်နိုင်ပါချေ။

"သူက တကယ်ကို တတိယစီကွမ် ဖြစ်ထိုက်တယ်" တစ်ဖက်တွင် အမှောင်နတ်ဘုရားသားတော်လည်း လန့်ဖျတ်သွားခဲ့သည်။

သူက ခိုးဝင်တိုက်ခိုက်မှုများနှင့် အမှောင်ထဲတွင်

သတ်ဖြတ်ခြင်းတွင်သာ ထူးချွန်ခဲ့ပေသည်။

ထိပ်တိုက်ရင်ဆိုင်သည့် တိုက်ပွဲမှာတော့ သူဟာ
အားသာချက်နည်းသည်။

ယခင်က ကျွင်းဝူချန်ကို သတ်နိုင်ခဲ့သည့်
အကြောင်းရင်းကလည်း ကျွင်းဝူချန်
ဖောက်ထွက်ခါနီးအချိန်တွင်
ခိုးဝင်တိုက်ခိုက်ခဲ့သောကြောင့် ဖြစ်သည်။

မဟုတ်ပါက အမှောင်နတ်ဘုရားသားတော်ဟာ
စတုတ္တစီကွမ်တစ်ယောက်ကို အလွယ်တကူ
သတ်ဖြတ်နိုင်မည် မဟုတ်ပေ။

"အမှောင်နတ်ဘုရားသားတော်၊ ငါနင့်ကိုသတ်ရမယ်"

ကျွင်းမူလန်က ကြိမ်းမောင်းလိုက်သည်။

ထိုအချိန်တွင် အေးစက်သော လှောင်ပြောင်ပြောဆိုသံကို ကြားလိုက်ရသည်။

"ကျွင်းမူလန်၊ ဟိတ်ကြီးဟန်ကြီးနဲ့ လျှောက်ပြောမနေစမ်းပါနဲ့။ မီတာတစ်သောင်းရှိတဲ့ တာအိုရေကန်မှာ ကျွင်းမိသားစုအတွက် နေရာမရှိဘူး"

စကားပြောလာသူက လုံပိကျစ်ပင် ဖြစ်ချေသည်။

သူမ တစ်ယောက်တည်း ရှိနေလျှင်တော့ ကျွင်းမူလန်ကို မနှောင့်ယှက်ဝံ့သည်မှာ သေချာသည်။

သို့ရာတွင် ပြဿနာက ရှန်းကုကမ္ဘာတွင် အင်အားစုများစွာက ကျွင်းမိသားစုအား

ပစ်မှတ်ထားနေခြင်း ဖြစ်သည်။

အမှောင်နတ်ဘုရားသားတော်နှင့်
ဖီးနစ်ဝိညာဉ်တောင်တန်း၏ ပါရမီရှင်များကလည်း
ကျွင်းမူလန်ကို ဆန့်ကျင်ခဲ့ပေသည်။

ယခုအချိန်တွင် ကျွင်းမူလန်က
တစ်ယောက်တည်းဖြစ်ပြီး အကူအညီမဲ့နေသည်။

သို့သော်လည်း ကျွင်းမူလန်ဟာ ရန်သူများ
ဝန်းရံထားခံရသည့်တိုင် ကြောက်ရွံ့မှု အနည်းငယ်မျှ
မရှိပေ။

သူမက လုံပိကျစ်ကိုကြည့်ပြီး အေးစက်စက်ဖြင့်
ပြောလိုက်သည်။

"နင် သေချင်ရင် နင့်ရဲ့ဆန္ဒကို ငါဖြည့်ဆည်းပေးမယ်"

ကျွင်းမူလန်၏ စူးရှသော အကြည့်အောက်တွင်
လုံပိကျစ်လည်း မနေနိုင်ဘဲ
နောက်ပြန်ဆုတ်သွားခဲ့ရသည်။

သူမ၏ လက်ရှိကျင့်ကြံခြင်းက
အခြေတည်နတ်ဘုရားနယ်ပယ် ပြီးပြည့်စုံခြင်း၌သာ
ဖြစ်သည်။ နဂါးလူသားမျိုးနွယ်၏
အကာအကွယ်ကြောင့်သာ
မီတာတစ်သောင်းရှည်သော တာအိုရေကန်ထဲသို့
ဝင်ရောက်နိုင်ခဲ့ခြင်း ဖြစ်ချေသည်။

ထိုအခိုက်တွင် အိုလေ့က လှုပ်ရှားလာပြီး
ကျွင်းမူလန်၏ ဖိအားများကို ပိတ်ဆို့လိုက်သည်။

သူက ကျွင်းမူလန်ကိုကြည့်ပြီး ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။

"ကျွင်းမိသားစုက ပြင်ပကမ္ဘာမှာ အရမ်းနာမည်ကြီးတယ်ဆိုတာ ငါသိပါတယ်၊ ဒါပေမယ့် ရှန်းကုကမ္ဘာမှာတော့ အသုံးမဝင်ဘူး"

"အခု မင်းမှာ ရွေးချယ်စရာ နှစ်ခုရှိတယ်"

"ပထမ၊ ဒီကနေ ချက်ချင်းထွက်သွားပါ။ မီတာတစ်သောင်းရှိတဲ့ တာအိုရေကန်မှာ မင်းအတွက် နေရာမရှိဘူး"

"ဒုတိယကတော့ ငါ့ကို အညံ့ခံလိုက်။ ဒါဆိုရင် မင်းကိုနေရာပေးမယ်လို့ ကတိပေးနိုင်တယ်"

အိုလေ့က ကျွင်းမူလန်၏ တောင့်တင်းသော ခန္ဓာကိုယ်ကို စိုက်ကြည့်ရင်း ဆိုးရွားစွာဖြင့်

ပြုံးလိုက်သည်။

ကျွင်းမူလန်လည်း ဒေါသတကြီးဖြစ်သွားကာ ကျိန်ဆဲလိုက်သည်။

"နင့်အမေကို ကတိပေးလိုက်၊ သေစမ်း"

ကျွင်းမူလန်က ဓားရှည်ကြီးကို လက်နှစ်ဘက်ဖြင့်ကိုင်ပြီး အိုလေ့အား ခုတ်ပိုင်းလိုက်သည်။

ယင်းကိုမြင်သောအခါ လူတိုင်းကို အံ့အားသင့်သွား၏။

"ကျွတ် ကျွတ်၊ သူက ကျွင်းမိသားစုရဲ့ ငရုတ်သီးလို့ နာမည်ရှိတာ အံ့ဩစရာ မရှိတော့ပါဘူး။ ဒီလို

စရိုက်မျိုးက..."

ဟွမ်ရှမ်းရီ ခေါင်းခါယမ်းလိုက်သည်။

"မိုက်မဲလိုက်တာ၊ သူက နဂါးလူမျိုးနွယ်ကို နှိုးဆော်ဖို့တောင် သတ္တိရှိတယ်။ သူ ဘယ်လိုသေရမှန်းတောင် မသိနိုင်တော့ဘူး"

ဖုန့်ချင်းလင်လည်း ရယ်မောလိုက်လေသည်။

ရှန်းကုကမ္ဘာရှိ အစိကမျိုးနွယ်စုလေးခုမှ တစ်ခုအနေဖြင့် နဂါးလူမျိုးနွယ်၏ ကျွမ်းကျင်သူများ မလွတ်မြောက်ခဲ့လျှင်ပင် ၎င်းတို့၏ မျိုးဆက်သစ်များက ဒေသတစ်ခုကို စိုးမိုးနိုင်လောက်အောင် အားကောင်းမှုရှိသည်။

နဂါးလူမျိုးနွယ်စု၏ အိမ်ရှေ့မင်းသားကလည်း အလွန်ကြောက်မက်ဖွယ်ကောင်းပြီး

ကောင်းကင်နတ်ဘုရားနယ်ပယ်တွင် ရှိနေသည်ဟုပင်
ကောလဟာလများ ထွက်ပေါ်နေပေသည်။

ထိုအတွက် နဂါးလူမျိုးနွယ်ကို နှိုးဆော်ဝံ့သည့်
ကျွင်းမူလန်မှ မမိုက်မဲလျှင် မည်သူက မိုက်မဲဦးမှာလဲ။

"ဟားဟားဟား၊ ငါကလည်း ဒါမျိုးကိုမှ ကြိုက်တာ"
အိုလေ့က အနည်းငယ် ပြုံးလိုက်သည်။

ကျွင်းမူလန်၏စားချက်ကို ရင်ဆိုင်ရချိန်...

နဂါးချီများက အရှိန်ပြင်းပြင်းဖြင့် ထွက်ပေါ်လာပြီး
ကောင်းကင်စားအဖြစ်သို့ ပြောင်းလဲသွားသည်။

အိုလေ့၏ ကျင့်ကြံခြင်းအခြေခံက

အစစ်အမှန်နတ်ဘုရားနယ်ပယ် သေးငယ်သော ပြီးပြည့်စုံခြင်းတွင်ရှိရာ အလွန်အစွမ်းထက်သည်။

ကျွင်းမူလန်၏ ကျင့်ကြံခြင်းကမူ အနည်းငယ် အားနည်းသော်လည်း စစ်နတ်ဘုရားသွေး ရှိ၏။ များများတိုက်ခိုက်လေလေ၊ သူမက ပို၍ ရဲရင့်လာလေလေ ဖြစ်သည်။ ယခုအချိန်တွင် သူမ၏ အရှိန်အဝါက အိုလေ့ထက် အားနည်းသည်မဟုတ်ပေ။

နှစ်ယောက်သား စတင် တိုက်ခိုက်လိုက်ကြသည်။

ကျွင်းမူလန်က သူမ၏ လေးလံသောဓားကို ဝှေ့ယမ်းကာ ထောင်သောင်းချီသော ဓားအလင်းများ ထုတ်ဖော်လိုက်သည်။

အိုလေ့က သူ့လက်ကို ဆန့်ထုတ်လိုက်ရာ

မီးတောက်များ တောက်လောင်လာခဲ့သည်။

သူ့တွင် မီးနဂါးသွေးမျိုးဆက် ရှိ၏။ မီးတောက်များက ရောမနဂါးကြီးအဖြစ်သို့ ပြောင်းလဲသွားကာ ကျွင်းမူလန်ဆီသို့ ပြေးဝင်သွားတော့သည်။

"ဝုန်း"

ဓားချီများက ပေါက်ကွဲထွက်ကာ မီးတောက်များ ပြန့်နှံ့သွားခဲ့သည်။ ဟင်းလင်းပြင်က တုန်ခါသွားကာ တာအိုရေကန်တစ်ခုလုံး ပွက်ပွက်ဆူသွားခဲ့၏။

တစ်ကွက် ဖလှယ်ပြီးနောက် အိုလေ့က ခြေလှမ်းနှစ်လှမ်း ဆုတ်သွားရကာ ကျွင်းမူလန်သည်ကား ခြေဆယ်လှမ်းကျော်ကျော် ဆုတ်သွားရတော့သည်။

"အစစ်အမှန်နတ်ဘုရားနယ်ပယ် နှောင်းပိုင်းအဆင့်
ကျင့်ကြံခြင်းအခြေခံနဲ့ ငါ့ကို
တွန်းအားပေးနိုင်တာလား"

အိုလေ့ အနည်းငယ် အံ့သြသွားသည်။

"ငါ့ကို ဘယ်လိုတောင် စိတ်ကူးဝံ့တာလဲ။
ရေချိုငါးကောင် သေစမ်း"

ကျွင်းမူလန်၏ စစ်နတ်ဘုရားသွေးက
လောင်ကျွမ်းသွားကာ သူမ၏ အရှိန်အဝါကလည်း
တစ်ဖန်ပြန်လည်မြင့်တက်လာပြန်သည်။ ၎င်းက
အစစ်အမှန်နတ်ဘုရားနယ်ပယ် သေးငယ်သော
ပြီးပြည့်စုံခြင်းနှင့် သိပ်မဝေးတော့ပေ"

"ကျွင်းမိသားစုရဲ့ တတိယစီကွမ်က
မျှော်လင့်ထားသလိုပါပဲ။ တကယ်ကို တစ်ခုခုပဲ"

ကျွင်းမူလန်၏ အရှိန်အဝါကို ခံစားမိသောအခါ

အမှောင်နတ်ဘုရားသားတော်နှင့် အခြားသူများလည်း မျက်နှာအမူအရာ အနည်းငယ်လေးနက်သွားကြသည်။

မျှော်လင့်ထားသည့်အတိုင်း ကျွင်းမိသားစု၏ ထိပ်တန်းစီကွမ်များတွင် မည်သူကမျှ အလွယ်တကူ ကိုင်တွယ်ဖြေရှင်း၍ မရပေ။

ယင်းကိုကြားတော့ အိုလေ့၏မျက်နှာက မည်းမှောင်သွားသည်။

နဂါးနှင့်သက်ဆိုင်သည့် သတ္တဝါဖြစ်သရွေ့တော့ သူတို့ကို ရေချိုငါးကလေးဟု ခေါ်ဆိုခြင်းကို အမုန်းဆုံးပင် ဖြစ်လိမ့်မယ်။

"ဒီလောက် စရိုက်ဆိုးတဲ့ မိန်းမ၊ မင်းကို အနိုင်ယူပြီးမှ ငါ သင်ခန်းစာကောင်းကောင်း ပေးရမယ်"

အိုလေ့၏မျက်နှာက လေးနက်သွားသည်။

မီးနဂါးတံဆိပ်သည် ကောင်းကင်ကို
လောင်ကျွမ်းနေသွားသကဲ့သို့ ကျွင်းမူလန်အား
ဖိချလိုက်သည်။

ကျွင်းမူလန်က ဓားချက်ထုတ်ဖော်လိုက်ရာ
မီးနဂါးတံဆိပ်နှင့် တိုက်မိသွား၏။

နောက်ထပ် ပေါက်ကွဲသံတစ်ခု ထွက်ပေါ်လာပြီး
ကျွင်းမူလန်၏ လည်ချောင်းထဲတွင်
ချိုမြိန်သောအရာတစ်ခုကို ခံစားလိုက်ရကာ
အဆက်မပြတ် ဆုတ်ခွာရသွားတော့သည်။

ယင်းကိုမြင်တော့ အိုလေ့က ထပ်မံ
တိုက်ခိုက်လိုက်သည်။ သူ့ထံမှ နဂါးသွေးများ

ပွက်ပွက်ဆူလာကာ မီးနဂါးတံဆိပ်ဖြင့် ထပ်မံ
ဖိချလိုက်၏။

ကျွင်းမူလန်လည်း ဒေါသတကြီးဖြင့်
ဟိန်းဟောက်လိုက်သည်။ သူဟာ
များများတိုက်လေလေ၊ ပို၍ ရဲရင့်လေလေပင်။
စစ်နတ်ဘုရားသွေးများ လောင်ကျွမ်းသွားပြီးနောက်
သူဟာ ပို၍ ကြမ်းတမ်းလာခဲ့သည်။

သို့သော်လည်း အရေးကြီးဆုံးအခိုက်အတန့်တွင်
ကျွင်းမူလန်၏ အမူအရာက ပြောင်းလဲသွားသည်။

ကျွင်းမူလန်၏အနောက်မှ ဟင်းလင်းပြင်ဟာ
ရုတ်တရက် ပုံပျက်သွား၏။

အနက်ရောင် မြူခိုးများနှင့် ပုံရိပ်တစ်ခုက

ထိုနေရာတွင် ထွက်ပေါ်လာတော့သည်။ ယင်းက
အမှောင်နတ်ဘုရားသားတော် ဖြစ်သည်။

၎င်းက သူ့အကျွမ်းကျင်ဆုံး
ခိုးကြောင်ခိုးဝှက်တိုက်ခိုက်နည်းပင်။

"ငါက နင့်ကို သတိမပြုမိဘူး ထင်လို့လား"

ကျွင်းမူလန်၏ လှပသော မျက်လုံးများက
အရောင်လက်သွားကာ ဓားဖြင့်
ခုတ်ပိုင်းချလိုက်သည်။

သို့သော်...

ဤဓားက အမှန်တကယ်ပင်
အမှောင်နတ်ဘုရားသားတော်၏ ခန္ဓာကို

ထိုးဖောက်သွားခဲ့သည်။

"ဟင်..."

ကျွင်းမူလန် မျက်နှာအမူအရာ ပြောင်းသွားခဲ့၏။

"ဟားဟားဟား၊ အမှောင်မန္တာန်ခန္ဓာရဲ့ ထူးဆန်းမှုက မင်းစိတ်ကူးယဉ်တာထက် ကျော်လွန်တယ်ကွ..."

အခြားဦးတည်ချက်တွင် အမှောင်နတ်ဘုရားသားတော်က ရုတ်တရက် ပေါ်လာသည်။

အနက်ရောင်မြူများက ကျွင်းမူလန်ထံ တိုးဝင်သွားသော အမှောင်မန္တာန်တံဆိပ်တစ်ခု ဖြစ်ပေါ်လာခဲ့၏။

တစ်ချိန်တည်းမှာပင် မီးနဂါးတံဆိပ်က ကျဆင်းလာတော့သည်။

ကျွင်းမူလန်က မည်မျှပင် သန်မာသည်ဖြစ်စေ အမှောင်နတ်ဘုရားသားတော်နှင့် အိုလေ့တို့၏ တိုက်ခိုက်မှုများကို တစ်ချိန်တည်းတွင် ခံနိုင်ရည်ရှိရန် မဖြစ်နိုင်ပါချေ။

"ပြီးသွားပြီ"

ဟွမ်ရှမ်းရီ၊ ဖုန့်ချင်းလင်နှင့် တခြားသူများက ခေါင်းခါယမ်းလိုက်သည်။

ရွှေတောင်ပံဘုရင် ရှောင်ပန်လည်း သူ့အကြည့်များကို ပြန်ဆုတ်သွား၏။

သို့သော်လည်း နောက်အခိုက်အတန့်တွင်မူ အဝေးမှ

အရှိန်အဟုန်ဖြင့် ချဉ်းကပ်လာသော
အရှိန်အဝါတစ်ခုကို ခံစားလိုက်ရသည်။

"အဲဒါက ..."

ရွှေတောင်ပံဘုရင် ရှောင်ပန်လည်း
ကြက်သီးတဖြန်းဖြန်း ထလာခဲ့၏။

ထိုနေ့မှ အဖြူရောင်ဝတ်ပုံရိပ် ကြီးစိုးလာသောအခါ
သူခံစားရသော ကြောက်ရွံ့မှုကို ရုတ်တရက်
ပြန်လည်သတိရလာတော့သည်။

--------

အပိုင်း ( ၄၁၅ ) အမှောင်နတ်ဘုရားသားတော်ကို
ညှဉ်းပန်းနှိပ်စက်ပြီး သတ်ခြင်း။

ကျားလော့မြင့်မြတ်တောင်တန်း၏ အသန်မာဆုံး
ပါရမီရှင်အနေဖြင့် ရွှေတောင်ပံဘုရင်
ရှောင်ပန်၏ဘဝတွင်
အကြောက်တရားတစ်ခုသာရှိခဲ့သည်။

ထိုအချိန်က သူ၏ တာအိုနှလုံးသား ပြိုလဲသွားကာ
လုံးဝနီးပါး ယိုယွင်းသွားလေသည်။

သို့ရာတွင် ယခုအခါ ဤအရှိန်အဝါက ထပ်မံပေါ်လာပြီ
ဖြစ်သည်။

ကျွင်းမူလန်အတွက် အရေးကြီးသည့်
အခိုက်အတန့်တွင်...

ရောမ လက်ကြီးတစ်ဖက်က

အမှောင်နတ်ဘုရားသားတော်ကို ဖမ်းဆုပ်ထားသော နတ်ဘုရား၏လက်ကဲ့သို့ ဆင်းသက်လာသည်။

"ဘယ်သူလဲ"

အမှောင်နတ်ဘုရားသားတော်လည်း ရှေးဦးသားရဲတစ်ကောင်၏ ပစ်မှတ်ထားခံရသလို ရုတ်တရက် ထိတ်လန့်သွားတော့သည်။

သူဟာ အမှောင်တံဆိပ်ကို အလျင်အမြန် ရုတ်သိမ်းပြီး လှည့်၍ ရိုက်လိုက်သည်။

သို့ရာတွင် ထိုပုံရိပ်ထံမှ အနှိုင်းမဲ့ မြင့်မြတ်သော ရွှေရောင်အလင်းတန်းများ ထွက်ပေါ်လာခဲ့၏။

အမှောင်မန္တာန်ခန္ဓာက အလွန်ပြင်းထန်သော

ကျိန်စာစွမ်းအားများ ရှိသည်။

ယခင်က ကျွင်းဝူချန်ကို အောင်မြင်စွာ လုပ်ကြံနိုင်ခဲ့ခြင်းမှာ ဤကျိန်စာစွမ်းအားကြောင့်လည်း အပါအဝင်ဖြစ်ချေသည်။

သို့သော်လည်း ဤတစ်ကြိမ်တွင်၊ အမှောင်နတ်ဘုရားသားတော်၏ စွမ်းအားများက နေရောင်ထိသော နှင်းကဲ့သို့ အရည်ပျော်ကျလာတော့သည်။

"ဒါက ဘယ်လိုလုပ်ပြီး ဖြစ်နိုင်မှာလဲ"

အမှောင်နတ်ဘုရားသားတော် ထိတ်လန့်သွားပြီး လှည့်ကြည့်လိုက်မိသည်။ ထိုအခါ သူ့အမူအရာက အေးခဲသွား၏။

"ဒါ... မင်းပဲ၊ ကျွင်းရှောင်ယောက်"

အမှောင်နတ်ဘုရားသားတော်က အသံကျယ်ကျယ်ဖြင့်
အော်ဟစ်လိုက်သည်။

ကျွင်းရှောင်ယောက်၏ ရှေးဟောင်းမြင့်မြတ်ခန္ဓာက
အင်မတန်မွန်မြတ်၍ အမှောင်စွမ်းအား
အမျိုးမျိုးတို့ကို ဆန့်ကျင်နိုင်စွမ်း ရှိသည်။

ရှေးဟောင်းမြင့်မြတ်ခန္ဓာက
အမှောင်ကျိန်စာခန္ဓာကဲ့သို့ ခန္ဓာများအတွက်
သဘာဝရန်သူ ဖြစ်ချေသည်။

ကျွင်းရှောင်ယောက်၏ အမူအရာကတော့
ဘာမျှမထူးခြားပေ။

သူသည် အမှောင်နတ်ဘုရားသားတော်ကို

ဖမ်းဆုပ်လိုက်၏။ ထာဝရအင်မော်တယ်အရိုး
စွမ်းအားဖြင့်လည်း သူ၏ လက်ဟာ
အင်မော်တယ်အလင်းများဖြင့်
တောက်ပနေတော့သည်။

အမှောင်နတ်ဘုရားသားတော်က
နည်းလမ်းအမျိုးမျိုးကို အသုံးပြုခဲ့သော်လည်း
ကျွင်းရှောင်ယောက်၏
လက်ဝါးမှလွတ်မြောက်နိုင်ခြင်းမရှိပေ။

"ဝုန်း"
ကျွင်းရှောင်ယောက်က
အမှောင်နတ်ဘုရားသားတော်ကို လည်ပင်းမှကိုင်ပြီး
ပင့်မြှောက်လိုက်သည်။

ယင်းက ကြက်တစ်ကောင်လို

မြှောက်လိုက်သကဲ့သို့ပင်။

ဤမြင်ကွင်းက မီတာတစ်သောင်းရှိ ရှန်းကုတာအိုရေကန်ကြီးတစ်ခုလုံးကို တိတ်ဆိတ်ငြိမ်သက်သွားစေသည်။

ဤမျှကြီးမားသော ပြောင်းလဲမှုက တခဏအတွင်း ဖြစ်လာမည်ကို မည်သူမျှ မမျှော်လင့်ထားပေ။

"ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်၊ သူ ဘယ်လိုလုပ်ပြီး ရှန်းကုကမ္ဘာကို ရောက်လာရတာလဲ"

"ဒါ့အပြင် သူ့အငွေ့အသက်က ဘာဖြစ်လို့ ဒီလောက် ကြောက်စရာကောင်းနေရတာလဲ"

"မဖြစ်နိုင်ဘူး၊ ကျွင်းမိသားစုရဲ့
နတ်ဘုရားသားတော်က ရှန်းကုကမ္ဘာကို
နောက်ကျမှရောက်လာပြီး ဒီလို
ကျင့်ကြံခြင်းအခြေခံမျိုးကို ဘယ်လိုလုပ်ပြီး
ရရှိနိုင်မှာလဲ"

မီတာတစ်သောင်း တာအိုရေကန်အတွင်းရှိ
သက်ရှိသတ္တဝါအားလုံး တုန်လှုပ်သွားခဲ့သည်။

တချို့လည်း အံ့အားသင့်စွာဖြင့် အော်ဟစ်လိုက်သည်။

ကျွင်းရှောင်ယောက်၏ အသွင်အပြင်ကြောင့် သူတို့
မအံ့သြပေ။

သို့ရာတွင် ကျွင်းရှောင်ယောက်၏ ကျင့်ကြံခြင်းက
၎င်းတို့အားလုံးကို အံ့အားသင့်စေခဲ့သည်။

အမှောင်နတ်ဘုရားသားတော်သည်
အစစ်အမှန်နတ်ဘုရုးနယ်ပယ်
အလယ်အလတ်အဆင့်တွင် ရှိ၏။
အမှောင်ကျိန်စာခန္ဓာကြောင့်လည်း သူ့ခွန်အားဟာ
နှောင်းပိုင်းအဆင့် အစစ်အမှန်နတ်ဘုရားများနှင့်ပင်
နှိုင်းယှဉ်နိုင်စွမ်း ရှိသည်။

သို့သော်လည်း ယခုအချိန်တွင် ကျွင်းရှောင်ယောက်က
သူ့လည်ပင်းကို လက်တစ်ဖက်တည်းဖြင့်
ဆုပ်ကိုင်ထား၏။ ထို့ထက် သူဟာ လုံး၀
ရုန်းကန်မရတော့ပေ။

ဤမြင်ကွင်းက ထိတ်လန့်စရာကောင်းလွန်းသည်။

"ကျွင်းရှောင်ယောက်၊ မင်း..."

အမှောင်နတ်သားတော်က အပြင်းအထန်
ရှုန်းကန်လိုက်သည်။

သို့ရာတွင် ကျွင်းရှောင်ယောက်၏ ဆုပ်ကိုင်မှုမှ မည်သို့
လွတ်မြောက်နိုင်မည်နည်း။

"ကျွင်းမိသားစုရဲ့ဘဝက ဒီလောက်လွယ်တာလား"
ကျွင်းရှောင်ယောက်၏ လေသံက ရေခဲတမျှ
အေးစက်သွားသည်။

"ကြွေလွင့်နတ်ဘုရားသားတော်တုန်းကလည်း
မင်းသတ်ခဲ့တာ မဟုတ်ဘူးလား"
အမှောင်နတ်ဘုရားသားတော်က ရှုန်းကန်ရင်း
ပြောလိုက်သည်။

"ဒီနတ်ဘုရားသားတော်က ဆန္ဒရှိတဲ့သူကို
သတ်နိုင်တယ်၊ မင်းမှာ ဘာရှိလဲ"
ကျွင်းရှောင်ယောက်က အေးစက်စက်ဖြင့် ပြောသည်။

ကြွေလွင့်နတ်ဘုရားသားတော် ဆွံ့အသွား၏။

သူက ခုခံရန်အတွက် ဝိညာဉ်စွမ်းအားကို
လှုံ့ဆော်လိုက်သည်။
အမှောင်ကျိန်စာစွမ်းအားကလည်း ချက်ချင်းပင် ပျံ့နှံ့
ထွက်ပေါ်လာခဲ့၏။

သို့သော်လည်း ကျွင်းရှောင်ယောက်၏
မြင့်မြတ်ခန္ဓာက ၎င်းကို အခိုင်အမာ
ဖိနှိပ်ထားတော့သည်။

"အနာဂတ်မှာ၊ ဒီနတ်ဘုရားသားတော် မြင်ရသမျှ

ကြွေလွင့်နတ်ဘုရားနန်းတော်ရဲ့ လူတိုင်းကို သတ်မယ်"

ထိုရှိကေရာဇ်မီးက ကျွင်းရှောင်ယောက်၏လက်မှ ထွက်ပေါ်လာသည်။

ခုနစ်ရောင် မီးတောက်များက လျှံထွက်လာကာ အမှောင်နတ်ဘုရားသားတော်ကို လွှမ်းခြုံသွား၏။

"အား"

မချိမဆန့် နာကျင်သော ဝေဒနာများကြောင့် အော်ဟစ်လိုက်သံကြီး ထွက်ပေါ်လာတော့သည်။ ဤဝေဒနာက သာမန်လူများ ခံနိုင်ရည်ရှိသောအရာ မဟုတ်ပေ။

သို့သော်လည်း ကျွင်းရှောင်ယောက်က ထိုမျှနှင့် မရပ်တန့်ခဲ့ပေ။ သူက ဖရိုဖရဲနတ်ကြိတ်ဆုံကြီးကို ထုတ်ယူခဲ့သည်။

သူက ဖရိုဖရဲ နတ်ကြိုတ်ဆုံကြီးကို အသုံးပြုကာ အမှောင်နတ်ဘုရားသားတော်၏ ရှေးဦးဝိညာဉ်ကို ချေမှုန်းရန် ကြံရွယ်လိုက်ခြင်း ဖြစ်သည်။

ထိုနာကျင်မှုမျိုးက စကားလုံးများဖြင့် ဖော်ပြရန် လွန်စွာမှ ခက်ခဲလှသည်၊ ၎င်းက အရိုးများနှင့် အသားများကို တစ်ခုပြီးတစ်ခု ဖြည်းဖြည်းချင်း အမှုန့်ချေနေသကဲ့သို့ပင်။

အမှောင်နတ်ဘုရားသားတော်၏ အော်ဟစ်သံက ကြားရသူတိုင်းကို ကြက်သီးတဖြန်းဖြန်း ထလာစေခဲ့သည်။

ကျွင်းရှောင်ယောက်က အမှောင်နတ်ဘုရားသားတော်ကို

တိုက်ရိုက်သတ်နိုင်သည်။

သို့ရာတွင် ထိုသို့သော နည်းလမ်းမျိုးဖြင့် ထပ်မံ ညှဉ်းပန်းနှိပ်စက်ခဲ့သေး၏။

အဆုံးတွင် ကျွင်းရှောင်ယောက်က သူ့အကျီလက်ကို ခ်ယမ်းကာ အမှောင်နတ်ဘုရားသားတော်၏ခန္ဓာကို ပြာအဖြစ်သို့ တိုက်ရိုက် ပြောင်းလဲသွားစေခဲ့တော့သည်။

အင်မော်တယ်အင်အားစုမှ မျိုးဆက်တစ်ယောက် အလွန်လွယ်ကူစွာ ကျဆုံးသွားခဲ့ပြီ ဖြစ်သည်။

ဤအခိုက်တွင် ရှန်းကုတာအိုရေကန်ကြီးတစ်ခုလုံး တိတ်ဆိတ်နေပြီး ဘာသံမှ မကြားရတော့ပေ။

အားလုံး၏ အသက်ရှူသံများ မြန်လာသည်။

၎င်းမှာ ဟွမ်ရွှမ်းရီ၊ ဖုန့်ချင်းလင်၊ လုံပိကျစ်နှင့်
အခြားသူများ ဖြစ်ပေသည်။

ကျွင်းရှောင်ယောက်က
အမှောင်နတ်ဘုရားသားတော်ကို
လက်တစ်ဖက်တည်းဖြင့် သတ်ခဲ့သည်။

ယင်းက စိတ်ကူးကြည့်ရန်ပင် မလွယ်ပေ။

ယခင်က ကျွင်းမူလန်နှင့် တိုက်ခိုက်ရာမှာပင်
အမှောင်နတ်ဘုရားသားတော်က
လက်ရည်ညီမျှနိုင်ခဲ့သည်။

အိုလေ့လည်း မျက်လုံးများ
အနည်းငယ်ကျဉ်းမြောင်းသွား၏။

သူ၏ ကျင့်ကြံခြင်းအခြေခံဖြင့်ပင်
အမှောင်နတ်ဘုရားသားတော်ကို ဤမျှလွယ်လွယ်
သတ်နိုင်မည် မဟုတ်ပေ။

"ဒီအပြင်လူက တကယ်ပဲ အစွမ်းထက်တာလား"
အိုလေ့ မျက်မှောင်ကြုတ်လိုက်သည်။

ကျွင်းမူလန်ကမူ ကျွင်းရှောင်ယောက်ကို
မြင်ရပြီးနောက် လွန်စွာ ဝမ်းသာသွား၏။

သူမက ကျွင်းရှောင်ယောက်နံဘေးသို့ အပြေးတစ်ပိုင်း

လျှောက်လာခဲ့လေသည်။ သူက
ကျွင်းရှောင်ယောက်ကို ပခုံးပုတ်ပြီး ပြောလိုက်သည်။

"နောက်ဆုံးတော့ ရှန်းကုကမ္ဘာကို နင်
ရောက်လာပြီပေါ့။ နင် ငါ့ကို
အကြာကြီးစောင့်ခိုင်းထားတယ်"
ကျွင်းမူလန်က ပြုံးလိုက်သည်။

ကျွင်းရှောင်ယောက်ကို တွေ့မြင်ပြီးနောက် ကျွင်းမူလန်
မည်မျှသက်သာရာရသွားသည်ကို
ဘုရားသခင်သာလျှင် သိနိုင်ပေလိမ့်မည်။

ကျွင်းရှောင်ယောက်က ကျွင်းမိသားစု၏
မျိုးဆက်သစ်ကျောရိုး ဖြစ်သည်။

"ငါ နည်းနည်းနောက်ကျသွားခဲ့တယ်၊ တော်သေးလို့

အရမ်းနောက်မကျခဲ့ဘူး၊ မဟုတ်ရင်..."

ကျွင်းရှောင်ယောက် သက်ပြင်းချလိုက်သည်။

"နင် ရောက်လာတာ ကောင်းတယ်"

ကျွင်းမူလန်၏ အပြုံးက
ပြန်လည်ပျောက်ကွယ်သွားသည်။

ဤကိစ္စအတွက်တော့ ကျွင်းရှောင်ယောက်ကို
အပြစ်မတင်နိုင်ပေ။

"စိတ်မပူပါနဲ့။ အခုကစပြီး ငါ့အတွက် ထားခဲ့လိုက်"

ကျွင်းရှောင်ယောက်က ပြောလိုက်သည်။

ထိုအချိန်တွင် မနီးမဝေးသို့ ကျွင်းရွှယ်ဟွမ်၊ ကျွင်းရှီယု၊
လဲ့မင်ယွမ်နှင့် မင်းသမီးလုံကျိုတို့လည်း

ရောက်လာသည်။

မင်းသမီးလုံကျို ရောက်ရှိလာခြင်းက အားလုံးကို တုန်လှုပ်သွားစေသည်။

သို့သော်လည်း ယခုအချိန်တွင် အကြည့်အားလုံးက ကျွင်းရှောင်ယောက်ကိုသာ စိုက်ကြည့်နေခဲ့ကြ၏။

အမှောင်နတ်ဘုရားသားတော်ကို လူတိုင်းက ဤမျှလွယ်လွယ် မသတ်နိုင်ပါချေ။

"အင်မော်တယ်နယ်မြေကြီးမှာတုန်းက မင်းတို့အားလုံး ကြောက်လန့်သွားအောင် လုံလောက်တဲ့အထိ ငါ မသတ်ခဲ့ဘူးထင်တယ်"

ကျွင်းရှောင်ယောက်က ပတ်ဝန်းကင်ကို

လှည့်ကြည့်လိုက်သည်။

ရွှေတောင်ပံဘုရင် ရှောင်ပန်က အံကြိတ်ကာ အတောင်ပံများကိုခတ်ကာ နောက်ပြန်ဆုတ်သွားခဲ့၏။ တစ်ချိန်တည်းမှာပင် သူက ပြောလိုက်သည်။

"ငါက ကျွင်းမိသားစုရဲ့ လုပ်ငန်းကို ဝင်မစွက်ဖက်ပါဘူး။ ဒါက ငါနဲ့ ဘာမှမဆိုင်ဘူး"

ပြောပြီးသည်နှင့် ရွှေတောင်ပံဘုရင်က အလင်းတန်းတစ်ခုကဲ့သို့ အဝေးကို အလျင်အမြန် ထွက်ပြေးသွားသည်။ ရှန်းကုတာအိုရေကန် အခွင့်အရေးကိုပင် သူ မလိုချင်တော့ပေ။

"ဒါ..."

လူတိုင်း အံ့သြသွားကြသည်။

ရွှေတောင်ပံဘုရင် ရှောင်ပန်သည် ကျော်ကြားသော ပါရမီရှင်တစ်ဦး ဖြစ်သည်။ သို့သော်လည်း ယခုအချိန်တွင် မတုံ့ဆိုင်းဘဲ ချက်ချင်း ထွက်ပြေးသွားလေပြီ။

ကျွင်းရှောင်ယောက်က သူ့ကို တစ်ချက်သာကြည့်ပြီး အကြည့်လွှဲလိုက်သည်။

ဟွမ်ရှမ်းရီနှင့် ဖုန့်ချင်းလင်ကလည်း တိတ်တဆိတ် ဆုတ်ခွာသွားရန် ကြိုးစားလိုက်၏။

"မင်းတို့ ထွက်သွားနိုင်မယ်လို့ ထင်လို့လား" ကျွင်းရှောင်ယောက်က သူတို့ကိုကြည့်ကာ လှမ်းပြောလိုက်သည်။

"ငါတို့ဘာမှမလုပ်ဘူးလေ"

နှစ်ယောက်စလုံး တုန်လှုပ်ခြောက်ခြားသွား၏။

"မင်းတို့ ဘာမှမလုပ်ပါဘူး၊ ဒါပေမယ့်
ဖီးနစ်ဝိညာဉ်တောင်တန်းက လုပ်ခဲ့တယ့်

ပြောပြီးသည်နှင့် ကျွင်းရှောင်ယောက်က လက်ဝါးဖြင့် ရိုက်ချလိုက်သည်။ ၎င်းတို့က ခုခံသော်လည်း အင်အားကွာဟချက်မှာ ကြီးမားလွန်း၏။ သူတို့၏ ခန္ဓာကိုယ်နှင့် ဝိညာဉ်များသည်ပင် ချက်ချင်းပင် အမှုန့်ဖြစ်သွားရတော့သည်။

"အဲဒီနှစ်ယောက်က ငါ့ကို အတော်စိတ်မချမ်းမသာ ဖြစ်စေတယ်"

ကျွင်းရှောင်ယောက်က အိုလေ့နှင့် လုံပိကျစ်ကို အေးစက်စက်ဖြင့် ကြည့်လိုက်သည်။

လုံပိကျစ်၏မျက်နှာလည်း သဘာဝမကျဘဲ နှလုံးခုန်မြန်လာခဲ့၏။

သို့သော်လည်း သူ့ဘေး၌ အိုလေ့ရှိနေသည်အား သတိရသောအခါ ပြန်လည် ငြိမ်သက်သွားသည်။

နဂါးလူမျိုးနွယ်ကို လူတိုင်း ရန်မစဝံ့ပေ။

"လုံပိကျစ်၊ မင်း အသက်ရှင်ရတာ ပင်ပန်းနေပုံရတယ်"

ကျွင်းရှောင်ယောက်၏ မျက်လုံးများက အေးစက်သွားသည်။

ကျွင်းရှောင်ယောက်သည် ယခင်က သေးငယ်သော

ငါးကလေးမျှသာဖြစ်သည့် လုံပိကျစ်ကို ဂရုမစိုက်ခဲ့ပေ။

သို့သော်လည်း သူမက သေချင်နေပြီး ကျွင်းရှောင်ယောက်ရှေ့တွင် လာခုန်ပေါက်ရန် ရွေးချယ်ခဲ့သည်။

"အပြင်လူ၊ ဒီလောက်ဆိုရင် တော်လောက်ပြီ။ ဒါက မင်းတို့ရဲ့ နေရာမဟုတ်ဘူး"

အိုလေ့က ရှေ့သို့ ခြေတစ်လှမ်းတိုးလိုက်သည်။ သူ့ထံမှ အစစ်အမှန်နတ်ဘုရားနယ်ပယ် သေးငယ်သော ပြီးပြည့်စုံခြင်း အရှိန်အဝါများက ပေါက်ကွဲကာ ထွက်ပေါ်လာခဲ့၏။  သူ့သဘောထားက မာနကြီးလွန်းသည်။

သို့ရာတွင် ကျွင်းရှောင်ယောက်က အေးစက်စက်ဖြင့်

တစ်ချက်ပြုံးပြီး ရှေ့သို့တိုးလိုက်သည်။

အစစ်အမှန်နတ်ဘုရားနယ်ပယ် ပြီးပြည့်စုံခြင်း၏ အရှိန်အဝါများကို သူ ဖုံးကွယ်မထားတော့ပေ။

အိုလေ့ အံဩသွားခဲ့သည်။

သူ့အမူအရာက အေးခဲသွားကာ ရယ်စရာဖြစ်လာပုံရ၏။

မူလက ကျွင်းရှောင်ယောက်ကို ခြိမ်းခြောက်ရန် သူ၏ အရှိန်အဝါကို ထုတ်ခဲ့သည်။

ယခုမူ သူ့ကိုပင် ပြန်လည် ခြိမ်းခြောက်ခံနေခဲ့ရပြီ။

---------

အခန်း ( ၄၁၆ ) ကျွင်းရှောင်ယောက်၏
လွှမ်းမိုးချုပ်ကိုင်မှု၊ ကျယ်ပြောလှတဲ့
မီတာတစ်သောင်းတာအိုရေကန်ကြီး လေးခုစလုံးကို
ငါတို့ ကျွင်းမိသားစုက ပိုင်တယ်။

"အစစ်အမှန်နတ်ဘုရားနယ်ပယ် ကြီးမားသော
ပြီးပြည့်စုံမှု၊ ဒါက ဘယ်လိုဖြစ်နိုင်မှာလဲ"
အိုလေ့ အသက်ပြင်းပြင်းရှူပြီး မယုံနိုင်ဟန်ဖြင့်
ကြည့်လိုက်သည်။

ရှန်းကုကမ္ဘာတွင် တစ်နှစ်ပတ်လုံး
နေထိုင်ခဲ့ကြသူများပင်လျှင်
အစစ်အမှန်နတ်ဘုရားနယ်ပယ် ကြီးမားသော
ပြီးပြည့်စုံခြင်းသို့ရောက်အောင်

လေ့ကျင့်နိုင်သောသူက အလွန်နည်းပါးသည်။

သဘာဝစွမ်းအင် ပိုပါးလွှာသည့် ပြင်ပကမ္ဘာကို
မဆိုထားဘိ။

အမိဝမ်းတွင်းမှ စပြီး လေ့ကျင့်မယ်ဆိုလျှင်ပင်
ဤအဆင့်သို့ရောက်ရန် မဖြစ်နိုင်ဘူး မဟုတ်လား။

အိုလေ့သာမကဘဲ သူ့ပတ်ဝန်းကျင်မှ
သတ္တဝါအားလုံးလည်း တုန်လှုပ်သွားကြသည်။

ကျွင်းရှောင်ယောက်၏ အရှိန်အဝါက ပြင်းထန်လွန်း၍
သူတို့ ခန္ဓာကိုယ်များ ပေါက်ကွဲလုမတတ်
ကွဲကြေလုနီးပါးပင်။

ကျွင်းမူလန်သည်ပင် အံသြသွားရသည်။

အစောပိုင်းက ကျွင်းရှောင်ယောက်ကို
နားမလည်နိုင်ဘူးဟု ခံစားရသော်လည်း သူ၏
ကျင့်ကြံခြင်းနယ်ပယ် အစစ်အမှန်ကို မသိခဲ့ပါချေ။

ယခုတော့ ကျွင်းမူလန်၏ အနီရောင်နှုတ်ခမ်းများမှာ
ပွင့်ဟနေပြီး ဝိုင်းစက် နေခဲ့ပြီ ဖြစ်သည်။

'ဘယ်လို မကောင်းဆိုးရွားပ်လိမ့်'
ကျွင်းမူလန် သက်ပြင်းချလိုက်သည်။

သို့ရာတွင် သူမ ပို၍ပင် အားတက်သွား၏။

အချိန်အတော်ကြာ ပစ်မှတ်ထား၍

ဖိနှိပ်ခံရပြီးနောက်မှာတော့ ကျွင်းမိသားစုမှ ပါရမီရှင်များအလှည့်သို့ ရောက်ရှိလာခဲ့ပြီ။

ကျွင်းရှောင်ယောက်၏ နယ်ပယ်ကို ဖော်ထုတ်ပြီးနောက် အိုလေ့၏ မျက်နှာအမူအရာက သုန်မှုန်သွားခဲ့သည်။

အကယ်၍ ကျွင်းရှောင်ယောက်သာ အစစ်အမှန်နတ်ဘုရားနယ်ပယ် တွင်သေးငယ်သော ပြီးပြည့်စုံခြင်းအဆင့်တွင် ရှိနေပါက အိုလေ့ဟာ တိုက်ရိုက်လှူပ်ရှားရန် တွန့်ဆုတ်နေမည် မဟုတ်ပေ။

နောက်ဆုံးတွင်၊ တူညီသောအဆင့်၌ သူ၏နဂါးလူမျိုးနွယ်က အားသာချက်တစ်ခု ရှိသည်။

သို့ရာတွင် ကျွင်းရှောင်ယောက်၏

ကျင့်ကြံခြင်းအခြေခံက
အစစ်အမှန်နတ်ဘုရားနယ်ပယ် ကြီးမြတ်သော
ပြီးပြည့်စုံမှု ဖြစ်နေသည်။

မောက်မာတတ်သည့် အိုလေ့ကဲ့သို့
လူတစ်ယောက်သည်ပင် ဤအခိုက်တွင် ကမူးရှူးထိုး
မတိုက်နိုင်ခဲ့ပေ။

ထို့အပြင် ကျွင်းရှောင်ယောက်၏
အမှောင်နတ်ဘုရားသားတော်ကို
ညှဉ်းပန်းနှိပ်စက်လိုက်ပုံမှာ အိုလေ့ကို ပို၍ပင်
ကြောက်ရွံ့လာစေသည်။

ထို့အပြင် ရှန်းကုတာအိုရေကန်က
ပေါက်ကွဲတော့မည်ဖြစ်၍ အခွင့်အရေးရရန်
နဂါးမျိုးနွယ်တည်ရှိရာ တာအိုရေကန်ဆီသို့

သွားရပေတော့မည်။

ကျွင်းရှောင်ယောက်နှင့် တိုက်ပွဲတွင် ဒဏ်ရာရခဲ့ပါက ၎င်း၏ အခွင့်အလမ်းများကိုပါ ထိခိုက်လာစေမည် ဖြစ်သည်။

ထို့ကြောင့် အိုလေ့က ခပ်တည်တည်ပင် ဟန်ဆောင်ရင်း ပြောလိုက်သည်။

"ပြင်ပကမ္ဘာရဲ့ ပါရမီရှင်တွေကြားထဲမှာ မင်းလို ဘီလူးတစ်ကောင် ရှိလိမ့်မယ်လို့ ငါ မမျှော်လင့်ထားဘူး။ မင်းရဲ့ အစစ်အမှန်နတ်ဘုရားနယ်ပယ် ကြီးမားတဲ့ပြည့်စုံမှု ကျင့်ကြံခြင်းအခြေခံအရ ဒီနေရာမှာ ရပ်တည်ဖို့ အရည်အချင်းပြည့်မီပါတယ်။ ဒီအတွက် မင်းကို ငါလွှတ်ပေးလိုက်မယ်"

အိုလေ့၏စကားက သူ့ပတ်ဝန်းကျင်ရှိ လူအားလုံးကို အံ့အားသင့်စေခဲ့သည်။

လုံပိကျစ်လည်း ထိတ်လန့်သွား၏။

နဂါးမျိုးနွယ်မှ ပါရမီရှင်လည်း အမှန်တကယ် တုန်လှုပ်သွားခဲ့ပြီ။

ဤသည်မှာ အနောက်ဘက်မှ နေထွက်လာခြင်းပင် ဖြစ်သည်။

"ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်က နဂါးလူမျိုးနွယ်ဝင်ကို နောက်ဆုတ်ဖို့ ရွေးချယ်စေခဲ့တာ တကယ်ကို အံ့သြဖို့ကောင်းတယ်"

တာအိုရေကန်အပြင်ဘက်မှ ပြပွဲကြည့်နေသော

အပြင်လူတချို့လည်း သက်ပြင်းချနေခဲ့ကြသည်။

ရှန်းကုမျိုးနွယ်ကြီး လေးခုအနက်မှ တစ်ခုဖြစ်သည့်
နဂါးလူမျိုးနွယ် ပါရမီရှင်ကို
နောက်ပြန်ဆုတ်သွားစေနိုင်သည်က
လူဘယ်နှစ်ယောက် ရှိလို့လဲ။

"ငါ့ကို လွှတ်ပေးလိုက်တာလား"

ကျွင်းရှောင်ယောက် တစ်ချက် ပြုံးလိုက်၏။

အိုလေ့၏ စကားများက တကယ်ကို
ရယ်စရာကောင်းသည်။

"အရင်သွားရအောင်"

အိုလေ့က ကျွင်းရှောင်ယောက်ကို

အေးစက်သောအကြည့်ဖြင့်
တစ်ချက်လှမ်းကြည့်လိုက်သည်။

ရှန်းကုတာအိုရေကန် ပေါက်ကွဲပြီးနောက်
ကျွင်းရှောင်ယောက်ကို ပြန်ပေးဆပ်ရပေလိမ့်မည်။

လုံပိကျစ်က မကျေမနပ်ဖြစ်နေသော်လည်း အိုလေ့၏
ရွေးချယ်မှုကို မမေးဝံ့ပေ။

သို့သော်လည်း ထိုအချိန်တွင် ကျွင်းရှောင်ယောက်က
ပြောလိုက်သည်။

"ခဏနေဦး"

အိုလေ့ ခေတ္တရပ်လိုက်ကာ သူ့မျက်နှာကလည်း
သုန်မှုန်သွား၏။

"မင်းဘာကိုဆိုလိုတာလဲ"

"မီတာတစ်သောင်းတာအိုရေကန်က
ကျွင်းမိသားစုပိုင်တယ်"

ကျွင်းရှောင်ယောက်က လျစ်လျူရှုစွာ
ပြောလိုက်သည်။

ထိုစကားများ ထွက်လာသည်နှင့် တပြိုင်နက်
သူတို့ပတ်ဝန်းကျင်ရှိ ပါရမီရှင်များအပြင်
ရှန်းကုသတ္တဝါအချို့လည်း မျက်နှာအမူအရာ
ပြောင်းလဲသွားကြသည်။

အဓိကရေယာတစ်ခုလုံးတွင် မီတာတစ်သောင်း
တာအိုရေကန်က လေးခုသာ ရှိ၏။

နဂါးလူမျိုးနွယ်၊ ရှေးဟောင်း မှော်မျိုးနွယ်နှင့် မျက်စိသုံးလုံး သူတော်စင်မျိုးနွယ်တို့က တာအိုရေကန်ကြီးသုံးခုကို သိမ်းပိုက်ခဲ့ပေသည်။

ဤအတွက် နောက်ဆုံး တာအိုရေကန်တစ်ခုသာ ကျန်လူများအတွက် နေရာရှိခဲ့သည်။

သို့သော်လည်း ယခုအချိန်မှာ ကျွင်းရှောင်ယောက်က သူတို့ကျွင်းမိသားစုမှ ပိုင်ဆိုင်သည်ဟု ပြောလာခဲ့ချေပြီ။

ယင်းက သည်းမခံနိုင်စရာ ဖြစ်သည်။

"အပြင်လူ၊ မင်းက မောက်မာလှချေလား"

ရှန်းကုမျိုးနွယ်ထဲမှ သတ္တဝါတချို့က ဒေါသတကြီး
အော်ဟစ်လိုက်ကြသည်။

ကျွင်းရှောင်ယောက်က ထိုသတ္တဝါကို
လှမ်းကြည့်လိုက်၏။

ထိုသတ္တဝါ၏ အမူအရာလည်း ခဏတာမျှ
အေးခဲသွားခဲ့သည်။

သူ့စိတ်ထဲတွင် နတ်ဘုရားများနှင့်
နတ်ဆိုးများ၏သွေးများဖြင့် စွန်းထင်းနေသော
ကြိတ်ဆုံကျောက်တုံးကြီးတစ်ခု ရှိနေပုံရ၏။

"ဖောင်း"

ထိုရှန်းကုသတ္တဝါ၏ဦးခေါင်းက အပိုင်းပိုင်း
ကွဲထွက်သွားကာ ရှေးဦးဝိညာဉ်သည်ပင်

တိုက်ရိုက်သုတ်သင်ခံလိုက်ရတော့သည်။

ကျွင်းရှောင်ယောက်၏ အကြည့်ကိုပင် သူ မခံနိုင်ပေ။

"အခု ဘယ်သူလဲ"

ကျွင်းရှောင်ယောက်က လက်နှစ်ဖက်ကိုနောက်ပစ်ပြီး ပတ်ဝန်းကျင်ကို ကြည့်လိုက်သည်။

ဤတစ်ခါတော့ ပတ်ဝန်းကျင်က လုံးဝတိတ်ဆိတ်သွားခဲ့ပြီ။

ပြင်ပကမ္ဘာ၏ ပါရမီရှင်ဖြစ်ဖြစ်၊ ရှန်းကုသတ္တဝါများပဲဖြစ်ဖြစ် အားလုံးက ကျွင်းရှောင်ယောက်ကို ကြောက်ရွံ့ပြီး မနာလိုစိတ်ဖြင့် ကြည့်လိုက်ကြသည်။

ကျွင်းရှောင်ယောက်က တကယ်ကို မကောင်းမိစ္ဆာကြီး ဖြစ်ပုံရလေသည်။

'ဒီကောင်က အတော်သောင်းကျန်းနေပြီပဲ။ မင်းသားကလွဲရင် ဖြစ်ကောင်းဖြစ်နိုင်တာက သူ့ကို ရင်ဆိုင်နိုင်တဲ့လူ များများစားစားမရှိနိုင်ဘူး'

အိုလေ့၏ မျက်လုံးများသည်လည်း လေးနက်နေခဲ့သည်။

သူပြောနေသော မင်းသားက သဘာဝအတိုင်း နဂါးလူမျိုးနွယ်၏ မင်းသား ဖြစ်ပေသည်။ ၎င်းက ကောင်းကင်နတ်ဘုရားနယ်ပယ်မှ ကြီးကျယ်ခမ်းနားသော တည်ရှိမှုဖြစ်သည်။

"မင်းဘာသာ လုပ်ချင်တာလုပ်နိုင်တယ်၊

ဒီတာအိုရေကန်က နဂါးလူမျိုးနွယ်နဲ့ ဘာမှမဆိုင်ဘူး၊ ဒါက အပြင်လူတွေကိစ္စပဲ"

အိုလေ့က နောက်ဆုတ်နေရန် ရွေးချယ်လိုက်သည်။

မည်သို့ဆိုစေ၊ ဤရှန်းကုတာအိုရေကန်က နဂါးလူမျိုးနွယ်၏ အကျိုးစီးပွားနှင့် ဘာမှမဆိုင်ပေ။

ထို့ကြောင့် သူဟာ ဂရုစိုက်ပေးရန် ပျင်းလွန်းသည်။

သို့ရာတွင် ကျန်သူများ၏ မျက်နှာများကမူ အလွန်အကြည့်ရဆိုးလှသည်။

ကျွင်းမူလန်၊ ကျွင်းရွှယ်ဟွမ်နှင့် အခြားသူများကတော့ လွန်စွာ စိတ်လှုပ်ရှားသွား၏။

ယင်းက ကျွင်းမိသားစု၏ လွှမ်းမိုးချုပ်ကိုင်မှု ဖြစ်သည်။

လဲ့မင်ယွမ်လည်း အလွန်စိတ်လှုပ်ရှားသွားကာ မျက်နှာနီရဲသွားခဲ့သည်။ မီတာတစ်သောင်း တာအိုရေကန်တစ်ခုကို လက်ဝါးကြီးအုပ်ထားရန်က သူ လုံးဝ စိတ်ကူးမယဉ်နိုင်ပေ။

'ငါနိုင်သွားပြီ၊ ငါ လောင်းကြေးထပ်လိုက်တာ မမှားဘူး'
လဲ့မင်ယွမ် အလွန်ဝမ်းသာသွားခဲ့သည်။

သူ့ဘဝက စက်ဘီးမဟုတ်တော့ပေ။

စီးတော်ခံစက်ဘီးမှ စံအိမ်ကြီး ဖြစ်သွားပြီ ဖြစ်သည်။

သို့ရာတွင် ကျွင်းရှောင်ယောက် နောက်ထပ် ပြောလာသောစကားက လူတိုင်းကို လုံးဝအံ့အားသင့်သွားစေခဲ့သည်။

"မင်း နားလည်မှုလွဲနေပြီထင်တယ်၊ ငါရည်ညွှန်းတဲ့ တာအိုရေကန်က ဒါတင်မဟုတ်ဘူး"

"ဒါက အဓိကဧရိယာတစ်ခုလုံး၊ မီတာတစ်သောင်း တာအိုရေကန်အားလုံးက ငါ့ရဲ့ ကျွင်းမိသားစုနဲ့ သက်ဆိုင်တယ်"

ထိုစကားများကြောင့် အိုလေ့ သူ့နားတစ်ခုခုဖြစ်နေပြီဟုပင် သံသယဖြစ်သွားမိသည်။

ကျွင်းရှောင်ယောက်က တာအိုရေကန်ကြီး
လေးခုစလုံးကို လက်ဝါးကြီးအုပ်ချင်နေပေသည်။

"ဒီ အပြင်လူပါရမီရှင် ရူးနေတာလား"
ရှန်းကုသတ္တဝါအားလုံး အံ့သြသွားကြသည်။

ရူးသွပ်နေ၍သာမဟုတ်ရင်
ဤစကားမျိုးပြောဆိုလိမ့်မည် မဟုတ်ပေ။

ဤတာအိုရေကန်ကို တစ်ယောက်တည်း
လက်ဝါးကြီးအုပ်လိုပါက ပြဿနာမရှိသော်လည်း
အခြား တာအိုရေကန်သုံးခုကို မျိုးနွယ်စုကြီး သုံးခုက
သိမ်းပိုက်ထားသည်။

ကျွင်းရှောင်ယောက်က ရှန်းကုမျိုးနွယ်ကြီးလေးခုကို

တစ်ယောက်တည်း ဆန့်ကျင်ချင်သလော။

အမှန်ပင် ကျွင်းရှောင်ယောက်မှာ
လွှမ်းမိုးချုပ်ကိုင်မှုကြောင့် ကျော်ကြားသည်။

"မင်း ရန်စနေတာလား"
အိုလေ့၏မျက်နှာတွင် ဒေါသများ ဖြစ်ပေါ်လာသည်။

ကျွင်းရှောင်ယောက်အတွက်
နောက်ဆုတ်ပေးသည်ကပင် လွန်လွန်းနေချေပြီ။

"ကျွင်းရှောင်ယောက်၊ နင်တကယ်ရူးနေပြီလို့
ထင်တယ်"
လုံပိကျစ်လည်း ထအော်လိုက်၏။

ကျွင်းရှောင်ယောက်က ဂရုမစိုက်ဘဲ
လှမ်းကြည့်လိုက်ရာ လုံပိကျစ်စိတ်ထဲ
ခဏတာတုန်ခါသွားပြီး သွေးများ
အန်ထွက်လာတော့သည်။

အိုလေ့က လုံပိကျစ်၏အရှေ့တွင်
အမြန်ပြေးဝင်ရပ်လိုက်သည်။

"ဒီလိုလုပ်ခြင်းရဲ့ အကျိုးဆက်ကို မင်း
စဉ်းစားပြီးပြီလား"

အိုလေ့၏ အသံက အေးစက်သွားသည်။

ဤအတွက် ကျွင်းရှောင်ယောက်က ရိုးရှင်းစွာ
တုံ့ပြန်ခဲ့၏။

"မင်း ထွက်မသွားရင် မင်းသေလိမ့်မယ်"

လျှစ်လျူရှုခြင်း။

လွှမ်းမိုးချုပ်ကိုင်ခြင်း။

"ကောင်းတယ်၊ မင်း သတ္တိရှိရင် ဒီမှာပဲ စောင့်နေ၊ ထွက်မသွားနဲ့"

အိုလေ့ ဒေါသတကြီးဖြင့်ပြောကာ နေရာမှ တိုက်ရိုက် ထွက်သွားသည်။

သူက ဤအကြောင်းကို မျိုးနွယ်ကြီးသုံးခုထံသို့ သွားပြောမည်မှန်း သိသာထင်ရှားလှပေသည်။

ကျွင်းရှောင်ယောက်၏ မျက်လုံးများက

အထင်မြင်သေး ရှုံ့ချမှုများ လှစ်ဟနေခဲ့သည်။

ယင်းက အတန်းဆင်းလျှင် တောထဲမှာ တွေ့မည်ဟု
ပြောဆိုတတ်သော မူလတန်း
ကျောင်းသားတစ်ယောက်နှင့် တူသည်။

"ဒါ တစ်ခုခု မှားနေတာလား..."
ကျွင်းမူလန်ကဲ့သို့ အကြောက်ရွံ့မဲ့သော
အမျိုးသမီးတစ်ဦးသည်ပင် တုန်လှုပ်သွားမိသည်။

ရှန်းကုမျိုးနွယ်ကြီးလေးခုစလုံးတွင်
ကောင်းကင်နတ်ဘုရားနယ်ပယ် ပါရမီရှင်များ
ရှိကြပုံရ၏။

ကျွင်းရှောင်ယောက်က အစစ်အမှန်နတ်ဘုရားနယ်ပယ်
ကြီးမားသော ပြီးပြည့်စုံမှု ဖြစ်လျှင်ပင် မျိုးနွယ်စုကြီး

သုံးခုကို တစ်ယောက်တည်း တွန်းလှန်ရန် အမှန်တကယ် ခက်ခဲသည်။

"စိတ်မပူပါနဲ့။  ငါဒီမှာရှိနေသရွေ့ ရှန်းကုမျိုးနွယ်ထဲက ဘယ်သူကမှ ကျွင်းမိသားစုရှေ့မှာ ဂုဏ်ယူဝံ့ကြွားနေရဲမှာ မဟုတ်ဘူး"

ကျွင်းရှောင်ယောက်က ဘာမျှမထူးခြားဟန်ဖြင့် ပြောလိုက်သည်။

သူ၏ စွမ်းအားကိုပြရန် တစ်စုံတစ်ယောက် လိုအပ်နေသည်။

ဤအတွက် မျိုးနွယ်စုကြီးသုံးခုက သူ့ထံဝင်တိုးရန် အစပြုလာပါ ယဥ်ကျေးနေမည်မဟုတ်ပေ။

--------

အခန်း ( ၄၁၇ ) နဂါးမျိုးနွယ်မှ အိုကျန်း၊ မျက်စိသုံးလုံး သူတော်စင်မျိုးနွယ်၊ ရှေးဟောင်း မှော်မျိုးနွယ်။

အိုလေ့နှင့် လုံပိကျစ်တို့ ထွက်သွားပြီးနောက် ရှန်းကုတာအိုရေကန်ကြီးတစ်ခုလုံး ငြိမ်သက်သွားခဲ့သည်။

ကိုယ့်မျက်စိနှင့်မမြင်ရလျှင် ကျွင်းရှောင်ယောက်က ဤမျှ ကြောက်စရာကောင်းသည်ဟု မည်သူမှ ထင်မှတ်ကြမည် မဟုတ်ပေ။

ရွှေတောင်ပံဘုရင်ကို ကြောက်လန့်ပြီး ထွက်ပြေးစေကာ အမှောင်နတ်ဘုရားသားတော်ကို

ချက်ခြင်းသတ်ခဲ့သည်။ ဟွမ်ရှမ်းရီနှင့်
ဖုန့်ချင်းလင်ကိုလည်း အမှတ်တမဲ့သတ်လိုက်၏။

အံ့သြစရာကောင်းအောင် သူ၏နယ်ပယ်ကလည်း
အစစ်အမှန်နတ်ဘုရားနယ်ပယ်
ကြီးမားသောပြီးပြည့်စုံမှု ဖြစ်နေသည်။

ဟုတ်ပေသည်၊ အထင်ကြီးစရာ အကောင်းဆုံးအရာက
ကျွင်းရှောင်ယောက်၏ လွှမ်းမိုးမှုဖြစ်သည်။

၎င်းက ရှန်းကုမျိုးနွယ် လေးခုအနက် သုံးခုကို
ချက်ချင်း နှိုးဆော်ခဲ့၏။

သူက အလွန်သတ္တိရှိသည်ဟု ပြောရမည်။

သို့သော်လည်း ၎င်းတို့ပတ်ဝန်းကျင်ရှိ ရှန်းကုမျိုးနွယ်များဝင်များ၏ မျက်လုံးများမှာတော့ ရန်ငြိုးဖွဲ့မှုနှင့် လျစ်လျူရှုမှုတို့ ရှိသည်။

ကျွင်းရှောင်ယောက်က တာအိုရေကန်ကို သိမ်းပိုက်ထားပြီး ဆန္ဒအလျောက် သတ်ဖြတ်ခဲ့သည့်အပြင် အဓိကမျိုးနွယ် သုံးခုကိုပင် ရန်စခဲ့သည်။

ထိုရှန်းကုသတ္တဝါများ၏အမြင်တွင် ကျွင်းရှောင်ယောက်က သေလူတစ်ယောက်နှင့် မခြားနားတော့ပေ။

"ငါသာ သူ့နေရာမှာဆိုရင်အခု ဘယ်လို ထွက်ပြေးရမလဲဆိုတာ စဉ်းစားလိမ့်မယ်"

"ဟုတ်တယ်၊ ဒါပေမဲ့ သူက အတော်ကြီးရန်လိုတယ်။
အခု သူ ဘာဖြစ်သွားမလဲဆိုတာ ကြည့်ရအောင်"

ရှန်းကုသတ္တဝါများက အေးစက်စက်ဖြင့်
တီးတိုးပြောကာ အဝေးမှ ကြည့်နေခဲ့ကြသည်။

ကျွင်းရှောင်ယောက်က သူတို့၏ အကျိုးစီးပွားကို
ထိပါးလာသည့်အတွက်
ကျွင်းရှောင်ယောက်အပေါ်တွင်
ကောင်းမွန်သည့်အမြင်မျိုး မရှိနိုင်ကြတော့ပေ။

သို့သော်လည်း ကျွင်းရှောင်ယောက်က
အလွန်အားကောင်းသောကြောင့်
အဓိကမျိုးနွယ်သုံးခုမှ ပါရမီရှင်များအပေါ်သာ
၎င်းတို့၏ မျှော်လင့်ချက်များကို
တွယ်ကပ်ထားနိုင်သည်။

ပြင်ပလူများအတွက်မူ သူတို့၏မျက်လုံးများက ရှုပ်ထွေးသောအမူအရာများဖြင့် ပြည့်နှက်နေသည်။

သူတို့ထက် ခြေတစ်လှမ်းပိုနောက်ကျသည့် ကျွင်းရှောင်ယောက်က သူတို့ရှေ့မှ ဆက်လျှောက်နေဦးမည်ဟု ဘယ်သူက ထင်ထားခဲ့မှာလဲ။

"ဒီကေရာဇ်လမ်းကို ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်က တကယ်ပဲ ဦးဆောင်နေတာ ဖြစ်ကောင်းဖြစ်နိုင်တယ်"

"ဟုတ်တယ်၊ ဒီခေတ်က ကျွင်းမိသားစုက နတ်ဘုရားသားတော်ရဲ့ စင်မြင့်တစ်ခုပဲလို့ ထင်ရတယ်"

"ငါမသိဘူး၊ ရှန်းကုမျိုးနွယ်သုံးခုကို
သူတစ်ယောက်တည်း ရင်ဆိုင်နိုင်ပါ့မလား"

ဤအပြင်လူများကမူ
နောက်ဆက်တွဲအခြေအနေများ၏ တိုးတက်မှုကို
သိချင်ကြသည်။

ကျွင်းရှောင်ယောက်ကတော့ လုံးဝကို
လျစ်လျူရှုထားပြီး ထိတ်လန့်ကြောက်ရွံ့ခြင်း
သို့မဟုတ် ထွက်ပြေးချင်စိတ် လုံးဝမရှိပေ။

ခွန်အားရှိလျှင် ယုံကြည်မှုလည်း ရှိရမည်။

"ကောင်စုတ်လေး၊ နောက်ဆုံးတော့ ဒီအမက နင့်ကို
ကျော်သွားပြီလို့ ငါထင်ခဲ့တယ်၊ ဒါပေမယ့် နင်က

ငါ့ရှေ့ကနေ လျှောက်သွားနေတုန်းပဲ"
ကျွင်းမှူလန်က ပြောလိုက်သည်။

သူက အလွန်ရဲ့ရင့်သော ကိုယ်ရည်ကိုယ်သွေးရှိကာ
ကျွင်းရှောင်ယောက်နှင့် ရင်ဆိုင်ရလျှင်ပင်
အချုပ်အနှောင်မရှိဘဲ လွတ်လပ်သည်။

ကျွင်းရှောင်ယောက်လည်း ပြုံးရုံပြုံးပြီး
ဘာမျှမပြောတော့ပေ။

"ဒါပေမယ့်...သူက ဘာကိစ္စရှိလို့လဲ"
ကျွင်းမှူလန်က မင်းသမီးလုံကျိုကို
တစ်ချက်ကြည့်လိုက်သည်။

မင်းသမီးလုံကျိုက ထိုနေရာတွင် တိတ်ဆိတ်စွာ

ရှိနေပြီး ကျက်သရေမရှိသော အလှများဖြင့်
ရပ်နေသည်။

"ဒါက ဇာတ်လမ်းရှည်ကြီးပါပဲ၊ လောလောဆယ်တော့
သူ့အတွက် စိတ်မပူနဲ့"
ကျွင်းရှောင်ယောက်က ပြောလိုက်သည်။

"နင် သူ့ကို အနိုင်ယူခဲ့တာလား..."
ကျွင်းမူလန်က မျက်ခုံးပင့်လိုက်၏။

"ဘာမှမဟုတ်ပါဘူး၊ လေ့ကျင့်မှုနည်းနည်းပဲ"
ကျွင်းရှောင်ယောက် ပြုံးလိုက်လေသည်။

"ဒီအမက ယုံတယ်၊ နင့်ရဲ့ လက်ထဲကနေ ဘယ်မိန်းမမှ
လွတ်မြောက်မှာ မဟုတ်ဘူး"

ကျွင်းမူလန်က သက်ပြင်းချလိုက်သည်။

"မင်းအပါအဝင်လား"

ကျွင်းရှောင်ယောက်က အနည်းငယ်ပြုံးကာ မေးလိုက်၏။

ကျွင်းမူလန်က မျက်လုံးပြူးသွားကာ ချက်ချင်း ပြောလိုက်သည်။

"ငါ့ကို လာဆွဲမထည့်နဲ့၊ ငါက ဒါမျိုးမလုပ်ချင်ဘူး"

လေထုသည် ခဏတာ လိုက်လျောညီထွေဖြစ်လာခဲ့လေသည်။

ပတ်ဝန်းကျင်ရှိ ပါရမီရှင်များနှင့် ရှန်းကုသတ္တဝါများလည်း အနည်းငယ်

အံ့သြသွားကြသည်။

ဤကျွင်းရှောင်ယောက်က တကယ်ကို
အေးဆေးတည်ငြိမ်ပြီး စိတ်လှုပ်ရှားမှု လုံးဝ မရှိပေ။

တစ်ဖက်တွင် ဒေါသချောင်းချောင်းထွက်နေသော
အိုလေ့က နဂါးမျိုးနွယ်တည်ရှိရာ
ရှန်းကုတာအိုရေကန်ဆီသို့ ပြန်သွားခဲ့သည်။

ကွက်လပ်လေးခုကဲ့သို့
မီတာတစ်သောင်းရေကန်များသည် တစ်ခုနှင့်တစ်ခု
နီးကပ်စွာရှိပြီး များစွာမဝေးလှပေ။

ဤရေကန်ကျယ်ကြီးထဲတွင်
အမျိုးမျိုးသောသတ္တဝါများ မရှိပါ။

၎င်းတို့အားလုံးက နဂါးမျိုးနွယ်၏
ပါရမီရှင်များဖြစ်ကာ တစ်ရာခန့် ရှိသည်။

သူတို့ထဲမှ တစ်ယောက်၏ ဦးခေါင်းမှာတော့
အနက်ရောင် နဂါးဦးချိုများရှိပြီး
သူ့ခန္ဓာကိုယ်ကိုလည်း အနက်ရောင် အကြေးခွံများနှင့်
ဖုံးအုပ်ထားသည်။

သူသည်ကား နဂါးနက်သွေးမျိုးဆက်ပါသော
အိုကျန်းဟုခေါ်သည့် နဂါးလူမျိုးနွယ်၏ ပါရမီရှင်
ဖြစ်ချေသည်။

ယောင်ဝါးဝါး ထွက်ပေါ်လာသော ဖိအားအရ
အစစ်အမှန်နတ်ဘုရားနယ်ပယ်  ကြီးမားသော
ပြီးပြည့်စုံမှုသို့ ရောက်ရှိသွားကြောင်း ထင်ရှားသည်။

အိုကျန်းက နဂါးလူမျိုးနွယ်ကြားမှ
အလွန်မြင့်မားသော တည်ရှိမှုတစ်ခု ဖြစ်ချေသည်။

အိုလေ့ လာနေသည်ကိုမြင်တော့ အိုကျန်း
ပြောလိုက်သည်။

"အိုလွမ်လည်း မကြာခင် ရောက်လာသင့်တယ်၊
ရှန်းကုတာအိုရေကန်က ပေါက်ကွဲလုနီးဖြစ်နေပြီ"

သူစကားပြောနေစဉ် အိုလေ့၏ မျက်နှာက
တစ်ခုခုလွဲမှားနေသည်ကို ရုတ်တရက်
သတိပြုမိသွားသည်။

"ဘာဖြစ်လာတာလဲ"

အိုကျန်း မေးလိုက်၏။

အိုလေ့လည်း အေးစက်စက်အမူအရာဖြင့် အိုကျန်းကို ယခင်က ဖြစ်ခဲ့သမျှအားလုံးကို ပြောပြလိုက်တော့သည်။

နားထောင်ပြီးနောက် အိုကျန်း၏ မျက်လုံးထဲတွင် ထူးဆန်းသောအကြည့်တစ်ခု ပေါ်လာပြီး ပြုံးကာ ပြောလိုက်သည်။

"ဟားဟား၊ စိတ်ဝင်စားစရာပဲပေါ့၊ ပြင်ပကမ္ဘာရဲ့ ပါရမီရှင်တွေထဲမှာ ထူးခြားတဲ့ တည်ရှိမှုတစ်ခု ရှိတယ်"

"ဒီကောင်က မောက်မာလွန်းတယ်၊ သူက ငါတို့ရဲ့ နဂါးလူမျိုးနွယ်ကိုတောင် ဂရုမစိုက်ဘူး"

အိုလေ့က ပြောသည်။

"ဟုတ်ပါတယ် သခင်လေးနှစ်ယောက်၊
ကျွင်းရှောင်ယောက်ရဲ့စရိုက်ကို ကျွန်မသိတယ်၊ သူက
နောက်မဆုတ်ဘူးဆိုရင် ဘယ်တော့မှ
နောက်ဆုတ်မှာမဟုတ်ဘူး"

လုံပိကျစ်က ဘေးမှ အတို့အထောင်လုပ်ပေးသည်။

နဂါးလူမျိုးနွယ်က အင်အားအပြည့်နှင့်
လုံအိုထျန်းတို့ပါ တိုက်ခိုက်မည်ဆိုလျှင် ဤကမ္ဘာကြီးမှ
ကျွင်းရှောင်ယောက်
လုံးဝပျောက်ကွယ်သွားရပေလိမ့်မည်။

ထိုနည်းအားဖြင့် သူမအပေါ်တွင်
ကျွင်းရှောင်ယောက်ထားခဲ့သော အရိပ်မည်းကြီးလည်း
ပျောက်ကွယ်သွားနိုင်သည်။

"ဒါဆိုရင်လည်း ရှေးဟောင်း မှော်မျိုးနွယ်နဲ့

မျက်လုံးသုံးလုံး သူတော်စင်မျိုးနွယ်တို့ကို ခေါ်ကြတာပေါ့။ ဒီအပြင်လူက မောက်မာနေမှတော့ သူ့ဆန္ဒအတိုင်း မြင်ခွင့်ပေးမယ်"

အိုကျန်းက လှောင်ပြောင်လိုက်သည်။

ကျွင်းရှောင်ယောက်ဆိုသူ အပြင်လူပါရမီရှင်က မျိုးနွယ်စုကြီးသုံးခုကို တပြိုင်နက်တည်း စိန်ခေါ်ချင်နေမှတော့ သူ၏ဆန္ဒကို သဘာဝအတိုင်း ဖြည့်ဆည်းပေးရတော့မည်။

မကြာမီ အိုလေ့၊ အိုကျန်းနှင့် အခြားသူများက ရှေးဟောင်းမှော်မျိုးနွယ်နှင့် မျက်လုံးသုံး သူတော်စင်မျိုးနွယ်ရှိရာ တာအိုရေကန်များသို့ သွားခဲ့သည်။

သတင်းသိရသောအခါ...

မျိုးနွယ်နှစ်ခုမှ ပါရမီရှင်အားလုံး မျက်နှာများ
အေးစက်သွား၏။

ရှန်းကုကမ္ဘာရှိ အဓိကမျိုးနွယ်စုလေးခု၏
ဂုဏ်သိက္ခာကို စိန်ခေါ်၍မရနိုင်ပေ။

မကြာမီ သူတို့သုံးဖွဲ့က ပူးပေါင်းသွားပြီး
ကျွင်းရှောင်ယောက်ရှိရာ တာအိုရေကန်သို့
ချီတက်ခဲ့ကြသည်။

ဤတွင် ကျွင်းရှောင်ယောက်က ရှန်းကုတာအိုရေကန်
ပေါက်ကွဲမည့်အချိန်ကို တိတ်တဆိတ်
စောင့်ဆိုင်းနေသည်။

သို့သော်လည်း ခဏအကြာတွင် လူထူထပ်သော

လူအုပ်စုတစ်စုက အဝေးမှ ထွက်ပေါ်လာခဲ့၏။

ထိုလူစုတွင် တစ်ယောက်ချင်းစီ၏ အရှိန်အဝါက အစွမ်းထက်လွန်းသည်။ ၎င်းတို့၏ မျက်လုံးများကလည်း စူးရှကာ လင်းယုန်ကဲ့သို့၊ ဝံပုလွေများကဲ့သို့ ရှိသည်။

"လာပြီ၊ အဓိကမျိုးနွယ်သုံးခုရဲ့ ပါရမီရှင်တွေ လာကြပြီ"

ပတ်ဝန်းကျင်မှ ရှန်းကုသတ္တဝါများလည်း စိတ်လှုပ်ရှားနေသော အမူအရာများဖြင့် အော်ဟစ်လိုက်ကြသည်။

အဓိက မျိုးနွယ်စုသုံးစုက ကျွင်းရှောင်ယောက်ကို သတ်လိုက်သည့်အခါ ရှန်းကုတာအိုရေကန်အတွက် ထပ်မံ ယှဉ်ပြိုင်နိုင်တော့မည်။

ကျန်သည့် ပြင်ပလူများကတော့ စောင့်မျှော်နေကြဆဲ ဖြစ်သည်။

ကျွင်းရှောင်ယောက်က အင်မော်တယ်နယ်မြေကြီးတွင် အံ့ဩဖွယ်ရာများစွာကို ဖန်တီးခဲ့ပေသည်။

ထို့ကြောင့် နောက်ဆုံးရလဒ်က ဘာဖြစ်မယ်ဆိုတာ ဘယ်သူမှ အတပ်မပြောနိုင်ပါချေ။

"ကျွင်းရှောင်ယောက်ဆိုတာ မင်းလား"

နဂါးမျိုးနွယ်ဘက်မှ အိုကျန်းက ရှေ့သို့ တိုးလာသည်။

သူ၏ အရှိန်အဝါက အိုလေ့ထက်ပင် ပို၍သန်မာသည်။

"အစစ်အမှန်နတ်ဘုရားနယ်ပယ်
ကြီးမားသောပြီးပြည့်စုံမှုရဲ့ အရှိန်အဝါပဲ၊
နဂါးမျိုးနွယ်က နာမည်ဂုဏ်သတင်းနဲ့
ထိုက်တန်ပါပေတယ်"

အိုကျန်း၏ အရှိန်အဝါက အပြင်လူများကို
တုန်လှုပ်စေခဲ့သည်။

ကျွင်မူလန်၊ ကျွင်းရွယ်ဟွမ်နှင့် အခြားသူများလည်း
မျက်လုံးအကြည့်များ လွန်စွာလေးနက်သွားကြ၏။

အိုကျန်း၏ ကျင့်ကြံခြင်းအခြေခံက
ကျွင်းရှောင်ယောက်နှင့် တူညီသောကြောင့်
နယ်ပယ်အားသာချက်မှာ အလွန်အားနည်းသွားခဲ့ပြီ။

သို့သော်လည်း ကျွင်းရှောင်ယောက်၏
ကိုယ်ပိုင်စွမ်းအားကို နယ်ပယ်နှင့်

တိုင်းတာ၍မရနိုင်မှန်း သူတို့ ကောင်းစွာသိကြသည်။

ကျွင်းရှောင်ယောက်၏ ခွန်အားကို နယ်ပယ်တစ်ခုတည်းဖြင့် ရိုးရိုးရှင်းရှင်း ဆုံးဖြတ်ခြင်းက ကျားသစ်ခန္ဓာကို ဝါးပေါက်ထဲမှ ချောင်းကြည့်နေခြင်းနှင့် တူမည်။

"ဟမ့်၊ အစစ်အမှန်နတ်ဘုရားနယ်ပယ်က ငါတို့ အဓိက မျိုးနွယ်စုသုံးစုကို ရန်စနေဝံ့တယ်။ တကယ် ရယ်စရာကောင်းတာပဲ"

တစ်ဖက်တွင် အရပ်ရှည်ရှည်ဖြင့် ခုနစ်ပေရှိသော သတ္တဝါတစ်စု ရှိနေသည်။ ၎င်းတို့၏ အရေပြားမျက်နှာပြင်ပေါ်မှာတော့ သူတော်စင် ကမ္ပည်းအမျိုးမျိုးဖြင့် တံဆိပ်ကပ်ထား၏။

၎င်းတို့တွင် အထူးခြားဆုံးအချက်က

လှျို့ဝှက်ဆန်းကြယ်ပြီး အလွန်နက်နဲသော သူတို့၏မျက်ခုံးနှစ်ခုကြားမှ ဒေါင်လိုက်မျက်လုံးတစ်လုံး ရှိနေခြင်း ဖြစ်သည်။

၎င်းက မျက်စိသုံးလုံး သူတော်စင်မျိုးနွယ် ဖြစ်ချေသည်။

ယခုပြောလာသူမှာ မျက်လုံးသုံးလုံး သူတော်စင်မျိုးနွယ်မှ အစစ်အမှန်နတ်ဘုရားနယ်ပယ် ပါရမီရှင်ဖြစ်သည်။ သူ့နာမည်ကား ထို့ကူ ဖြစ်ပေသည်။

"မှန်တယ်၊ ငါတို့ မျိုးနွယ်စုကြီးသုံးစုရှေ့မှာ မင်းက ခုန်ပေါက်နေတဲ့ လူပြက်တစ်ယောက်ပဲ"

ရှေးဟောင်းမှော်မျိုးနွယ်ဘက်မှလည်း မျက်နှာပေါ်တွင် အမျိုးမျိုးသောမန္တာန်များ ရေးထိုးထားသည့်

လူတစ်ယောက်က အေးစက်စက်ဖြင့် ပြောလိုက်သည်။

၎င်းတို့က လျှို့ဝှက်ဆန်းကြယ်ပြီး ထူးဆန်းသော မှော်အတတ်ပညာကို ကျွမ်းကျင်သော လူတစ်စု ဖြစ်သည်။

ရှန်းကုကမ္ဘာကြီးတစ်ခုလုံးတွင် ဤမျိုးနွယ်စုကြီးသုံးစုကို တစ်ယောက်တည်း ရင်ဆိုင်နိုင်သူမရှိသလောက်ဟု ဆိုနိုင်သည်။

ဤဖိအားမျိုးက လူများကို အသိစိတ် ပြိုလဲသွားစေနိုင်ပေသည်။

ကျွင်းရှောင်ယောက်၏ အမူအရာကမူ အစမှ အဆုံးထိ အပြောင်းအလဲမရှိပေ။

သူ၏အကြည့်ကလည်း နတ်ဘုရားကဲ့သို့ပင် မထူးခြားပေ။

"မင်းတို့ ဒီကိုရောက်လာကတည်းက ထွက်မသွားတော့နဲ့၊ မင်းတို့ဆီမှာ ငါ့ကျွင်းမိသားစုက အကြွေးတွေ ရှိနေသေးတယ်"

--------

အခန်း ( ၄၁၈ ) အဓိကမျိုးနွယ်သုံးခုမှ ပါရမီရှင်များနှင့် တိုက်ခိုက်ခြင်း၊ အိုလေ့ သေပြီ။

ကျွင်းရှောင်ယောက်၏ လေသံမှာ ဘာမှမထူးခြားဘဲ မျက်လုံးသုံးလုံး သူတော်စင်မျိုးနွယ်ကို

ကြည့်လိုက်သည်။

မျက်လုံးသုံးလုံး သူတော်စင်မျိုးနွယ်သား
ကောင်းကင်မျက်လုံးသားတော်သည်
ကျွင်းထျန်းမင်ကို သတ်ခဲ့သူဖြစ်၏။

ဤသွေးကြွေးအတွက် ကျွင်းရှောင်ယောက်ဟာ
ပြန်လည် တောင်းယူရပေမည်။

နဂါးလူမျိုးနွယ်သည်ကား ဘိုးလွှားနဂါးသိုက်နှင့်
ပူးပေါင်းကြ၍ သူ့ရန်သူများ ဖြစ်လာသည်။

ရှေးဟောင်းမှော်မျိုးနွယ်ကမူ သူနှင့်
ရန်ငြိုးဖွဲ့ခြင်းမရှိပေ၊ သို့သော်လည်း ၎င်းတို့က
အခြားသော မျိုးနွယ်စုကြီးနှစ်ခုကဲ့သို့
တစ်ဖက်တည်းတွင် ရှိနေကြသည်။

ယောဘုယျအားဖြင့် ဤမျိုးနွယ်ကြီးသုံးခုက ကျွင်းရှောင်ယောက်၏ ရန်သူများဖြစ်သည်။

ထိုကိစ္စအတွက် ကျွင်းရှောင်ယောက်ဟာ မည်သည့်အရာကိုမျှ စိတ်ပူနေရန် မလိုပေ။

"အရှက်မရှိ ကြွားတတ်လိုက်တာ၊ ငါတို့မျိုးနွယ်ကို လက်စားချေဖို့ မင်းမှာ ဘာအရည်အချင်းရှိလို့လဲ"

မျက်လုံးသုံးလုံးသူတော်စင်မျိုးနွယ်မှ ထို့ကူက အေးစက်သောလေသံဖြင့် ပြောသည်။

"ဒါက ငါပဲ၊ ငါဆိုတာက မင်းကို သတ်နိုင်တဲ့ နတ်ဘုရားသားတော်"

ပြောပြီးသည်နှင့် ကျွင်းရှောင်ယောက်

လှုပ်ရှားလိုက်သည်။

အနှိုင်းမဲ့နတ်ဆင်ခွန်အားကို အသက်သွင်းလိုက်ရာ
ဘီလီယံချီသော နတ်ဘုရားစွမ်းအင်များ
ထွက်ပေါ်လာပြီး ဟင်းလင်းပြင်ကို ပင်လယ်ရေကဲ့သို့
တုန်ခါသွားစေခဲ့၏။

အစစ်အမှန်နတ်ဘုရားနယ်ပယ်
ကြီးမားသောပြီးပြည့်စုံမှု သူ၏
ကျင့်ကြံခြင်းအခြေခံကိုလည်း လုံးလုံးလျားလျား
လှုံ့ဆော်ပေးခဲ့ပြီ။

သူ လှုပ်ရှားလိုက်သည်နှင့် တစ်ပြိုင်နက်
ဤလောကသို့ ဆင်းသက်လာသော
နတ်တစ်ပါးကဲ့သို့ဖြစ်ကာ လူတိုင်းကို
အသက်ရှူကျပ်စေသည်။

"မောက်မာလိုက်တာ"

ထို့ကူကလည်း ဒေါသတကြီးအော်ဟစ်ကာ
အစစ်အမှန်နတ်ဘုရားနယ်ပယ် ကြီးမားသော
ပြီးပြည့်စုံမှု အရှိန်အဝါကို ပေါက်ကွဲစေလိုက်၏။

သူက မျက်လုံးသုံးလုံး သူတော်စင်မျိုးနွယ်၏
သဘာဝစွမ်းရည်များကို အသုံးပြုလိုက်သည်။
သူ့ခန္ဓာကိုယ်ပေါ်မှ သူတော်စင်ကမ္ပည်းများကိုပါ
အသုံးပြုရင်း ကျွင်းရှောင်ယောက်ကို
ရင်ဆိုင်လိုက်၏။

ဤမြင်ကွင်းကို ကြည့်နေကြသည့် အပြင်လူများလည်း
မျက်ခုံးလှုပ်သွားသည်။

ရှေးဟောင်းမြင့်မြတ်ခန္ဓာနှင့် ဤသို့ အံတုနေခြင်းမှာ

သေချင်၍ပင် မဟုတ်ပါလား။

မျှော်လင့်ထားသည့်အတိုင်း ဤတိုက်ခိုက်မှုက ထို့ကူခန္ဓာကိုယ်မှ ကမွည်းအားလုံးကို ချေမှုန်းပစ်လိုက်သည်။

"ဒါက ဘယ်လိုဖြစ်နိုင်မှာလဲ"

ထို့ကူ မျက်လုံးများ ပြူးကျယ်လာကာ မယုံနိုင်စွာ အော်ဟစ်လိုက်၏။

သူ့ရှေ့မှ လူငယ်က ပိန်ပိန်ပါးပါး အရပ်ရှည်ရှည်ဖြစ်သော်လည်း သူ့ခန္ဓာထဲတွင် အလွန်ကြီးမားသော စွမ်းအားများ ရှိနေပုံရသည်။

အစစ်အမှန်နဂါး အမွေခံများနှင့် ခွန်ပန်၏

သားမြေးများပင်လျှင် ထိုထက်မသာနိုင်သေးပေ။

၎င်းတို့က အဆင့်တူများ ဖြစ်သော်လည်း ထို့ကူပဟာ ကောင်းကင်နတ်ဘုရားနှင့် ရင်ဆိုင်ရသကဲ့သို့ ခံစားလိုက်ရသည်။

ကျွင်းရှောင်ယောက်၏နည်းလမ်းက အလွန်ရိုးရှင်းပြီး တည့်တိုးဆန်သည်။

သူ့ခန္ဓာကိုယ်အနှံ့မှ ရွှေရောင်စွမ်းအင်နှင့် သွေးများက လေထဲသို့ တိုးဝင်လာကာ စကြဝဠာကြီးကို ဖြိုခွင်းနိုင်သော ရွှေရုပ်တုအဖြစ် ပြောင်းလဲသွား၏။

ရှေးဟောင်းမြင့်မြတ်ခန္ဓာက ထိပ်တိုက်ရင်ဆိုင်ရာတွင် မည်သူ့ကိုမျှမကြောက်ပေ။

ရှေးဟောင်းမြင့်မြတ်ခန္ဓာက အဆင့်တူ၌ သာလွန်သောစွမ်းအား ရှိနေခြင်းမှာ စကားသက်သက် မဟုတ်ပါချေ။

ထို့ကူက အစစ်အမှန်နတ်ဘုရားနယ်ပယ် ကြီးမားသော ပြီးပြည့်စုံမှုတွင် ရှိနေသော်လည်း ကျွင်းရှောင်ယောက်နှင့်ယှဉ်လျှင် အားနည်းနေဆဲ ဖြစ်သည်။

"မဖြစ်နိုင်ဘူး"

ထို့ကူ ဒေါသတကြီးဖြင့် အော်ဟစ်ပြီး မျက်လုံးသုံးလုံး သူတော်စင်မျိုးနွယ်၏ သဘာဝလွန်စွမ်းရည်ကို အလျင်အမြန် ပြသလိုက်သည်။

သူ၏ မျက်ခုံးနှစ်ခုများကြားမှ တတိယမျက်လုံးသည်

နေနှင့်လကဲ့သို့ တောက်ပလာသည်။

အဖျက်စွမ်းအား အလင်းတစ်ခုလည်း
ထွက်ပေါ်လာကာ ဟင်းလင်းပြင်ကို
ထွင်းဖောက်သွား၏။ ဤအရှိန်က အလွန်လျင်မြန်ပြီး
ဖြတ်သန်းသွားရာ လမ်းတစ်လျှောက်မှ
ဟင်းလင်းပြင်က တုန်ခါသွားတော့သည်။

"သေ"

ထို့ကူ၏ မျက်နှာပေါ်တွင် ရက်စက်ကြမ်းကြုတ်မှုတို့
ပေါ်လာသည်။

သို့သော်လည်း ကျွင်းရှောင်ယောက်၏
မျက်လုံးများတွင် လှောင်ပြောင်မှု အရိပ်အမြွက်များ
ထွက်ပေါ်လာခဲ့၏။

အလင်းများ သူ့ရင်ဘတ်တွင် စုရုံးလာကာ
နတ်အလင်းကဲ့သို့ အလင်းတန်းတစ်ခု
ပေါက်ကွဲထွက်လာတော့သည်။

၎င်းက အနှိုင်းမဲ့အရိုး၏ သဘာဝလွန်စွမ်းရည်
ကောင်းကင်ကပ်ဘေးအလင်း ဖြစ်သည်။

"အိုး၊ ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်မှာ
အနှိုင်းမဲ့အရိုးလည်း ရှိတယ်ဆိုတာကို ငါမေ့လုနီးပဲ"
တိုက်ပွဲကို စောင့်ကြည့်နေသည့် အပြင်လူများလည်း
မနေနိုင်ဘဲ ခပ်တိုးတိုး ပြောလိုက်ကြသည်။

ယခင်က ရင်ဆိုင်ရသည့် ပြိုင်ဘက်များဟာ
အားနည်းလွန်း၍ ကျွင်းရှောင်ယောက်က
အနှိုင်းမဲ့အရိုးကို သိပ်အသုံးမပြုခဲ့ပေ။

ယခု တစ်ဖန် ပေါ်လာသောအခါ ထိုစွမ်းအားက
ကြောက်မက်ဖွယ်ကောင်းလှသည်။

ကျွင်းရှောင်ယောက်၏ ကြံ့ခိုင်မှု
တိုးတက်လာသည်နှင့်အမျှ အနှိုင်းမဲ့အရိုး
သဘာဝလွန်စွမ်းရည် စွမ်းအားကလည်း
တိုးလာသည်။

ထိုရှန်းကုသတ္တဝါများလည်း အံ့သြသွား၏။

ကျွင်းရှောင်ယောက်တွင် ဤဝှက်ဖဲမျိုး
ရှိနေသေးမည်ဟု သူတို့ မသိခဲ့ကြပေ။

"ဝုန်း"
အလင်းတန်းနှစ်ခု၏ တိုက်မိခြင်းက ဗုံးတစ်လုံး
ပေါက်ကွဲသွားသကဲ့သို့ ဖြစ်ကာ အလွန်တောက်ပသော

အလင်းတန်းများ ဖြစ်ပေါ်စေခဲ့သည်။

ကျွင်းရှောင်ယောက်က အနှိုင်းမဲ့အရိုး သဘာဝလွန်သဘာဝစွမ်းရည်ကို တစ်ဖန် ပြန်လည်အသက်သွင်းခဲ့၏။

ကင်းကင်ယံ၌ အလင်းများက စုစည်းလာကာ ကောင်းကင်၏ထောင့်တစ်ခု ပြိုကျကာ ပြိုကျပျက်စီးသွားသကဲ့သို့ ကမ္ဘည်းများဖြင့် ဖုံးအုပ်ထားသော ကြောက်စရာကောင်းသည့် လက်ကြီးတစ်ဖက် ထွက်ပေါ်လာတော့သည်။

ယင်းက ကောင်းကင်နတ်ဘုရားလက် ဖြစ်သည်။

ဤလက်ဝါးကြီးက ဖိချလိုက်သောအခါ တောင်ကြီးတစ်လုံး ကျဆင်းလာသကဲ့သို့ပင်။ ထို့ကူ၏

ခန္ဓာမှ ကမွှည်းများက လင်းလက်လာကာ
ဟိန်းဟောက်ပြီး ခုခံရန်ကြိုးစားလိုက်သည်။

သို့ရာတွင် ရလဒ်အနေဖြင့် လူတစ်ကိုယ်လုံးကို
အပိုင်းပိုင်းဖြစ်ကာ သွေးများ ရွှဲအိုင်သွား၏။

ထို့နောက်မှာတော့ ထို့ကူ
အသေးစားဗားရှင်းနှင့်တူသော ပုံရိပ်လေးတစ်ခု
ထွက်ပေါ်လာတော့သည်။

၎င်းက ထို့ကူ၏ မူလဝိညာဉ် ဖြစ်သည်။

ကျွင်းရှောင်ယောက်က ၎င်းကို တစ်ချက်ကြည့်ကာ
ဖရိုဖရဲနတ်ကြိုတ်ဆုံကြီးဖြင့် တိုက်ရိုက်
ကြိတ်ချေလိုက်သည်။

အစစ်အမှန်နတ်ဘုရားနယ်ပယ် ကြီးမားသော
ပြီးပြည့်စုံမှုတွင်ရှိသော ရှန်းကုမျိုးနွယ်မှ
ပါရမီရှင်တစ်ဦး အလွယ်တကူ ကျဆုံးသွားခဲ့ပြီ။

နေရာတိုင်းတွင် တိတ်ဆိတ်ငြိမ်သက်နေပြီး
လူတိုင်းမှာလည်း ထုံကျဉ်သွားကြသည်။

ကျွင်းရှောင်ယောက်ကို အဆုံးသတ်ပြီဟု
ထင်မှတ်ကြသည့် ရှန်းကုသတ္တဝါများလည်း
ထိတ်လန့်တကြား ဖြစ်သွားခဲ့လေသည်။

ယင်းက ခွေးကလေး၊ ကြောင်ကလေးများ မဟုတ်ဘဲ
အစစ်အမှန်နတ်ဘုရားနယ်ပယ် ကြီးမားသော
ပြီးပြည့်စုံမှုမှ ပါရမီရှင် ဖြစ်သည်။

သို့ရာတွင် ကျွင်းရှောင်ယောက်က သူ့ကို အလွယ်တကူ သတ်ပစ်လိုက်၏။

ဤအခြေအနေတွင် ဘယ်သူပဲဖြစ်ဖြစ် အသိစိတ်များ ပျောက်ကွယ်သွားရမည် ဖြစ်သည်။

"မင်းတို့လည်း သေရမယ်"

ကျွင်းရှောင်ယောက်က ကျန်မျက်လုံးသုံးလုံး သူတော်စင်များကို နောက်တစ်ကြိမ် ထပ်မံတိုက်ခိုက်ခိုက်သည်။

ဤမျိုးနွယ်စုမှ ကောင်းကင်မျက်လုံး သူတော်စင်သားတော်သည် ကျွင်းထျန်းမင်အား သတ်ခဲ့၏။

ထို့ကြောင့် ကျွင်းရှောင်ယောက်၏စိတ်ထဲတွင်

ဤမိသားစုကို သုတ်သင်ပစ်ရန် ရည်ရွယ်ချက်သာ ရှိတော့သည်။

"ဝုန်း"

ချီနှင့်သွေးများက တဟုန်ထိုး မြင့်တက်လာသည်။

ထို့ကူသည်ပင် ကျွင်းရှောင်ယောက်နှင့် မယှဉ်နိုင်ရာ ဤမျက်လုံးသုံးလုံး သူတော်စင်များလည်း သဘာဝအတိုင်း ယှဉ်နိုင်ခြင်းမရှိပေ။

"ကူညီပါ...ကူညီကြပါဦး"

"အတူတူတိုက်ခိုက်ကြ"

ဒါကိုမြင်တော့ အိုကျန်း၊ အိုလေ့နှင့် ရှေးဟောင်းမှော်မျိုးနွယ်မှ ပါရမီရှင်များလည်း

တပြိုင်နက်တည်း တိုက်ခိုက်ခဲ့သည်။

သူတို့မျက်လုံးများက အရောင်လက်သွားကာ အတူတူ
တိုက်ခိုက်ခဲ့၏။

ရာချီသော ပါရမီရှင်များက တစ်ချိန်တည်း
တိုက်ခိုက်သည့် မြင်ကွင်းကို ပုံဖော်ကြည့်နိုင်သည်။

ယင်းကိုမြင်သော်လည်း ကျွင်းရှောင်ယောက်၏
အမူအရာက ဘာမျှမထူးခြားပေ။

သူက လက်တစ်ဖက်ကိုမြှောက်ကာ ငရဲတံခါးကို
ခေါ်လိုက်သည်။

အမှောင်စွမ်းအားများ တဟုန်ထိုး တက်လာခဲ့၏။

ထို့နောက်မှာတော့ ဟင်းလင်းပြင်အတွင်း၌
မှောင်မိုက်ပြီး ရက်စက်ကြမ်းကြုတ်သော
အရှိန်အဝါများဖြင့် တံခါးတစ်ခု ပွင့်လာခဲ့ကာ
နတ်ဆိုးနှင့် အသူရာများ ပြေးထွက်လာတော့သည်။

အနာဂတ်တွင် ကျွင်းရှောင်ယောက်၏ ခန္ဓာကိုယ်ရှိ
နဂါးဆင်အမှုန်များအားလုံး ပြောင်းလဲသွားလျှင်
ငရဲတံခါးကို လုံးလုံးဖွင့်နိုင်မည်ဖြစ်သည်။

ထိုအချိန်တွင် အသူရာဘုရင်များနှင့်
နတ်ဆိုးနတ်ဘုရားများပင် ပေါ်လာကြလိမ့်မည်။
၎င်းတို့၏ စွမ်းအားများကလည်း ပို၍
အားကောင်းလာခဲ့မည် ဖြစ်သည်။

"ဒါက ဘယ်လိုနည်းလမ်းလဲ"

ရှန်းကုသတ္တဝါများ အလန့်တကြား
အော်ဟစ်လိုက်ကြသည်။

သတ်ဖြတ်မှုများကလည်း ဆက်လက် ဖြစ်ပွားခဲ့၏။

"သူ့ကိုသတ်"

အိုလေ့၊ အိုကျန်းနှင့် ရှေးဟောင်းမော်မျိုးနွယ်မှ
အစစ်အမှန်နတ်ဘုရားနယ်ပယ် ပါရမီရှင်များက
ကျွင်းရှောင်ယောက်ကို ပစ်မှတ်ထား၍
တိုက်ခိုက်ခဲ့ကြသည်။

ကျွင်းရှောင်ယောက် သေသွားသရွေ့တော့
ပြဿနာအားလုံး ပြေလည်သွားလိမ့်မည်။

အိုလေ့က မီးနဂါးတံဆိပ်ကို တစ်ဖန် ဆင့်ခေါ်ပြီး

ကျွင်းရှောင်ယောက်အား ဖိနှိပ်လိုက်သည်။

အိုကျန်းကမူ အနက်ရောင်လှံတစ်ချောင်းကို ထုတ်ယူခဲ့၏။ လှံကိုယ်ထည်က သူ့နဂါးဦးချိုကဲ့သို့ ထက်မြက်ပြီး အေးစက်မာကျောသေ အငွေ့အသက်များ ရှိသည်။

၎င်းက အဆင့်မြင့် ရှေးဟောင်းသူတော်စင်လက်နက် ဖြစ်ပေသည်။

ရှေးဟောင်းမှော်မျိုးနွယ်မှ ပါရမီရှင်ကလည်း အစစ်အမှန်နတ်ဘုရားနယ်ပယ် ကြီးမားသောပြီးပြည့်စုံမှုနှင့် ယှဉ်နိုင်သော စွမ်းအားရှိသည့် ဗူဒူးရုပ်သေးရုပ်ကို ထုတ်ဖော်လိုက်သည်။

ထိုရှန်းကုသတ္တဝါများက
ကျွင်းရှောင်ယောက်ကိုသတ်ရန်
တွန်းအားပေးနေသည်အား မြင်ရသောအခါ...

ကျွင်းမူလန်၊ ကျွင်းရွယ်ဟွမ်နှင့် တခြားသူများက
ကူညီချင်ကြသည်။

"မင်းတို့ ကူညီစရာ မလိုဘူး၊ တခြား
တာအိုရေကန်တွေကို သိမ်းပိုက်ဖို့ သွားကြ"
ကျွင်းရှောင်ယောက်က ပြောလိုက်၏။

ထိုစကားက ရှန်းကုတာအိုရေကန် လေးခုစလုံး
သူ့အိတ်ကပ်သို့ ရောက်နေပြီဟု ထင်ရစေသည်။

ယင်းကို အိုကျန်းနှင့် အခြားသူများ
ကြားကြသောအခါတွင် သူတို့မျက်လုံးများကလည်း

အေးစက်စက် မီးတောက်များဖြင့်
ပြည့်နှက်သွားကြသည်။

"အတင့်ရဲလိုက်တာ"

"အတင့်ရဲလိုက်တာ"

အားလုံးက ပြင်းပြင်းထန်ထန်
ထပ်မံတိုက်ခိုက်ခဲ့ကြသည်။

ယင်းကိုမြင်တော့ ကျွင်းရှောင်ယောက်က
အနှိုင်းမဲ့အရိုး သဘာဝစွမ်းရည်ကို
ထပ်မံထုတ်ဖော်လိုက်သည်။

ပြန်လည်ဝင်စားခြင်းနှင့် သေခြင်းသဘောကို

သယ်ဆောင်လာသော အဖြူအမည်း
အလင်းများလည်း ထွက်ပေါ်လာခဲ့၏။

အိုလေ့၏ မီးနဂါးတံဆိပ်က ဆမ်ဆာရာနိဗ္ဗာနဖြင့်
သုတ်သင်ခံရပြီး ပြာမှုန်ဖြစ်သွားတော့သည်။

"ဒါက ဘယ်လိုဖြစ်ရတာလဲ"
အိုလေ့ ထိတ်လန့်တုန်လှုပ်ကာ ဖြူဖျော့သွားခဲ့သည်။

မီးနဂါးတံဆိပ်ဟာ ရှေးဟောင်း
သူတော်စင်လက်နက်နှင့် ယှဉ်ပြိုင်နိုင်သော
လက်နက်တစ်ခု ဖြစ်သည်။ သို့သော်လည်း ချက်ချင်း
ပျက်ဆီးသွားရပြီ။

ဆမ်ဆာရာနိဗ္ဗာနဟာ ထိုမျှနှင့် ရပ်တန့်မနေဘဲ

ဆက်လက် ပြန့်နှံ့သွားခဲ့သည်။

အိုလေ့က အစွမ်းကုန် တွန်းလှန်ခဲ့သော်လည်း
သူ့စွမ်းအားက ဆမ်ဆာရာနီဗားနားအလင်း၏
တိုက်စားမှုကို မရပ်တန့်နိုင်သေးပေ။

"အား"

အိုလေ့၏ခန္ဓာကော သူ၏ဝိညာဉ်ပါ
ဆမ်ဆာရာနီဗားနားအလင်းအောက်တွင် ပြာအဖြစ်သို့
ပြောင်းလဲသွား၏။

ရှန်းကုမျိုးနွယ်၏ နောက်ထပ်
အစစ်အမှန်နတ်ဘုရားတစ်ပါး ကျဆုံးသွားခဲ့ပြီ။

--------

အခန်း ( ၄၁၉ ) လုံအိုထျန်း ရောက်ရှိလာသည်၊
နဂါးနှစ်ကောင်၏ တိုက်ပွဲ၊ အစီအစဉ်က
ပြီးပြည့်စုံသွားပြီ။

ယခုအချိန်တွင် ရှန်းကုတာအိုရေကန်ကြီးတစ်ခုလုံး
ပွက်ပွက်ဆူနေသည်။

အာမေဋ္ဌိတ်သံ၊ နာကျင်စွာအော်သံ... အသံ
အမျိုးမျိုးတို့ကလည်း အတောမသတ်ပေ။

ရှန်းကုမျိုးနွယ်သုံးခုဘက်မှ အသေအပျောက်များစွာ
ရှိလာခဲ့ကြသည်။

ယခုဆိုလျှင် အိုလေ့ပင် ကျဆုံးသွားခဲ့ပြီ။

ယင်းက လုံပိကျစ်၏မျက်နှာကို အလွန်
ဖြူရော်သွားစေသည်။

ကျွင်းရှောင်ယောက်၏ စစ်မှန်သော ခွန်အားက
လူတိုင်း၏မျှော်လင့်ချက်ထက် ကျော်လွန်သွားခဲ့ပြီ။

"သေစမ်း"

အိုကျန်း၏မျက်နှာလည်း အလွန်
အကြည့်ရဆိုးနေခဲ့သည်။

ငရဲတံခါးတွင် သတ်ဖြတ်ခြင်းခံပြီးနောက်
မျိုးနွယ်စုကြီး သုံးခုမှ
သတ္တဝါဆယ်ကောင်အောက်သာ ကျန်တော့သည်။

အိုကျန်းနှင့် ရှေးဟောင်းမှော်မျိုးနွယ်မှ
ပါရမီရှင်သာလျှင် တိုက်ခိုက်နိုင်စွမ်း ကျန်ရှိသည်။

သို့သော်လည်း အဆင့်တူတွင် အိုကျန်းက
ကျွင်းရှောင်ယောက်ကို ရင်ဆိုင်နိုင်မည်ဟု လုံးဝ
မသေချာပေ။

သူ့စိတ်ထဲတွင် အရင်က မခံစားဖူးသည့်
ထိတ်လန့်မှုမျိုးပင် ဖြစ်ပေါ်လာခဲ့သည်။

ရှေးဟောင်းမှော်မျိုးနွယ်စု၏ ပါရမီရှင်တွင်လည်း
အလားတူပင်။ သူ့မျက်လုံးများက မယုံနိုင်မှု၊
ကြောက်ရွံ့မှုများ ပြည့်နှက်နေသည်။

'မှော်နတ်ဘုရားကလွဲလို့ ဘယ်သူမှ သူ့ကို
တားလို့မရလောက်တော့ဘူး'

ထိုပါရမီရှင်က စိတ်ထဲမှ တွေးလိုက်မိသည်။

မှော်နတ်ဘုရားသားတော်က ရှေးဟောင်းမှော်မျိုးနွယ်၏ အသန်မာဆုံး ပါရမီရှင် ဖြစ်သည်။ ၎င်းက ရှေးဟောင်း မှော်နတ်ဘုရား၏ အမွေကို ရရှိထားကာ ကျင့်ကြံခြင်းကလည်း ကောင်းကင်နတ်ဘုရားနယ်ပယ်သို့ ရောက်ရှိသွားခဲ့ပြီ။

"ဒါဆို မင်းအလှည့်ပဲ"

ကျွင်းရှောင်ယောက်၏ မျက်လုံးများက ခံစားချက်လုံးဝမရှိပေ။

ကြီးစိုးမှုကို ထူထောင်ချင်လျှင် စေ့စေ့စပ်စပ်လုပ်ရမည်။

ရှန်းကုမျိုးနွယ်စုကြီးသုံးစုက မည်သည့်

သတ္တဝါတွေထဲမှ ကျန်ရစ်နိုင်မည် မဟုတ်ပေ။

သို့သော်လည်း ထိုအခိုက်တွင် မုန်တိုင်း
တိုက်ခတ်လယာသကဲ့သို့ အဝေးမှ လေပြင်းများ
တိုက်ခတ်လာသည်။

အဆုံးမဲ့သတ်ဖြတ်ချင်စိတ်များ ပြည့်နှက်နေသော
ဟိန်းဟောက်သံက ကောင်းကင်တွင်
ပေါက်ကွဲထွက်လာခဲ့၏။

"ကျွင်ရှောင်ယောက်"

ထို့နောက်မှာတော့ နဂါးတစ်ကောင်ကဲ့သို့
ပုံရိပ်တစ်ခုက လျင်မြန်စွာ ချဉ်းကပ်လာတော့သည်။

၎င်းက ပိန်ပိန်ပါးပါးနှင့် ချောမောသည်၊ နဖူးပေါ်တွင်
နဂါးချိုများရှိပြီး မျက်လုံးများကလည်း

အရောင်တလက်လက် တောက်နေခဲ့၏။ သူ၏ ခန္ဓာမှလည်း နဂါးအရှိန်အဝါများ ပြည့်နှက်နေတော့သည်။

၎င်းက လုံအိုထျန်းပင် ဖြစ်သည်။

လုံအိုထျန်းက အရှိန်အဝါကြီးစွာဖြင့် ဟိမ်းဟောက်ကာ ကောင်းကင်မှ ပျံသန်းလာခဲ့သည်။

"ဒါက ဘိုးဘွားနဂါးသိုက်ရဲ့ ပထမတားမြစ်မျိုးဆက် လုံအိုထျန်းပဲ"

လုံအိုထျန်း ပေါ်လာသည်အား မြင်ရသောအခါ ပတ်ဝန်းကျင်မှလူအုပ်က လုံးဝ အံ့ဩသွားခဲ့သည်။

နာမည်ဂုဏ်သတင်းအရ လုံအိုထျန်းသည် အင်မော်တယ်နယ်မြေကြီး၌ ကျွင်းရှောင်ယောက်ထက်

အားမနည်းပေ။

ဘိုးဘွားနဂါးသိုက်က
ဦးစားပေးခံရသူဖြစ်သည့်အတိုင်း
အလွန်ကံကောင်းသူလည်း ဖြစ်သည်။ သူသာ
မတော်တဆ မရှိခဲ့ပါက အနာဂတ်တွင် အနည်းဆုံး
အဓိပတိ ဖြစ်လာပေလိမ့်မည်။

ရှန်းကုကမ္ဘာသို့ ဝင်ပြီးချိန်မှာလည်း လုံအိုထျန်းဟာ
နေရာတိုင်းမှ အခွင့်အလမ်းများကို ရယူခဲ့ပြီး
နာမည်ဂုဏ်သတင်း ထူထောင်သွားခဲ့သည်။

သို့သော်လည်း ယခုအချိန်မှာတော့
ဆန့်ကျင်ဘက်နှစ်ဦး ဆုံတွေ့ခဲ့ကြပြီ။

“နောက်အခြေအနေက စိတ်ဝင်စားဖို့ ပိုကောင်းလာပြီ"

အပြင်လူတချို့၏ မျက်လုံးများက
တောက်ပလာခဲ့သည်။

ကျွင်းရှောင်ယောက်က လုံအိုထျန်း၏ ညီဖြစ်သူကို
သတ်ဖြတ်ခဲ့ပေသည်။ ကျွင်းမိသားစုနှင့်
ဘိုးဘွားနဂါးသိုက်ကလည်း
မျိုးဆက်ပေါင်းများစွာကတည်းက ရန်သူများ
ဖြစ်သည်။

အာဃာတအသစ်နှင့် အဟောင်းများကို
ပေါင်းထည့်လိုက်ရာ ဤနှစ်ယောက်
ထိပ်တိုက်တွေ့ကြသည်နှင့် အဆုံးမဲ့ မီးပွားများ
ပေါက်ကွဲသွားမှာ သေချာသလောက် ဖြစ်ပေသည်။

"လုံအိုထျန်း..."
ကျွင်းရှောင်ယောက်လည်း လှည့်ကြည့်လိုက်သည်။

သူဟာ ဤနာမည်ကို အချိန်အတော်ကြာ
ကြားသိနေရသော်လည်း လူချင်းတော့
ပထမဆုံးအကြိမ် တွေ့ဖူးခြင်း ဖြစ်သည်။

လုံအိုထျန်းက တကယ့် ဇာတ်ဆောင်တစ်ယောက်ဟု
ဝန်ခံရပေမည်။

သူက ချောမောခန့်ညားပြီး လှုပ်ရှားမှုတိုင်းကလည်း
ခမ်းနားထည်ဝါကာ ကြီးစိုးနေသော အရှိန်အဝါအား
ပေါ်လွင်လာစေသည်။

သူ့မျက်လုံးအကြည့်ကပင် ပေါ့ပါးပြီး
အေးမြနေလေသည်။

သို့ရာတွင် ကံမကောင်းစွာဖြင့် သူဟာ

ကျွင်းရှောင်ယောက်နှင့် တွေ့ခဲ့သည်။

ကျွင်းရှောင်ယောက်တွင် လုံအိုထျန်းကိုကစားရန် နည်းလမ်း တစ်ရာ ရှိသည်။

"ကျွင်းရှောင်ယောက်၊ နောက်ဆုံးတော့ ငါမင်းကိုတွေ့ပြီ။ မင်းကို မနှိပ်စက်ရင် ငါ့ဒေါသကို ဘယ်လိုမှ ဖြေဖျောက်နိုင်မှာမဟုတ်ဘူး"

လုံအိုထျန်း၏မျက်နှာက မည်းမှောင်နေသည်။ ကျွင်းရှောင်ယောက်အနီးတွင် ရပ်နေသော မင်းသမီးလုံကျိုကိုလည်း သူမြင်တွေ့ရ၏။

ယင်းက အရာအားလုံးကို သက်သေပြပြီးပြီ ဖြစ်သည်။

ထိုအချိန် အိုလွမ်နှင့် ပိုင်မေအာလည်း

လုံအိုထျန်းနှင့်အတူ လိုက်လာသည်။

ကျွင်းရှောင်ယောက်ကို မြင်လိုက်သောအခါတွင် ပိုင်မေအာ၏ မျက်လုံးများက အလင်းရောင်များ တောက်ပလာသည်။

အိုလွှမ်မူကား မျက်နှာအမူအရာ အနည်းငယ် ပြောင်းလဲသွား၏။

"အိုလွှမ်၊ မင်းလည်းဒီမှာပဲ"
အိုကျန်းဟာ အိုလွှမ်နှင့် လုံအိုထျန်းကိုတွေ့တော့ မျက်လုံး အရောင်လက်သွားသည်။

သူတို့ဘက်တွင် အင်အားအသစ်များ ရောက်ရှိလာ၍ ကျွင်းရှောင်ယောက်ကို အမှန်တကယ်

ယှဉ်ပြိုင်နိုင်တော့မည်။

သို့သော်လည်း ထိုစကားနှစ်လုံးကို
ကြားလိုက်သောအခါ မင်းသမီးလုံကျို၏ အမူအရာက
ခဏမျှ အေးခဲသွားသည်။ သူ့အကြည့်များက
အိုလွမ်ထံကို ရုတ်တရက် လှည့်သွားခဲ့၏။

လှပသော သူမမျက်လုံးများတွင်ကား ကြီးမားသော
သတ်ဖြတ်လိုစိတ်နှင့် ဒေါသများ
ဖြစ်ပေါ်လာတော့သည်။

"နင်က အိုလွမ်ပေါ့"

မင်းသမီးလုံကျို၏ ဆံပင်များက အရိုင်းဆန်စွာ
ကခုန်လာသည်။ ယခင်က သူမသည် အေးစက်စက်
မျက်လုံးများဖြင့်သာ ကြည့်နေခဲ့သည်။ သို့သော်လည်း
ထိုစကားလုံးနှစ်လုံးကို ကြားပြီးနောက် သူမ

ငြိမ်သက်မနေနိုင်တော့ပေ။

အိုလွမ်ကြောင့်သာ မဟုတ်ရင် သူမ ဘယ်လိုလုပ်ပြီး
အမျှသရုပ်ပျက်ခဲ့မှာလဲ။

အိုလွမ်အတွက်သာမဟုတ်လျှင်
ကျွင်းရှောင်ယောက်က သူမကို မည်သို့
အရှက်ရစေနိုင်မည်နည်း။

အရေးအကြီးဆုံးကတော့ ဤအိုလွမ်ဟာ သူမကို
သေကျလုနီးပါး ဖြစ်စေခဲ့သည်။

ကျွင်းရှောင်ယောက်သာ ကူညီမပေးလျှင်
မင်းသမီးလုံကျိ သေဆုံးသည်အထိ သူ့ကို ဘယ်သူက
လျှို့ဝှက်ကြံစည်ခဲ့မှန်း သိရှိနိုင်မည်မဟုတ်ပေ။

ယခင်ကတော့ မင်းသမီးလုံကျိုဟာ သူ့ကို
လုပ်ကြံရသည့် အကြောင်းရင်းနှင့် ပတ်သက်ပြီး
အလွန် စိတ်ရှုပ်ထွေးနေခဲ့သည်။

သို့ရာတွင် ယခု အိုလွမ်က လုံအိုထျန်းနှင့်
အတူပါလာသည်အား မြင်ရသောအခါ
မင်းသမီးလုံကျို ချက်ခြင်း သဘောပေါက်သွားခဲ့ပြီ။

'လုံအိုထျန်းက ငါ့ကို မကျေနပ်လို့ အိုလွမ်အမိန့်
တိုက်ခိုက်ဖို့ အမိန့်ပေးခဲ့တာလား၊ ဒါမှမဟုတ်
အိုလွမ်ဘာသာ ငါ့ကို တိုက်ခိုက်တာလား'
မင်းသမီးလုံကျိုက တွေးလိုက်သည်။

ယခင်က လုံအိုထျန်းဟာ သူမဆီသို့လာကာ
အစိကမယားကြီး ဖြစ်စေချင်သော်လည်း

မင်းသမီးလုံကျိက အေးစက်စက်သာ တုံ့ပြန်ခဲ့သည်။

ဤသဘောထားက လုံအိုထျန်း၏
မာနကိုထိခိုက်စေသော သူ့ကိုမုန်းတီးကာ
အိုလွှမ်မှတဆင့် လက်စားချေရန်
အမိန့်ပေးခဲ့ပုံရပေသည်။

ဟုတ်သည်၊ အိုလွှမ်က လုံအိုထျန်းကို စွဲလန်းလွန်း၍
မနာလိုစိတ်ဖြင့် တိုက်ခိုက်ခဲ့ခြင်းလည်း ဖြစ်နိုင်သည်။

မည်သို့ဆိုစေ၊ သူမ၏ အခက်ကြုံခဲ့ရခြင်းက
လုံအိုထျန်းနှင့် ခွဲခြားမရပေ။

သူမ၏ အခြေအနေဆိုးခဲ့ပုံများကို
ပြန်တွေးမိသောအခါ မင်းသမီးလုံကျိ၏ ဒေါသက
ပို၍ပြင်းထန်လာသည်။

"သေစမ်း"

မင်းသမီးလုံကျိုလည်း စကားတစ်လုံးမှ မပြောတော့ဘဲ အိုလွှမ်ကို လက်ဝါးနှင့် ရိုက်ချလေတော့သည်။

ဤမြင်ကွင်းကို မြင်လိုက်ရတော့ အိုလွှမ်၏ မျက်လုံးများက အရောင်လက်သွားသည်။ သူမက ကြောက်ရွံ့ထိတ်လန့်ဟန်ဖြင့် လုံအိုထျန်း၏အနောက်သို့ ပြေးဝင်ပုန်းကာ ပြောလိုက်လေသည်။

"သခင်လေးလုံ၊ ကယ်ပါဦး"

"သေစမ်း၊ ခွေးမ၊ မင်းက အဲဒီ ကျွင်းရှောင်ယောက်နဲ့ တကယ်ရှိနေတာပဲ"

မင်းသမီးလုံကျိုက သူ့ကို သတ်နေတာမြင်တော့ လုံအိုထျန်း ပို၍ပင် ဒေါသထွက်သွားသည်။

မင်းသမီးလုံကျိုနှင့် ကျွင်းရှောင်ယောက်အကြောင်း မှတ်တမ်းကိုပင် မရှင်းလင်းရသေးပေ။

ယင်းအစား မင်းသမီးလုံကျိုက အိုလွှမ်ကိုသတ်ရန် အစပြုနေသည်။

အိုလွှမ်ဟာ လုံအိုထျန်းအတွက် အလွန်အသုံးဝင်နေပြီဖြစ်သောကြောင့် မင်းသမီးလုံကျို၏လက်ထဲတွင် အသတ်ခံရခြင်းကို ထိုင်ကြည့်နေရန် မဖြစ်နိုင်ပေ။

ထို့ကြောင့် လုံအိုထျန်းလည်း နဂါးစွမ်းအင်ကို အရှိန်အဟုန်ဖြင့် လွှပ်ရှားကာ လက်ဝါးရိုက်ချက်ထုတ်ဖော်ပြီး မင်းသမီးလုံကျိုနှင့် ရင်ဆိုင်လိုက်သည်။

လုံအိုထျန်းက အိုလွမ်အား ကာကွယ်နေကြောင်း မြင်ရသောအခါ မင်းသမီးလုံကျိ၏ စိတ်ထဲမှ ထိုနှစ်ယောက်တို့၏ ဆက်ဆံရေးကို ပို၍ယုံကြည်လာခဲ့သည်။

ထို့ကြောင့် သူမဟာ ပို၍ပင် ဒေါသသဖြစ်လာတော့သည်။

"ငါ့ကို ခွေးမလို့ နင်ခေါ်ဝံ့တယ်လား။ နင်က ဒီခွေးမနဲ့ အတူတူပေါင်းပြီး ငါ့ကို အန္တရာယ်ပြုဖို့ ကြိုးစားနေတယ်ပေါ့"

မင်းသမီးလုံကျိ၏ မျက်လုံးများက မီးတောက်လောင်လာသည်။

နှစ်ယောက်သား ပြင်းပြင်းထန်ထန် တိုက်ခိုက်ကြရာ

ကောင်းကင်တစ်ခုလုံး တုန်ခါသွားခဲ့သည်။

သို့သော်လည်း ဤမြင်ကွင်းက ပြင်ပကမ္ဘာမှ ပါရမီရှင်အားလုံးကို လုံးဝ အံသြသွားစေခဲ့သည်။

သူတို့ ဘာကိုမြင်နေရသနည်း။

ဘိုးဘွားနဂါးသိုက်၏ ရှေးဟောင်းလူထူးဆန်းနှင့် ပထမ တားမြစ်မျိုးဆက်က အမှန်တကယ် တိုက်ခိုက်နေသည်။

ယင်းက ဘိုးဘွားနဂါးသိုက်တွင် ပထမဆုံး ဖြစ်သည်။

ယုတ္တိဗေဒအရပြောရလျှင် သူတို့နှစ်ဦးက ကျွင်းရှောင်ယောက်ကို အတူတကွ

ရင်ဆိုင်ကြသင့်သည်။

ဘေးမှကြည့်သူများဟာ နောက်ကွယ်မှ
အကြံအစည်နှင့် ရည်ရွယ်ချက်များကို မသိကြပေ။

ထိုအချိန်တွင် ကျွင်းရှောင်ယောက်၏ နှုတ်ခမ်းများက
အနည်းငယ် တွန့်ကွေးသွားသည်။

ယင်းက သူကြည့်ချင်သည့် ဒရမာတစ်ခုပင်။

နားလည်မှုလွဲမှားခြင်းအလွှာကို အထပ်ထပ်
ပေါင်းထည့်လိုက်ပြီး နောက်ဆုံးတွင်
ပေါက်ကွဲသွားကြပြီ ဖြစ်သည်။

ယခုအခါ ဒေါသနှင့် မုန်းတီးမှုများသာ

ကျန်ရှိလေတော့သည်။

လုံအိုထျန်းနှင့် မင်းသမီးလုံကျိတို့ နှစ်ဦးစလုံးမှာ လွန်စွာ မာနကြီးကြသူများ ဖြစ်သည်။

ဤမျှမာနကြီးပြီး ဘဝင်မြင့်သူများအတွက် ဖြေရှင်းချက်များနှင့် မိမိအမှားကို ဝန်ခံစေရန်မှာ မဖြစ်နိုင်သော အရာတစ်ခုပင်။

နားလည်မှုလွဲမှားမှုက ပိုမိုနက်ရှိုင်းလာပြီး မဖြေရှင်းနိုင်သောအချိန်ရောက်လျှင် ရလဒ်က ပို၍ပို၍ ရှုပ်ထွေးလာပြီး နောက်ဆုံး ထိပ်တိုက်ရင်ဆိုင်မှုများနှင့် လမ်းခွဲခြင်းဆီသို့ ဦးတည်သွားခဲ့မည်ဖြစ်သည်။

ကျွင်းရှောင်ယောက်ဟာ ဗျူဟာသာမကဘဲ

လူအများ၏ နှလုံးသားကိုလည်း နက်နဲစွာ ထိုးထွင်းသိမြင်နိုင်ပေသည်။

လုံအိုထျန်း၏ စရိုက်ကသာ တည်ငြိမ်ပြီး သည်းခံနိုင်ပါက ဤနားလည်မှုလွဲမှားမှုကို ဖြည်းဖြည်းချင်း ဖြေရှင်းသွားရန် အမှန်တကယ် ဖြစ်နိုင်သည်။

သို့ရာတွင် အခုအချိန်မှာတော့ မည်သည့် စကားမျိုးမှ အသုံးမဝင်တော့မှန်း သိသာသည်။

မင်းသမီးလုံကျိုက အိုလွမ်ကို သတ်ချင်သည်။

လုံအိုထျန်းက အိုလွမ်ကို အကာကွယ်ပေး၏။

ဤနည်းအားဖြင့် နှစ်ဦးကြား ကွဲလွဲမှုဟာ ပို၍ ကြီးမားလာတော့သည်။

ကျွင်းရှောင်ယောက်က လက်တစ်ချောင်းမှမလှုပ်ဘဲ ဘိုးဘွားနဂါးသိုက်မှ နဂါးနှစ်ကောင်ကို အချင်းချင်း ထိပ်တိုက်တွေ့စေခဲ့သည်။

အစမှအဆုံးထိ ကျွင်းရှောင်ယောက်၏ အစီအစဥ်များကို သိသောသူက လဲ့မင်ယွမ် တစ်ဦးတည်းသာ ရှိပေသည်။

ဤအခိုက်အတန့်တွင် သူက ကျွင်းရှောင်ယောက်အား အလွန်အမင်း ကြည်ညိုလေးစားသော အကြည့်များဖြင့် ကြည့်နေသည်။

ကျွင်းရှောင်ယောက်က သူ့အတွက်တော့

ထာဝရနတ်ဘုရားကဲ့သို့ပင်။

---------

အခန်း ( ၄၂၀ ) ဘိုးဘွားနဂါးသိုက် စိတ်ဆိုးခြင်း၊ နောက်ဆုံးမှာတော့ ရှန်းကုတာအိုရေကန် ပေါက်ကွဲပြီ။

မင်းသမီးလုံကျိုနှင့် လုံအိုထျန်းတို့ ဤအခြေအနေမျိုးဖြင့် အဆုံးသတ်သွားလိမ့်မည်ဟု မည်သူမျှ ထင်မထားခဲ့ပေ။

ယုတ္တိဗေဒအရပြောရလျှင် မင်းသမီးလုံကျိုက လုံအိုထျန်းကို မကြိုက်လျှင်ပင်...

သူက ဘိုးဘွားနဂါးသိုက်မှ ပထမ

တားမြစ်မျိုးဆက်ဖြစ်၍ မင်းသမီးလုံကျါဟာ
သူ့ကိုကူညီရမည့်အတွက် စိတ်မခုနိုင်ပေ။

ယခုမူ အိုလွမ်ကြောင့် သူမနှင့် လုံအိုထျန်းတို့
လုံး၀ပြတ်ဆဲသွားခဲ့ပြီ ဖြစ်သည်။

ယင်းက ဘယ်သူမှ မမျှော်လင့်ထားတဲ့
အခြေအနေတစ်ခုပင်။

ပြင်ပကမ္ဘာမှ ရှန်းကြေးမုံပြင်ဘေးတွင်...

ဘိုးဘွားနဂါးသိုက်မှ လူတိုင်း အံသြသွားကြသည်။
ရှန်းကုကြေးမုံပြင်ထဲမှ မြင်ကွင်းများက
သူတို့မျက်လုံးများကို လှည့်စားနေသလားဟုပင်
သံသယဖြစ်စေခဲ့ပေသည်။

မဟုတ်လျှင် ဤမျှရယ်စရာကောင်းသည့် မြင်ကွင်းကို သူတို့ ဘယ်လိုမြင်နိုင်ကြမှာလဲ။

"မဟုတ်ဘူး၊ ဒါက မဖြစ်နိုင်ဘူး"

"ဘာလို့ သေတဲ့အထိ တိုက်နေကြတာလဲ"

ဘိုးဘွားနဂါးသိုက်မှ အကြီးအကဲများ အော်ဟစ်လိုက်ကြသည်။ သူတို့၏ စိတ်တည်ငြိမ်မှုများ လုံးဝ ဆုံးရှုံးခဲ့ရပြီ။

နဂါးနှစ်ကောင် မွေးဖွားခြင်းနှင့် ဘိုးဘေးနဂါးကြီး ကြီးပွားမည်မှာ ဘိုးဘွားနနဂါးသိုက်၏ ဟောကိန်းတစ်ခု ဖြစ်သည်။

ဘိုးဘွားနဂါးသိုက်၏ အကြီးအကဲအချို့ဆိုလျှင်
လုံအိုထျန်းနှင့် မင်းသမီးလုံကျိကို ပေးစားရန်ပင်
တွေးထားခဲ့လေသည်။

၎င်းတို့အနက် တစ်ဦးမှာ ကေရာဇ်နဂါး၏သွေးဖြစ်ပြီး
ကျန်တစ်ခုကတော့ ရှေးကေရာဇ်နဂါးသွေး ဖြစ်သည်။

သူတို့ နှစ်ယောက် ပေါင်းစည်းကြလျှင် သူတို့၏
မျိုးဆက်များက အစွမ်းထက် သွေးမျိုးဆက်များ
ရှိလာကြလိမ့်မည်။

သူတို့က ဘိုးဘေးနဂါးငယ်ကိုပင်
ဖွားမြင်နိုင်ချေရှိသည်။

သို့သော်လည်း ယခုတော့ သူတို့နှစ်ဦးက

အသေအကြေ တိုက်ခိုက်နေကြပေရာ
ဘိုးဘွားနဂါးသိုက်မှ အားလုံး အံ့သြသွားကြသည်။
ဒေါသထွက်လွန်း၍ အသားများပင် တဆတ်ဆတ်
တုန်လာခဲ့လေသည်။

"ကျွင်းရှောင်ယောက်၊ ဒီနောက်ကွယ်မှာ သူ
တစ်ခုခုလုပ်ထားမှဖြစ်မယ်"

လုံအိုထျန်း၏ အကြီးအကဲတစ်ယောက်က
အံကိုတင်းတင်းကြိတ်ပြီး ပြောလိုက်သည်။

ကျွင်းရှောင်ယောက် တစ်ခုခုတော့ လုပ်သင့်သည်ဟု
သူတို့ ထင်နေကြပေသည်။

သို့သော်လည်း ကျွင်းရှောင်ယောက်သည်
သူ့လုပ်ငန်းနှင့်ပတ်သက်သည့်အချိန်၌
သူ၏နေရပ်များနှင့် အရှိန်အဝါကို

ဖုံးကွယ်ထားခဲ့သည်။

ကျွင်းရှောင်ယောက်က မလိုလားသရွေ့ ပြင်ပကမ္ဘာမှ သူ့လှုပ်ရှားမှုတိုင်းကို ရှန်းကုကြေးမုံမှ မြင်တွေ့နိုင်မည် မဟုတ်ပေ။

ထို့ကြောင့်ပင် ဘိုးဘွားနဂါးသိုက်ဟာ ကျွင်းရှောင်ယောက် ဘာတွေလုပ်ခဲ့မှန်း မသိကြပါချေ။

ကျွင်းမိသားစုမှ အကြီးအကဲများကမူ ဤမြင်ကွင်းကို မြင်ရပြီးနောက် အားပါးတရ ရယ်မောလိုက်ကြသည်။

"ရှောင်ယောက်က မျှော်လင့်ထားသလိုပဲ၊ အဲဒါက တကယ်ကို အံ့ဩစရာကောင်းတယ်"

ကျွင်းမိသားစုထဲမှ အကြီးအကဲတစ်ယောက်က

ပြီးကာ ပြောလိုက်သည်။

"ဒါဟာ အားစိုက်ထုတ်မှု မရှိဘဲ ခွေးနှစ်ကောင်လို အချင်းချင်း ကိုက်စေခဲ့တာပဲ။ လုပ်တာ ကောင်းတယ်"

ကျွင်းမိသားစုမှ အခြားအကြီးအကဲများလည်း စိတ်လှုပ်ရှားနေခဲ့ကြသည်။

ယခင်က ကျွင်းမိသားစုသည် အားလုံး၏ ပစ်မှတ်ထားခံခဲ့ရပြီး စီကွမ်သုံးဦးပင် အသတ်ခံခဲ့ရသည်။ ယင်းကြောင့် မိသားစု၏ အကြီးအကဲများလည်း ဒေါသဖြစ်ခဲ့ရပေသည်။

ယခုမူ ကျွင်းရှောင်ယောက်က သူတို့အတွက် ရပ်တည်လာခဲ့ပြီ ဖြစ်သည်။

ဘိုးဘွားနဂါးသိုက်ကဲ့သို့ပင်

ကြွေလွင့်နတ်ဘုရားနန်းတော်နှင့်
ဖီးနစ်ဝိညာဉ်တောင်တန်းလည်း
ဒေါသဖြစ်နေခဲ့ကြသည်။

အထူးသဖြင့် ကြွေလွင့်နတ်ဘုရားနန်းတော်…

ဖီးနစ်ဝိညာဉ်တောင်တန်းက ဟွမ်ရှွမ်းရီနှင့်
ဖုန့်ချင်းလင်တို့ သေဆုံးခဲ့ရသော်လည်း…

အစိက ပါရမီရှင်နှစ်ယောက်ဖြစ်သည့် ဟွမ်ကျီနှင့်
ဖုန့်ကျီတို့က ထိုနေရာတွင် ရှိနေသေးသည်။

ကြွေလွင့်နတ်ဘုရားနန်းတော်မှုကား အခြေအနေ
ဆိုးသွားသည်။

ယခင်က ကြွေလွင့်နတ်ဘုရားသားတော်ဟာ
အောက်ကမ္ဘာ၌ ကျွင်းရှောင်ယောက်မှ
အသတ်ခံခဲ့ရသည်။

ယခုလည်း အမှောင်နတ်ဘုရားသားတော်ဟာ
ကျွင်းရှောင်ယောက်၏ သတ်ဖြတ်ခြင်းအား
ထပ်မံခံလိုက်ရချေပြီ။

ကြွေလွင့်နတ်ဘုရားနန်းတော်တွင် လက်ရှိမျိုးဆက်၏
ပါရမီရှင်များ လုံးဝဗလာဖြစ်သွားပြီ ဖြစ်သည်။

"သေစမ်း ..."

အမှောင်ထဲတွင် ပုန်းအောင်းနေသော
ကြွေလွင့်နတ်ဘုရားနန်းတော်မှ ကျွမ်းကျင်သူများက
အံကို တင်းတင်းကြိတ်လိုက်ကြသည်။

"အစီအစဥ် အသက်ဝင်တော့မယ်လို့ ထင်တယ်"

"ကြွေလွင့်နတ်ဘုရားနန်းတော်ရဲ့ ကျန်တပည့်တွေ အရေးယူသင့်တယ်။ သူ့ကို နှိုးလိုက်ပါ။ သူပဲ ကျွင်းရှောင်ယောက်ကို ကိုင်တွယ်နိုင်လိမ့်မယ်"

ကြွေလွင့်နတ်ဘုရားနန်းတော်မှ လူများက အချင်းချင်း လျှို့ဝှက်စွာ ဆက်သွယ်နေခဲ့သည်။

ကျွင်းမိသားစုကို ရန်လိုသော အင်အားစုများက ရှန်းကုကမ္ဘာ မဖွင့်မီကပင် သဘောတူညီမှု တစ်စုံတစ်ရာ ရရှိခဲ့ကြသည်။

ကျွင်းမိသားစုမှ စီကွမ်များကို ပစ်မှတ်ထားခြင်းဟာ အစမျှသာ ဖြစ်ချေသည်။

ကျွင်းမိသားစုကို သွေးနှင့် ပြန်ပေးဆပ်စေမည်။

ရှန်းကုတာအိုရေကန်တွင်....

လုံအိုထျန်းနှင့် မင်းသမီးလုံကျိုက အပြင်းအထန် တိုက်ခိုက်နေသည်။

သူတို့နှစ်ဦးစလုံးက ဘိုးဘွားနဂါးသိုက်၏ ပါရမီရှင်များ ဖြစ်ချေသည်။ တစ်ဦးက ရှေးဟောင်းလူထူးဆန်းဖြစ်ပြီး နောက်တစ်ဦးက ပထမ တားမြစ်မျိုးဆက် ဖြစ်သည်။ သူတို့နှစ်ယောက်လုံးက မည်သူမျှ အားနည်းမှုမရှိပေ။

ဤမြင်ကွင်းကို မြင်လိုက်ရသောအခါ အိုလွမ်

စိတ်လှုပ်ရှားသွားသည်။

လုံအိုထျန်းက သူ့အတွက် အပြင်းအထန်
တိုက်ခိုက်နေရာ သူမလုပ်ဆောင်ခဲ့သမျှအရာများက
အဖိုးတန်ကြောင်း သက်သေပြရန်
လုံလောက်ခဲ့ပေသည်။

သို့ရာတွင် လုံအိုထျန်းက သူမကို အသုံးချနေပြီး
ဟာရမ်တစ်ခုမျှသာ သဘောထားနေမှန်းတော့ သူမ
မသိခဲ့ပေ။

တစ်ဖက်တွင် ပိုင်မေအာ၏ မျက်လုံးများက
လှောင်ရယ်နေခြင်းအပြင် အခြား ဘာမှမရှိပါချေ။

မျှော်လင့်ထားသည့်အတိုင်း အရာအားလုံးက
ကျွင်းရှောင်ယောက်၏ စိတ်ကူးထဲတွင် ရှိနေသည်။

ထိုအတွက် ပိုင်မေအာ၏ ကျွင်းရှောင်ယောက်အပေါ် သဘောကျနှစ်ခြိုက်မှုက ပို၍ နက်ရှိုင်းလာလေသည်။

ယင်းက ယခင် လုံအိုထျန်းကို နှစ်သက်မှုထက် အဆ ထောင်ပေါင်းများစွာ ပိုများသည်။

တစ်ဖက်တွင် ကျွင်းရှောင်ယောက်က နဂါးနှစ်ကောင် တိုက်ခိုက်နေသည့် မြင်ကွင်းကိုကြည့်ကာ သဘောကျကာ ပြုံးလိုက်သည်။

မျှော်လင့်ထားသည့်အတိုင်းပင်၊ ဤခံစားချက်မျိုးက ကိုယ်တိုင်လှုပ်ရှားခြင်းထက် ပို၍ လန်းဆန်းစေသည်။

"အိုး၊ ဒီပွဲကိုကြည့်ရတာနဲ့ အမှိုက်တွေ ရှင်းဖို့တောင်

မေ့သွားတော့မယ်"

ကျွင်းရှောင်ယောက်က အိုကျန်းနှင့် တခြားသူများကို လှည့်ကြည့်လိုက်သည်။

သူ့လက်ကို တိုက်ရိုက် ဆန့်ထုတ်လိုက်သည်နှင့် ထာဝရအင်မော်တယ်အရိုး စွမ်းအားများဖြင့် ကမ္ဘာကြီးကို တုန်လှုပ်စေခဲ့သည်။

အိုကျန်းနှင့် အခြားလူများလည်း မျက်နှာအမူအရာ ရုတ်တရက် ပြောင်းလဲသွား၏။

တိုက်ကွက် အနည်းငယ်အတွင်း၌ ရှေးဟောင်းမော်မျိုးနွယ်မှ ပါရမီရှင် လဲကျသွားကာ ရှေးဦးဝိညာဉ်လည်း ပျောက်ကွယ်သွားတော့သည်။

အခြားမျိုးနွယ်စုကြီးသုံးစုမှ သတ္တဝါများသည်လည်း

အကုန်ပြုတ်လုနီးပါးဖြစ်ခဲ့သည်။

အိုကျန်းသာလျှင် အနက်ရောင်နဂါးအဖြစ်
ပြောင်းလဲပြီး အဝေးဆီသို့ ပြေးသွားခဲ့လေသည်။

ကျွင်းရှောင်ယောက်ကလည်း ဆက်မလိုက်တော့ဘဲ
လွှတ်လိုက်သည်။

ဤအခိုက်တွင် အဓိကဧရိယာတစ်ခုလုံးမှ
မီတာတစ်သောင်းရှိ ရေကန်လေးခုစလုံး
တစ်ချိန်တည်းတွင် တုန်လှုပ်သွားခဲ့သည်။

ရေများက ပွက်ပွက်ဆူနေပြီး
ရေကန်မျက်နှာပြင်ပေါ်တွင်လည်း ပြင်းထန်သော
လှိုင်းလုံးများ ရှိလာခဲ့၏။

မီးတောင်ပေါက်ကွဲတော့မည့်ကဲ့သို့
အခိုးအငွေ့များကလည်း
တဟုန်းဟုန်းတောက်နေတော့သည်။

"စပြီ......"

ကျွင်းရှောင်ယောက်၏ မျက်လုံးများက
အရောင်လက်သွားကာ ပတ်ဝမ်းကျင်ကို
အေးစက်စက်ဖြင့် ကြည့်လိုက်သည်။

"ဒီတာအိုရေကန် လေးခုစလုံးကို ကျွင်းမိသားစုက
ပိုင်တယ်။ အခွင့်အရေးအတွက်
တိုက်ပွဲဝင်ဝံ့သူတိုင်းကို ဒီနတ်ဘုရားသားတော်က
ခြွင်းချက်မရှိ သတ်မယ်"

ကျွင်းရှောင်ယောက်၏ စကားများက ကောင်းကင်မှ
ကျဆင်းလာသော ရေခဲများကဲ့သို့ နေရာပေါင်းစုံမှ

သတ္တဝါများကို ကျောရိုးထဲထိ
အေးစိမ့်သွားစေခဲ့သည်။

ယခင်က ကျွင်းရှောင်ယောက်၏
လှုပ်ရှားမှုများကြောင့်လည်း အများကြီးပြောနေစရာ
မလိုတော့ပေ။

ရိုးရှင်းသော စကားတစ်ခွန်းက အပြည့်အဝ
အဟန့်အတားသက်ရောက်မှုရှိသည်။

အခွင့်အလမ်းက ကောင်းသော်လည်း ရအောင်ယူရန်
ကိုယ့်အသက်ကို ရင်းရပေလိမ့်မည်။

ပြင်ပကမ္ဘာ၏ ပါရမီရှင်များ သို့မဟုတ်
ရှန်းကုသတ္တဝါများပင်ဖြစ်စေ၊ သူတို့အားလုံး
ဆုတ်ခွာသွားကြသည်။

လုံအိုထျန်းနှင့် မင်းသမီးလုံကျိတို့လည်း တိုက်ပွဲကို ခေတ္တရပ်လိုက်ကြလေသည်။

"မင်းက အရှုးမိန်းမပဲ"

လုံအိုထျန်း၏ အမူအရာက အရုပ်ဆိုးသွားသည်။

သူရည်ရွယ်ထားသော အဓိကမိန်းမက သူ၏ရန်သူ ဖြစ်လာခဲ့လေသည်။

လုံအိုထျန်း ၎င်းကို အလွန်မုန်းတီးမိသည်။

သူသည် မင်းသမီးလုံကျိ၏ သစ္စာဖောက်မှုကို မုန်းတီးပြီး သူ့ကိုလျစ်လျူရှုခဲ့သော ကျွင်းရှောင်ယောက်ကိုတော့

ပို၍ပင်မုန်းတီးသွားခဲ့သည်။

"နင်တို့ ခွေးစုံတွဲကလည်း ငါ့ကို
လျှို့ဝှက်ကြံစည်ဝံ့တယ်"
မင်းသမီးလုံကျိုက အေးစက်စက်ဖြင့် ပြောလိုက်၏။

အိုလွမ်က အေးစက်စွာ ပြောသည်။
"ဒီကိစ္စကို ငါမှတ်ထားတယ်။ ငါ့ဝမ်းကွဲက
နဂါးမျိုးနွယ်ရဲ့ မင်းသားပဲ။ ငါ့ကို စော်ကားပြီးရင်
နောင်အခါ ရှန်းကုကမ္ဘာမှာ နင့်အတွက်
နေရာမရှိတော့ဘူး"

အိုလွမ်၏ စကားကိုကြားတော့ မင်းသမီးလုံကျို၏
နှလုံးသားမှာ ပို၍ပင် အေးစက်လာသည်။

နှစ်ဘက်ကြားမှ အမုန်းပွားမှုက အထွတ်အထိပ်သို့ ရောက်ရှိနေကြောင်း သိသာထင်ရှားလှပေသည်။

လုံအိုထျန်းက အိုလွမ်ကို ဆက်လက်ကာကွယ်နေသရွေ့ မင်းသမီးလုံကျိနှင့် သင့်မြတ်ရန် မဖြစ်နိုင်တော့ဘဲ အပြည့်အဝရန်သူများ ဖြစ်လာမည်ဖြစ်သည်။

ဤအခိုက်တွင် မီတာတစ်သောင်းရှိသော ရေကန်လေးခုက တစ်ပြိုင်နက်တည်း ပေါက်ကွဲသွားသည်။

မီးတောင်ပေါက်ကွဲသည့်နှယ် ရေကန်လေးကန်က လှိုင်းထလာပြီး ရေကြောင်းများကလည်း ကောင်းကင်ကို ထိုးတက်သွား၏။

ထိုမြင်ကွင်းက မြေပြင်မှ ကောင်းကင်ဆီသို့ ပြေးတက်သွားကြသည့် ကောင်းကင်ထောက်တိုင်လေးခုနှင့်ပင် တူတော့သည်။

မီးတောင်ပေါက်ကွဲသည်နှင့် တပြိုင်နက် အခွင့်အလမ်းများစွာကလည်း ရေတန်းများနှင့်အတူ ပေါက်ထွက်လာခဲ့သည်။

မီတာတစ်သောင်းရှိသော ရေကန်များက ရှေးအကျဆုံး တာအိုရေကန်များဖြစ်ပေရာ အခွင့်အလမ်းကလည်း သဘာဝအတိုင်း အကြီးကျယ်ဆုံးပင်။

လူတိုင်းက အံ့ဩစိတ်ဖြင့် စောင့်ကြည့်နေချိန် ထူထဲသော ရေတန်းများနှင့်အတူ အလင်းရောင်များ ဖြာထွက်လာသည်။

"ဘုရားရေ၊ တာအိုအရင်းအမြစ်၊ အားလုံးက တာအိုအရင်းအမြစ်တွေပဲ"

ဤမြင်ကွင်းကို မြင်ရသူတိုင်း မျက်လုံးများ ပြူးကျယ်လာပြီး အသက်ရှူမဝသကဲ့သို့ ဖြစ်ကုန်သည်။

တာအိုအရင်းအမြစ်သည် ရှန်းကုကမ္ဘာ၌ပင် အလွန်ရှားပါး၏။

ယခင်က လဲ့မင်ယွမ်သာ တာအိုအရင်းအမြစ် ငါးခုအတွက် အခြားပါရမီရှင်များနှင့် အသေခံတိုက်ခိုက်ခဲ့ရသည်။

ယခုမူ၊ ကနဦး မီးတောင်ပေါက်ကွဲရုံမျှဖြင့်

တာအိုအရင်းအမြစ်များ ရာနှင့်ချီပြီး ထွက်ပေါ်လာခဲ့ပြီ
ဖြစ်သည်။

အားလုံး၏ မျက်လုံးများလည်း
ချက်ချင်းနီရဲသွားလေသည်။

ကျွင်းရှောင်ယောက်၏ မျက်လုံးများလည်း
တောက်ပသွားခဲ့သည်။

ဤတာအိုအရင်းအမြစ်များဖြင့် နောက်ဆုံးတွင်
ထာဝရအင်မော်တယ်ခန္ဓာကို လေ့ကျင့်နိုင်တော့မည်။

--------

အခန်း ( ၄၂၀ ) ပြီးပါပြီ။